# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရ သကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် | ၂၀၁၉ ခုနှစ်၊ ဧပြီ ၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၁၈၄)






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောင်းမြတံတားသစ် ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောင်းမြတံတားဖွင့်ပွဲတက်ရောက်

**ပုသိမ် ဧပြီ ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသု၊ ဒေါက်တာအောင်သူနှင့် ဦးအုန်းဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ပုသိမ်မြို့လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑



မြောင်းမြတံတားသစ်ကို တွေ့ရစဉ်။




မြန်မာ့အလင်း

# နှစ်ဦးနှစ်ဖက် တာဝန်သိသိ

မိမိတို့ နိုင်ငံသူ နိုင်ငံသားများ (တစ်နည်းအားဖြင့်) ပြည်သူများ၏ အလိုလားဆုံးဆန္ဒများကို ဖော်ထုတ်ကြည့်လျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့က ထိပ်ဆုံးမှ ဖြစ်လိမ့်မည်ဟု ယုံကြည်မိသည်။ ယင်းအလိုဆန္ဒများ၏ တစ်ခုချင်းစီသည်ပင်လျှင် ကြီးမား ကျယ်ပြန့်သလောက် နက်နဲသိမ်မွေ့ရှုပ်ထွေးလှသည်လည်း ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟူသော လိုလားချက်ကို ဖော်ဆောင်မည်ဆိုလျှင်ပင် အရင်းအနှီးချို့တဲ့ခြင်း၊ နည်းပညာအဆင့်အတန်း နိမ့်ကျခြင်း စသည့် အခက်အခဲများအပြင် တစ်ဖက်တွင်လည်း မဖွံ့ဖြိုးမတိုးတက်သည့် အခြေအနေအရပ်ရပ်အောက်တွင် ဆယ်စုနှစ်၊ ရာစုနှစ်များနှင့်ချီ၍ နေထိုင်လာခဲ့ကြရသည့် လူ့အဖွဲ့အစည်းအတွင်းမှ လူမှုထုံးဓလေ့များ၊ အတွေးအခေါ်များ၊ သဘောထားအမြင်များ၊ တန်ဖိုးထားရှိမှုစံနှုန်းများ စသည်တို့တွင်လည်း ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေနိုင်သည့် အတားအဆီးများရှိနေနိုင်ကြောင်း ပညာရှင်များက ဖော်ပြခဲ့ကြသည်။ ပြည်ပနိုင်ငံများနှင့် ယှဉ်ပြိုင်ရာတွင်လည်း ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအဖို့ "ကျားသနားမှ နွားချမ်းသာရ"သည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ရကာ အကဲမသာ၊ အခွင့်အလမ်းကင်းမဲ့သည့်ဘဝသို့ ကျရောက်ကြရပြန်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အထက်ဖော်ပြပါ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရပြီး "ဆင်းရဲပြီး ဆင်းရဲ၊ နိမ့်ကျပြီး နိမ့်ကျ"ရသည့် အဆိုးကျော့စက်ဝန်းထဲတွင် ကရွတ်ကင်းလျှောက်ပိတ်မိကာ ဖွံ့ဖြိုးတိုးတက်ရေး လမ်းမှန်ပေါ် မရောက်နိုင်သည့် အဖြစ်မျိုးနှင့်လည်း ကြုံကြရကြောင်း ကမ္ဘာ့နိုင်ငံအချို့ကို သုတေသီတို့က ဥပမာအဖြစ် ထောက်ပြကြသည်။ ယင်းကဲ့သို့သော သံသရာမှ ရုန်းထွက်ရန်မှာလည်း သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေးနယ်ပယ်မှာသာ အဖြေရှာကြရမည်ဖြစ်သည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရင်းအနှီးလိုအပ်ချက်၊ နည်းပညာလိုအပ်ချက် စသည်တို့ထက် နိုင်ငံနေပြည်သူတို့၏ စိတ်ဓာတ်ခွန်အားကသာ ပဓာနအကျဆုံးဖြစ်ခြင်းကြောင့် ဖြစ်သည်။

သမိုင်း၏ ဆိုးမွေများကြောင့် ခေတ်နောက်ကျနေသည့် နိုင်ငံတစ်နိုင်ငံတွင် အပြောင်းအလဲများဖြစ်ပေါ်လာအောင် စွမ်းအားစိုက်ထုတ် လုပ်ဆောင်မည့်သူများမှာ ယင်းနိုင်ငံမှ ပြည်သူများဖြစ်သည်။ သို့ရာတွင် ငြိမ်သက်နေသည့် အများစုကြီး **(Passive Majority)** ကို လှုပ်နှိုး၍ လမ်းမှန် ကမ်းမှန်ပေါ်ရောက်ရှိအောင် ဦးဆောင်ဦးရွက်ပြုသူ ခေါင်းဆောင်များ **(Active Minority)** သည်လည်း အခရာကျပြီး အဆိုပါ အင်အားစုနှစ်ရပ် (တစ်နည်းအားဖြင့်) ပြည်သူနှင့် အစိုးရတို့၏အကြား အပြန်အလှန် နားလည်မှုနှင့် တာဝန်ရှိမှုတို့က မရှိမဖြစ်လိုအပ်သော အခြေအနေ တစ်ရပ်ပင်ဖြစ်သည်။

"ကျွန်မတို့နိုင်ငံ တိုးတက်ဖို့ဆိုတာ အဓိကအားဖြင့် ပြည်သူမှာ တာဝန်ရှိပါတယ်။ အထူးသဖြင့် ဒီမိုကရေစီစနစ်ကို သွားနေပြီဆိုရင် ပြည်သူမှာ တာဝန်ရှိတယ်။ မှန်ကန်တဲ့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေကို ရွေးချယ်တင်မြှောက်ရမယ်။ ဒါမှ ကိုယ့်ကို လေးစားမယ့်၊ ကိုယ့်ကိုထောက်ထားမယ့် အစိုးရတစ်ခုကနေပြီး နိုင်ငံတာဝန်ကိုယူမှာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ နှစ်ဦးနှစ်ဖက်ကနေပြီးတော့ တာဝန်သိသိနဲ့ လုပ်ဆောင်သွားရင် ကျွန်မတို့ဟာ စိန်ခေါ်မှုမှန်သမျှကို ကျော်လွှားရင်ဆိုင်နိုင်ပြီး စိန်ခေါ်မှုတွေဟာ အခွင့်အရေးတွေ ဖြစ်သွားမယ်လို့ သေသေချာချာ စွဲစွဲမြဲမြဲ ယုံကြည်ပါတယ်"ဟူ၍ ပြောကြားခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အထက်ပါအဆိုအမိန့်သည်လည်း အစိုးရနှင့်ပြည်သူတို့ကြားမှ အဆက်အစပ်ကိုလည်းကောင်း၊ အပြန်အလှန် နားလည်မှုနှင့် လေးစားမှုတို့ကိုလည်းကောင်း၊ ကိုယ်စီတာဝန်ရှိမှုတို့ကို လည်းကောင်း ညွှန်ပြလျက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာန အကျဆုံး လိုအပ်ချက်ပင်ဖြစ်ပါကြောင်း။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**



# ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် ပြည်သူ့ရင်ပြင်၌ ကျင်းပ

**ရန်ကုန် မေ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကို ယနေ့ည ၇ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်ရိပ်အောက်ရှိ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ငြိမ်းချမ်းရေးဓမ္မသဘင်ပွဲတွင် ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသက တရားဒေသနာတော်များ ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင်သူတော်စင်များက တရားတော်ကို ရိုသေစွာနာယူ ကြည်ညိုကြသည်။

ဓမ္မသဘင် မစတင်မီ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးအတွက် အလှူတော်ငွေများအား အလှူရှင်များက ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ငြိမ်းချမ်းရေးဓမ္မသဘင်ကို မေ ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မေ ၂ ရက်နေ့တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊ မေ ၃ ရက်တွင် တောင်စွန်းဆရာတော် ဓမ္မဘေရီအရှင်ဝီရိယ၊ မေ ၄ ရက်တွင် ရွှေပါရမီတောရ ဆရာတော်အရှင်ဆန္ဒာဓိက၊ မေ ၅ ရက်တွင် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာ အရှင်ဓမ္မသာမိ စသည့်ဆရာတော်ကြီးများက တရားအလှူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဉာဏ်တော်အမြင့် ၆ ပေ၊ အလျား ၅ ပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူနှင့် ဉာဏ်တော်အမြင့် သုံးပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတို့အား ရဟန်းရှင်လူပြည်သူအများ ကုသိုလ်ယူ ပူဇော်နိုင်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မေတ္တာရိပ်အောက်တွင် မေ ၁ ရက်မှ ၁၈ ရက်ထိ ရင်ငွေ့တော်လှုံ အပူဇော်ခံလျက်ရှိရာ ယနေ့တွင် ရဟန်းရှင်လူပြည်သူအများက လာရောက်ဖူးမြော်ကြည်ညိုလျက် စေတီတော်ကြီး တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဝတ်အသင်းအဖွဲ့များကလည်း ဝတ်ရွတ်ပူဇော် ကုသိုလ်ယူလျက်ရှိသည်။

**သတင်းစဉ်**

# အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသာဦးတက်ရောက်

**နေပြည်တော် မေ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးသည် အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်၍ ASEAN ICT Master Plan ၂၀၂၅ ပြုစုရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒစ်ဂျစ်တယ် အချက်အလက်များ ကာကွယ်ရေးနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဒစ်ဂျစ်တယ် လူမှုစီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိကနှင့် အစိုးရအဖွဲ့အစည်းများ ပိုမိုပူးပေါင်းပါဝင်လာနိုင်စေရေးအတွက် ထိရောက်သော ဒစ်ဂျစ်တယ် အီကိုစနစ်တစ်ခု ပေါ်ပေါက်လာစေရေးနှင့် အခြားသော ကဏ္ဍများတွင် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှု ပိုမိုတွင်ကျယ်လာစေရေး အတွက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာဝန်ကြီးများက ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသည် အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးများ၏ ပထမဆုံးအကြိမ် အလွတ်သဘော ဆွေးနွေးပွဲဖြစ်ပြီး ထိုင်းနိုင်ငံ ဖူးခက်မြို့တွင် ၂၀၁၉ ခုနှစ် မတ် ၂၈ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ခြင်း ဖြစ်သည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ကျင်းပသော အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်လာသော ဝန်ကြီးများကို တွေ့ရစဉ်။

အစည်းအဝေးတွင် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ် စီးပွားရေး၊ စတုတ္ထမြောက် စက်မှုနည်းပညာ တော်လှန်ရေးနှင့် ကဏ္ဍပေါင်းစုံညှိနှိုင်းဆောင်ရွက်ရေးအတွက် ထိရောက်သော နည်းလမ်းနှင့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေး အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) နှင့် ဆွေးနွေးဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံက ဆောင်ရွက်ပေးမည့် အာဆီယံ ဒစ်ဂျစ်တယ် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုနှင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ASEAN Public Private Forum on Digital Economy တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် "ASEAN Smart Cities Conference and Exhibition" နှင့် စပ်လျဉ်း၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆိုက်ဘာလုံခြုံရေး ကိစ္စရပ်များသည် နယ်မြေကဏ္ဍ စည်းခြားမှု မရှိသည့်အတွက် နိုင်ငံအသီးသီးအလိုက် သော်လည်းကောင်း၊ ဒေသတွင်းအနေဖြင့် သော်လည်းကောင်း သက်ဆိုင်သော ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်စွာ ဆောင်ရွက်သွားနိုင်ရေး လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးခဲ့ကြပြီး ယနေ့အလွတ်သဘော ဆွေးနွေးမှုများအပေါ် အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောင်းမြတံတားဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောင်းမြတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာစဉ်။ သတင်းစဉ်

❏ *ရှေ့ဖုံးမှ*

ထို့နောက်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် မြောင်းမြသို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ယာယီမဏ္ဍပ်သို့ရောက်ရှိ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြောင်းမြတံတားဖွင့်ပွဲအခမ်းအနားကျင်းပမည့် ယာယီမဏ္ဍပ်သို့ရောက်ရှိကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုအခမ်းအနားကို တက်ရောက်လာကြတဲ့ ပြည်သူပြည်သားအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။

"မြောင်းမြကြိုးတံတားဟောင်းဟာ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကြံ့ခိုင်မှု အားနည်းပြီး ကျိုးကျခဲ့တဲ့အတွက် မနှစ်ကဒီအချိန်မှာ ဒေသခံပြည်သူများအတွက် စိတ်ထိခိုက်စရာ၊ ဝမ်းနည်းစရာများ ဖြစ်ပေါ်ခဲ့ရပါတယ်။ အခုတစ်နှစ်ပြည့်ခဲ့ပြီးနောက်မှာတော့ ဒေသခံများ မျှော်လင့်တောင့်တခဲ့တဲ့ မြောင်းမြတံတားသစ်ကြီးပြီးစီးလို့ ဖွင့်လှစ်အသုံးပြုနိုင်ပါပြီ။ မြောင်းမြတံတားကြီးကတော့ ကြံ့ခိုင်၊ စိတ်ချရတဲ့အနေအထားရှိနေပြီဖြစ်ပေမယ့် ဧရာဝတီတိုင်းဒေသကြီးအတွင်းက ကြံ့ခိုင်မှုအားနည်းနေတဲ့ တံတားတွေ ရှိနေပါသေးတယ်။ ကြိုးတံတားများဖြစ်တဲ့ လပွတ္တာ(ပင်လယ်လေး)တံတား၊ ဝါးခယ်မတံတား၊ ရွှေလောင်းတံတားတွေကိုလည်း မြောင်းမြတံတားသစ်ကြီးလို ခံနိုင်ရည်အားကောင်းတဲ့ Steel Box Girder တံတားများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိလို့ ယာယီအခက်အခဲများနဲ့ အဆင်မပြေမှုများရှိခဲ့ရင်လည်း သည်းခံပေးကြပါလို့ ပြည်သူလူထုကို မေတ္တာရပ်ခံချင်ပါတယ်။ တည်ဆောက်ပြီး လမ်း၊ တံတားများကို ရေရှည်ခိုင်ခံ့ဖို့ ဒေသခံများက ဝိုင်းဝန်းကူညီထိန်းသိမ်းစောင့်ရှောက်ပေးကြပါလို့လည်း တိုက်တွန်းမှာကြားလိုပါတယ်။

**ဦးစားပေးဆောင်ရွက်နေ**

"ကျွန်မတို့ဟာ တည်ဆောက်ရုံနဲ့မလုံလောက်ပါဘူး။ ဆက်ပြီးတော့ ထိန်းသိမ်းဖို့ အင်မတန်မှအရေးကြီးပါတယ်။ ပြည်သူပြည်သားများ အားလုံးဟာ တစ်ဦးချင်း တစ်ဦးချင်းကနေ ကိုယ့်ရဲ့တာဝန်လို့ နှလုံးထဲမှာထားပြီး ကူညီပေးစေချင်ပါတယ်။ အခုလို လမ်း၊ တံတားတွေဟာ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံအကျဆုံး အချက်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (၂၀၁၈-၂၀၃၀)မှာ ချမှတ်ထားတဲ့ သာယာဝပြောမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမဏ္ဍိုင်ရဲ့ မဟာဗျူဟာတွေထဲမှာလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနဲ့ စီးပွားရေးလုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးမယ့် ဦးစားပေးအခြေခံအဆောက်အအုံများ တည်ဆောက်ရေးဆိုပြီး မျှော်မှန်းချက်၊ ရည်မှန်းချက်တွေ ထည့်သွင်းချမှတ်ကြိုးပမ်းလျက်ရှိပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း အပါအဝင်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေတာ ဖြစ်ပါတယ်။

"ဧရာဝတီတိုင်းဒေသကြီးဟာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်တာနဲ့အညီ မြစ် / ချောင်းများပေါများပြီး မြေဆီသြဇာကောင်းမွန်တာကြောင့် စိုက်ပျိုးရေးလုပ်ငန်းကောင်းမွန်တဲ့အပြင် ရေထွက်သယံဇာတတွေလည်း ပေါကြွယ်ဝပါတယ်။ ရှေးယခင်ကာလက ခရီးသွားလာရေးမှာ ရေလမ်းကြောင်းကိုပဲ အဓိကအားပြုနေခဲ့ရပေမယ့် အခုဆိုရင် ကုန်းလမ်းကြောင်းမှာ လမ်းကွန်ရက်တွေများစွာနဲ့ အချိန်တိုအတွင်း ပြည်နယ်နဲ့တိုင်းအသီးသီးကို ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးရဲ့မြို့တော်ပုသိမ်နဲ့ ရန်ကုန်ကိုလေကြောင်းလိုင်းနဲ့လည်း ပို့ဆောင်ပေးနေတဲ့အတွက် ပိုမို အဆင်ပြေလွယ်ကူစွာသွားလာနိုင်ပြီး ပြည်သူများအတွက် အခက်ခဲတွေဟာ နည်းပါးသွားပါတယ်။ ဒီလိုလမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလွယ်ကူလာတာနဲ့အမျှ ကုန်စည်ပို့ဆောင်ရေးပိုမိုလွယ်ကူမြန်ဆန်လာပြီး စီးပွားရေးလုပ်ငန်းတွေ ပိုမိုတိုးတက်လာမှာဖြစ်သလို ဧရာဝတီတိုင်းဒေသကြီးအတွင်းက သဘာဝအတိုင်း နီးပါးရှိသေးတဲ့ လုပတဲ့ပင်လယ်ကမ်းခြေတွေကိုလည်း ပြည်တွင်း / ပြည်ပခရီးသွားတွေ ပိုမိုလာရောက်ကြမှာဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူဖြစ်စေနိုင်ပါတယ်။

"နိုင်ငံတော်အစိုးရက အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ အကန့်အသတ်နဲ့သာရှိတဲ့ ရင်းမြစ်တွေကို သုံးရကျိုးနပ်အောင်၊ အလေအလွင့်အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြဖို့လိုပါတယ်။ ဌာနအသီးသီးအနေနဲ့ တင်ဒါလုပ်ထုံးလုပ်နည်းညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်ကြဖို့၊ သတ်မှတ်အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြဖို့ အထူးမှာကြားလိုပါတယ်။

**ပူးပေါင်းဆောင်ရွက်**

"နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ ပြည်သူများရဲ့ တက်ကြွတဲ့ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိမှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ခေတ်ဟောင်းစနစ်ဟောင်းတစ်ခုကနေ ဒီခေတ်ရဲ့ လိုအပ်ချက်၊ ပြည်သူတွေရဲ့မျှော်လင့်ချက်တွေနဲ့ ကိုက်ညီတဲ့ စနစ်သစ်တစ်ခုကို ပြောင်းလဲတဲ့နေရာမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရမှာ သဘာဝပဲဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကသာ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ဘယ်လိုအတားအဆီးတွေ၊ စိန်ခေါ်မှုတွေကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာလည်း ဧရာဝတီတိုင်းအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများအနေနဲ့ ပူးပေါင်းဆောင်ရွက်ကြစေလိုပါတယ်။

"မြောင်းမြတံတားသစ်ကြီးကို ရည်မှန်းထားတဲ့အတိုင်း အချိန်(၁)နှစ်တာကာလအတွင်း ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့တဲ့ အလုပ်သမားများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကာယဉာဏဝန်ထမ်းများနဲ့ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပံ့ပိုးကူညီတဲ့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများကို နိုင်ငံတော်အစိုးရက ကျေးဇူးအထူးတင်ရှိပါတယ်။

**ပြည်သူကိုပေးတဲ့ကတိတွေတည်ဖို့**

"နိဂုံးချုပ်အနေဖြင့် ကျွန်မအတွက် မြောင်းမြတံတားဟာ အထူးအရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။ မြောင်းမြတံတားပျက်သွားတုန်းကလည်း လာကြည့်ခဲ့ပါတယ်။ အလုပ်တစ်ခုဟာ စပြီဆိုရင် ဆုံးခန်းတိုင်အောင် အောင်မြင်အောင် လုပ်ဖို့ဟာ ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်။ အဲဒီတုန်းက အမြန်ဆုံး ဒီတံတားကို တည်ဆောက်ပေးပါမယ်လို့ ပြည်သူကို ကတိကဝတ်ပေးခဲ့ပါတယ်။ ဒါဟာလည်း အင်မတန်အရေးကြီးပါတယ်။ အုပ်ချုပ်ရေးယန္တရားကို တာဝန်ယူတဲ့အဖွဲ့အစည်းတစ်ခုဟာ ပြည်သူကိုပေးတဲ့ကတိတွေ တည်ဖို့ဆိုတာဟာ အင်မတန်မှကို အရေးကြီးပါတယ်။

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက မြောင်းမြတံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

**စာမျက်နှာ ၃ မှ**

ပြည်သူနဲ့အစိုးရကြားမှာ ယုံကြည်မှုရှိဖို့ တစ်ဦးနဲ့တစ်ဦး ယုံကြည်ဖို့၊ လေးစားဖို့ဆိုရင် နှစ်ဖက်စလုံးက ကိုယ့်တာဝန်ကို ကျေပြီးတော့ ကိုယ့်အခွင့်အရေးကိုလည်း စောင့်ရှောက်နိုင်ရပါမယ်။ အစိုးရတာဝန်တစ်ခုဟာ ပြည်သူလူထုတွေကို ပေးထားတဲ့ ကတိကိုတည်ဖို့ပဲဖြစ်ပါတယ်။ ပေးထား တဲ့ကတိအတိုင်း ဒီနေ့မှာ ဒီတံတားဖွင့်နိုင်တာကို အင်မတန်မှ ဝမ်းသာပါတယ်။

**အစဉ်အလာကောင်းတွေကို ထိန်းသိမ်း**

"ကျွန်မတို့ ငယ်ငယ်ကတည်းက မြောင်းမြမြို့နဲ့ နတ်မောက်မြို့ဆိုတာသိခဲ့ပါတယ်။ အထူးသံယောဇဉ်ရှိတဲ့မြို့လို့ ပြောမယ်ဆိုရင် တခြားမြို့တွေက နားလည်ခွင့်လွှတ်မယ်လို့ ထင်ပါတယ်။ အထူးတာဝန်ရှိတဲ့အတိုင်းပဲ အင်မတန်မှ တိုးတက်စေချင်ပါတယ်။ မြောင်းမြမြို့ဟာ ဧရာဝတီတိုင်းမှာ အတိုးတက်ဆုံး၊ ခေတ်အမီဆုံး၊ အတော်ဆုံးပဲလို့ ပြောကြပါတယ်။ ဒါကတော့ မြောင်းမြဒေသခံတွေက ပြောတာဖြစ်ပါတယ်။ တခြားမြို့ရဲ့ ဒေသခံတွေက တစ်မျိုးပြောရင် ပြောမှာပါ။ ပခုက္ကူ ဆရာတော်ကြီးရဲ့ မိန့်ကြားခဲ့တဲ့ ဩဝါဒထဲမှာဆိုရင် မြှောက်တိုင်းလည်း မမြှောက်နဲ့ မမြှောက်ဘဲနဲ့လည်းမနေနဲ့တဲ့ဆိုတဲ့စကားကို သွားပြီးတော့ သတိရပါတယ်။ မြောင်းမြပြည်သူပြည်သားများက မြှောက်တိုင်းမမြှောက်ပေမယ့်လည်း မမြှောက်ဘဲတော့မနေပါနဲ့ ကိုယ်ထိန်းသိမ်းရမယ့် အစဉ်အလာကောင်းတွေကို ထပ်ပြီးတော့ ထိန်းသိမ်းသွားပါလို့ တိုက်တွန်းချင်ပါတယ်။

**တစိုက်မတ်မတ်ကြိုးစားပေး**

"ကျွန်မတို့နိုင်ငံ တိုးတက်ဖို့ဆိုတာ အဓိကအားဖြင့် ပြည်သူမှာ တာဝန်ရှိပါတယ်။ အထူးသဖြင့် ဒီမိုကရေစီစနစ်ကို သွားနေပြီဆိုရင် ပြည်သူမှာတာဝန်ရှိတယ်။ မှန်ကန်တဲ့အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေကို ရွေးချယ်တင်မြှောက်ရမယ်။ ဒါမှကိုယ့်ကိုလေးစားမယ့်၊ ကိုယ့်ကိုထောက်ထားမယ့် အစိုးရတစ်ခုကနေပြီး နိုင်ငံတာဝန်ကို ယူမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း ပြည်သူတွေရဲ့မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ နှစ်ဦးနှစ်ဖက်ကနေပြီးတော့ တာဝန်သိသိနဲ့ လုပ်ဆောင်သွားရင် ကျွန်မတို့ဟာ စိန်ခေါ်မှုမှန်သမျှကို ကျော်လွှားရင်ဆိုင်နိုင်ပြီး စိန်ခေါ်မှုတွေဟာ အခွင့်အရေးတွေ ဖြစ်သွားမယ်လို့ သေသေချာချာစွဲစွဲမြဲမြဲ ယုံကြည်ပါတယ်။ ဒီအတိုင်းပဲ ပြည်သူလူထုကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီးတော့ ကိုယ့်ရဲ့အင်အားကို အားကိုးပြီးတော့ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက်ကို တစိုက်မတ်မတ်ကြိုးစားပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က တံတားတည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူ စဝေလွင်မိုးက တံတားတည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မြောင်းမြတံတားသစ် မုခ်ဦးသို့ရောက်ရှိကြပြီး တံတားသစ်အား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးဝန်ကြီး ဦးဝင်းဌေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တံတားသစ်ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တံတားသစ်ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မော်တော်ယာဉ်ဖြင့် မြောင်းမြတံတားသစ်အား ဖြတ်သန်းကြည့်ရှုသည်။

**အခြေအနေများကို တွေ့ဆုံမေးမြန်း**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြောင်းမြတံတားသစ်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုပ်သားများနှင့်တွေ့ဆုံပြီး လုပ်သားများ နိုင်ငံသားစိစစ်ရေးကတ်ရရှိမှုအခြေအနေ၊ လုပ်သားမိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အခြေအနေများကို တွေ့ဆုံမေးမြန်းသည်။

ရွှေမြစ်ကူး မြောင်းမြတံတားဟောင်းကို ၁၉၉၄ ခုနှစ် မတ် ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၆ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်အသုံးပြုခဲ့ရာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ကျိုးကျပျက်စီးခဲ့သည်။ ယခု မြောင်းမြတံတားအသစ်ကို ၂၀၁၇ ခုနှစ် မေ ၁ ရက်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် မတ် ၃၀ ရက်တွင် တည်ဆောက်ပြီးစီးကာ ယနေ့ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ တံတားသည် Steel Truss Deck Type သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအရှည် မီတာ ၈၃၀ ( ၂၇၂၃ ဒသမ ၂၃ )ပေ ရှိကြောင်း ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ (၂၈) ပေ နှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိကြောင်း၊ ယာဉ်တစ်စီးချင်းယာဉ်နှင့် ကုန်အပါ ဝင် ၇၅ တန် (အလေးချိန် Hs 25 Load Class ) တင်ဆောင်ဖြတ်သန်းခွင့်ပြုကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ရွှေလျားစာကြည့်တိုက်လုပ်ငန်းများ၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် ကလေးစာဖတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

***စာမျက်နှာ ၅ သို့***




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုသိမ်မြို့မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။** ဓာတ်ပုံ-ဘိုဘို

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

**ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေ အကျိုးအတွက် ပူးပေါင်း ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်း ပြောကြားလိုပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တရားဥပဒေစိုးမိုးရေးဆိုတာ အလိုအပ်ဆုံးအရာ

**ပြည်သူလူထုဟာ ကိုယ့်နိုင်ငံမှာရှိနေတဲ့ ဥပဒေတွေဟာ တရားတဲ့ဥပဒေတွေလား၊ ဒီဥပဒေတွေဟာ၊ ဒီတရားဥပဒေတွေဟာ စိုးမိုးနေရဲ့လား၊ တရားဥပဒေစိုးမိုးရေးဆိုတာ ရှိရဲ့လား။ အင်မတန်မှ လှပကောင်းမွန်တဲ့ တရားဥပဒေတွေကို စာအုပ်ကြီးထဲမှာထားပြီးတော့ ပြည်သူတွေရဲ့ဘဝတွေအပေါ်မှာ သက်ရောက်မှုရှိအောင် မလုပ်နိုင်ဘူးဆိုရင် တရားဥပဒေစိုးမိုးရေးရှိတယ်လို့ ပြောလို့မရပါဘူး။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရဟာ အစကတည်းက တရားဥပဒေစိုးမိုးရေးဆိုတာ အလိုအပ်ဆုံးအရာဆိုပြီး၊ ကျွန်မတို့တင်ပြပြီးတော့ ရွေးကောက်ပွဲမှာ ဝင်ခဲ့တာဖြစ်ပါတယ်။**

(၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**စာမျက်နှာ ၄ မှ**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် မြောင်းမြမြို့မှ ကျောင်းကုန်းမြို့သို့ ရောက်ရှိကြပြီး ကျောင်းကုန်းမြို့နယ် အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**အရေးကြီးဆုံးမှာ စိတ်ဓာတ်ဖြစ်**

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံသည် ပတ်ဝန်းကျင်ရှိနိုင်ငံများနှင့်စာလျှင် ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျ ကျန်နေခဲ့ပါကြောင်း၊ ကျောင်းကုန်းမြို့ ပြည်သူပြည်သားများနှင့် ရောဝတီတိုင်းမှ ပြည်သူ ပြည်သားများ သိပြီးဖြစ်ပါကြောင်း၊ ခက်ခဲသည့်အချိန်ကို ကျော်ဖြတ်ရမည့်အချိန်တွင် အရေးကြီးဆုံးမှာ စိတ်ဓာတ်ဖြစ်ပြီး ယင်းစိတ်ဓာတ်ဖြင့် ကျော်လွှားရမည်ဖြစ်ကြောင်း၊ မိမိတို့ ယခုလို လုပ်ဆောင်သည့်အခါ စိတ်ထားခိုင်သကဲ့သို့ ပစ္စုပ္ပန်ကို တည့်တည့်ရှုပြီး ကိုယ်တတ်နိုင်သည်ကိုလုပ်ရန် စိတ်ဓာတ်က များစွာအရေးကြီးပါကြောင်း၊ မိမိကို နှစ်သစ်ကူးအချိန်က သတင်းဌာနတစ်ခုက မေးပါကြောင်း၊ နှစ်သစ်ကူးတွင် နိုင်ငံအတွက် ဘာဆုတောင်းသလဲဟုမေးရာ နိုင်ငံသူနိုင်ငံသား တစ်ဦးချင်းတစ်ယောက်ချင်း တာဝန်ကျေပါစေဟု မိမိပြောခဲ့ပါကြောင်း။

**အောင်မြင်အောင် လုပ်ရန်ဖြစ်**

နိုင်ငံသား ပြည်သူပြည်သားများထဲတွင် အစိုးရအဖွဲ့ဝင်များလည်း ပါပါကြောင်း၊ အစိုးရအဖွဲ့ဝင်များကအစ နိုင်ငံ၏ ဝန်ထမ်းများ၊ ပြည်သူပြည်သားများအားလုံး တာဝန်ကျေပါက နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် စိတ်ပူရမည်မဟုတ်ကြောင်း၊ တာဝန်ကျေသည့် အထဲတွင် ကလေးများ၊ ကျောင်းသူကျောင်းသားများလည်းပါဝင်ကြောင်း၊ မိမိကျောင်းနေသည့်အချိန်တွင် ကျောင်းသွားရခြင်း၏ ရည်ရွယ်ချက်ကို အောင်မြင်အောင် လုပ်ရန်ဖြစ်ပါကြောင်း။

ပညာရေးသည် အရေးကြီးပါကြောင်း၊ မိမိနိုင်ငံ၏ အနာဂတ်ကို ရင်ဆိုင်နိုင်ရန် အနာဂတ်တွင် ဖြစ်လာမည့် ကိစ္စမှန်သမျှကို ကျော်လွှားနိုင်ရန် ပညာရေးသည် အရေးကြီး၍ ဦးစားပေးပြီး လုပ်နေပါကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး ဘဏ္ဍာငွေကို မြှင့်တင်ထားပါကြောင်း၊ ပညာရေးစနစ်အောင်မြင်ရန် ကျောင်းသူ၊ ကျောင်းသားများသာမက ဆရာ၊ ဆရာမများနှင့်လည်း ဆိုင်ပါကြောင်း၊ မိမိတို့က သင်ယူနေသည့်သူမျိုးမဟုတ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောင်းကုန်းမြို့နယ် အားကစားခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ပါက ကလေးများကို သင်ယူနိုင်အောင်လည်း ပြသနိုင်မည်မဟုတ်ပါကြောင်း။

မိမိတို့ ကျောင်းကုန်း မရောက်ခင် မြောင်းမြကို ဝင်ခဲ့ပါကြောင်း၊ မြောင်းမြတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးတွဲပြီး လုပ်ဆောင်နေသည့် ရွေ့လျားစာကြည့်တိုက်ကို ကြည့်သည့်အခါတွင် စာအုပ်များကို လူထုက မည်မျှ စိတ်ဝင်တစားဖတ်သလဲဆိုသည်ကို လေ့လာရာ တော်တော်များများသည် စာအုပ်များကို လေ့လာလိုပြီး ဖတ်ချင်သည့်စိတ်များရှိပါကြောင်း၊ သို့သော် ဖတ်စရာစာအုပ်မရှိသည့်သူက အင်မတန်မှ များပါကြောင်း။

**ပုဂ္ဂလိကအပိုင်းက စိတ်ဝင်စားရန် လို**

ထို့ကြောင့် အစိုးရနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာတို့က ဖြည့်ဆည်းပေးရမည့် ကိစ္စဖြစ်ပါကြောင်း၊ စာအုပ်ထုတ်လုပ်ရေးနှင့် စာပေဖြန့်ဖြူးရေးကို ပုဂ္ဂလိကအပိုင်းက စိတ်ဝင်စားရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူပြည်သားများ လိုအပ်နေသည့် ဗဟုသုတများကို ဖြည့်တင်းပေးနိုင်မည်ဖြစ်ပါကြောင်း။

**ကျန်းမာရေးနှင့် ပညာရေးကို အလေးထား**

ထို့ပြင် ကျန်းမာရေးကို ပြည်သူများအတွက် အဓိကထားပါကြောင်း၊ ပညာရေးနည်းတူ ကျန်းမာရေးကဏ္ဍတွင် ဘဏ္ဍာငွေ တိုးတက်သုံးစွဲပါကြောင်း၊ ပြည်သူများသည်ပညာမည်မျှတတ်တတ် မကျန်းမာပါက မိမိ၏စွမ်းရည်နှင့် အရည်အချင်းများကို အပြည့်အဝသုံးနိုင်မည်မဟုတ်ပါကြောင်း၊ မိမိတို့က ကျန်းမာရေးနှင့် ပညာရေးကို အလေးထားပါကြောင်း၊ ပြည်သူများကလည်း အလေးထားပါကြောင်း၊ ပြည်သူများ ပိုပြီး အလေးထားသည့် ကိစ္စများမှာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ လယ်ယာမြေပိုင်ဆိုင်မှုပြဿနာများ ဖြေရှင်းရေးတို့ဖြစ်ပါကြောင်း။

တစ်တိုင်းပြည်လုံးတွင် လိုအပ်ချက်များသည် အတူတူပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အားလုံးသည် တစ်ရေတည်းသောက်ပြီး တစ်မြေတည်းနေရုံသာမက တစ်လှေထဲစီးနေသည့် ပြည်ထောင်စုသားများဖြစ်သည်ဆိုသည်ကို မမေ့စေလိုပါကြောင်း၊ မည်သည့် တိုင်းရင်းသားပင်ဖြစ်စေ၊ မည်သည့်ဘာသာစကားပင် ပြောပြော၊ **စာမျက်နှာ ၆ သို့**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုသိမ်မြို့ရှိ ဒေသခံလူငယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-ဘိုဘို

“ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီသည် အပြည့်အဝ မဟုတ်သေးသော်လည်း ယင်းလမ်းကို မိမိတို့ လျှောက်လာခဲ့ပြီးဖြစ်ကြောင်း၊ လျှောက်လာသည့်အချိန်တွင် မိမိတို့အားလုံးတွင် တာဝန်ရှိလာပါကြောင်း၊ ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ထားသည့် မိမိတို့အစိုးရတွင် အထူးတာဝန်ရှိပါကြောင်း၊ ပြည်သူလူထုက မိမိတို့ကို တာဝန်ပေးခဲ့သည် ဆိုသည်မှာ မျှော်လင့်ချက်၊ ယုံကြည်ချက်နှင့် တာဝန်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ မျှော်လင့်ချက်နှင့် ယုံကြည်ချက်ဆိုသည်မှာ မိမိတို့ ချိုးဖောက်၍ မဖြစ်ပါကြောင်း”




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းအား ကြည့်ရှုစဉ်။**

*စာမျက်နှာ ၅ မှ*

မည်သည့် ဘာသာကို ကိုးကွယ်သည်ဖြစ်စေ မိမိတို့အားလုံးသည် ပြည်ထောင်စုတစ်ခုတည်းမှ သားသမီးများပင် ဖြစ်ပါကြောင်း။

**အတွေးအခေါ်အယူအဆများကို ဖော်ပြပိုင်ခွင့်ပေးထား**

ယခုဆိုလျှင် Social Media Page တွင် တက်နေသည့် အသံများမှာ ပြည်သူများ အားကိုးသည့်အသံများ မဟုတ်ပါကြောင်း၊ Social Media Facebook တွင် ကြည့်သည့်အခါ ဒေါသများ အင်မတန်များသည်ကို သတိပြုမိပါကြောင်း။ တစ်ယောက်နှင့် တစ်ယောက် မလိုလားအပ်သည့်စိတ်၊ မုန်းတီးသည့်စိတ်၊ ဒေါသစိတ်၊ ဝေဖန်ချင်သည့်စိတ် ထိုအရာများဖြင့် ရေးသားနေပြီး ယင်းတို့သည် မိမိတို့နိုင်ငံအတွက် အကျိုးပြုသည် မဟုတ်ပါကြောင်း၊ အပေါင်းလက္ခဏာ မဆောင်ပါကြောင်း၊ မိမိ၏ အကောင်းကိုမြင်၍ သူတစ်ပါး၏အကောင်းကို ကျုံ့၍ မြင်ခြင်းသည် သူတော်ကောင်းစိတ်ဓာတ်မဟုတ်ဘဲ သူယုတ်မာစိတ်ဓာတ်ဖြစ်ပါကြောင်း၊ လွတ်လွတ်လပ်လပ် မိမိတို့၏ အတွေးအခေါ်အယူအဆများကို ဖော်ပြပိုင်ခွင့် ပေးထားပါကြောင်း၊ လွတ်လွတ်လပ်လပ် သို့သော်လည်း ကန့်သတ်ချက်များရှိပါကြောင်း၊ လူတိုင်းကို ပြောချင်သလို ပြော၍မရပါကြောင်း၊ ယင်းသို့ ကန့်သတ်ထားခြင်းသည် မိမိ၏ လွတ်လပ်ပိုင်ခွင့်ကို ကန့်သတ်ခြင်း မဟုတ်ပါကြောင်း၊ လူ့အသိုင်းအဝိုင်း၏ တည်ငြိမ်မှု၊ အေးချမ်းမှုကို ထိပါးမည်စိုး၍ ကန့်သတ်ခြင်း ဖြစ်ပါကြောင်း၊ ပြည်သူပြည်သားများအနေဖြင့် ယင်းကိုလည်း သဘောပေါက်ရန်လိုပါကြောင်း။

**နိုင်ငံအတွက်လုပ်ရခြင်းကို ဂုဏ်ယူရမည်ဖြစ်**

မိမိလုပ်မည့် ကိစ္စတစ်ခု၏ ရည်ရွယ်ချက်သည် ဘာလဲဆိုသည်ကို သတ္တိရှိရှိဖြင့် မိမိကိုယ်ကိုယ် ပြန်ကြည့်ရန်လိုပါကြောင်း၊ မိမိတို့ ပြည်သူပြည်သားများသည် နိုင်ငံအတွက် လုပ်ရခြင်းကို ဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး၊ မိမိနိုင်ငံ၏ တိုးတက်ရေး၊ ဖွံ့ဖြိုးရေး၊ မိမိတို့၏ ပြည်သူပြည်သားများ၏ ချမ်းသာရေးအတွက် လုပ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ပြည်ထောင်စု၏ သားသမီးများဖြစ်သည်ဆိုသည့် စိတ်ဓာတ်နှင့်သာ တကယ်လုပ်နိုင်မည်ဆိုပါက မိမိတို့ နိုင်ငံသည် မတိုးတက်နိုင်စရာ အကြောင်းမရှိပါကြောင်း။

မိမိတို့နိုင်ငံ၏ ဒီမိုကရေစီသည် အပြည့်အဝ မဟုတ်သေးသော်လည်း ယင်းလမ်းကို မိမိတို့ လျှောက်လာခဲ့ပြီးဖြစ်ကြောင်း၊ လျှောက်လာသည့်အချိန်တွင် မိမိတို့အားလုံးတွင် တာဝန်ရှိလာပါကြောင်း၊ ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ထားသည့် မိမိတို့အစိုးရတွင် အထူးတာဝန်ရှိပါကြောင်း၊ ပြည်သူလူထုက မိမိတို့ကို တာဝန်ပေးခဲ့သည် ဆိုသည်မှာ မျှော်လင့်ချက်၊ ယုံကြည်ချက်နှင့် တာဝန်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ မျှော်လင့်ချက်နှင့် ယုံကြည်ချက်ဆိုသည်မှာ မိမိတို့ ချိုးဖောက်၍ မဖြစ်ပါကြောင်း။

**လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရမည်**

ရောဝတီတိုင်းအစိုးရ၊ လွှတ်တော်တွင် ပါဝင်နေသည့် ကိုယ်စားလှယ်များအားလုံးသည် ပြည်သူပြည်သားများ၏ မျှော်လင့်ချက်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူပြည်သားများ၏ ယုံကြည်မှု၊ မျှော်လင့်ချက်များကို ဖျက်ဆီး၍ မရပါကြောင်း၊ ဖျက်ဆီးပါက မအောင်မြင်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ တစ်ရာ ရာခိုင်နှုန်းကျေနပ်အောင် လုပ်ပေးနိုင်ရန်မှာ မည်သည့်အစိုးရမှ လုပ်ပေး၍ မရပါကြောင်း၊ ကမ္ဘာပေါ်တွင် မည်မျှအောင်မြင်သည့် အစိုးရဖြစ်စေ မိမိတို့ နိုင်ငံသူနိုင်ငံသားများ ကျေနပ်အောင်၊ အားလုံး တစ်ရာ ရာခိုင်နှုန်း ကျေနပ်အောင် လုပ်ပေးရန်ဆိုသည်မှာ မည်သည့်အစိုးရ၊ မည်သည့်အဖွဲ့အစည်းနှင့် မည်သည့်ပုဂ္ဂိုလ်မျှ လုပ်ပေး၍ မရပါကြောင်း။

မိမိတို့သည် ပြည်သူများ၏ ကောင်းကျိုးအတွက် တတ်နိုင်သမျှ ကြိုးစားသွားမည်ဖြစ်ပြီး ကြိုးစားသည့်နေရာတွင်လည်း ပြည်သူများကိုယ်တိုင် ပါဝင်ရမည်ဖြစ်ပါကြောင်း၊ မိမိ၏ အနာဂတ်၊ မိသားစုအနာဂတ်နှင့် မျိုးဆက်သစ်များအတွက် ဝိုင်းဝန်းရုန်းကန်ရန်၊ ကြိုးစားရန်မှာ အင်မတန်အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းကုန်းဒေသခံပြည်သူများ၏ တင်ပြချက်(၁၁)ချက်ဖြစ်သည့် မီးသွေးတိုက် တောင်စုကျေးရွာအမည်ဖြင့် ပြည်ထဲရေးအမည်ပေါက်လျှောက်ထားမှုကို ခွင့်ပြုပေးနိုင်ရေး၊ကျောင်းကုန်းမြို့နယ် ပေါက်ဆိန်ပဲ့ကျေးရွာအုပ်စုမှ မိုးစပါးထိခိုက် ပျက်စီးသည့်နှစ်များတွင် ဘဏ်မှ ချေးယူထားသော ငွေကြေးများကို အချိန်မီမဆပ်နိုင်သည့်အတွက်လျှော့ပေါ့စဉ်းစားပေးရန် ရှိ/မရှိ၊ သာပေါင်းမြို့နယ် ရွှေညောင်ပင်ချောင်းရိုးမှ ကျောင်းကုန်းဆိပ်ချောင်းရိုး၏ ကျန်ရှိသော အရှည်ပေ ၁၇၅၀၀ ကို ဆက်လက် တူးဖော်ပေးနိုင်ရေး၊ ကျောင်းကုန်းမြို့နယ် ရင်ဆိုင်ကျေးရွာရှိ ကွင်းအမှတ် ၄၃၀ - A ၊ ဧရိယာ ၅၁၃ ဧကကို ဂိုးဒင်းဂရင်းကုမ္ပဏီမှ သိမ်းဆည်းထားသည့်ကိစ္စ၊ ဆူးပဒေါင်းကွင်း စားကျက်မြေကို ပုံစံ (၇) လျှောက်ထားခွင့် ခွင့်ပြုပေးနိုင်ရေး၊ စာဖြူ - အစုကြီး ကျေးရွာချင်းဆက် မြေသားလမ်းမကြီးကို ကျောက်ခင်းလမ်းအဖြစ်ဆောင်ရွက်ပေးနိုင်ရေး၊ မကျီးပင်ကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် နှစ်မိုင်အတွင်းရှိ ကျေးရွာများအတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ပသွယ်တံတား၊ ကျောင်းကုန်းတံတားဖြတ်သန်းခတို့ကို ကျောင်းကုန်းမြို့အဝင် တိုးလ်ဂိတ်တွင် ပေါင်း၍ ကောက်ခံသည့်ကိစ္စ၊ သစ်စိမ့်ကုန်းကျေးရွာ စည်ပင်သာယာ အခွန်ကောက်ခံသော်လည်း ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ပေးခြင်း မရှိသေးသည့် ကိစ္စ၊ (၂၃/၂၀၁၈) ပညာရေးကောလိပ်ဝင်ခွင့်ကို တိုင်းဒေသကြီးအစိုးရမှ ၅ ရာခိုင်နှုန်းရွေးချယ်မှုတွင် မည်သို့ရွေးချယ်သည်ကို သိလိုခြင်းနှင့် ချောင်းကြီး တိုက်နယ်ဆေးရုံကို မည်သည့်အချိန်တွင်ဖွင့်လှစ်မည်ကိုသိလိုခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ခန်းမအပြင်ဘက်ရှိ ဒေသခံ ငါးဦး တင်ပြသည့် အသုတ်မြို့ ချောင်းမကြီးတူးဖော်ရေးနှင့် စပ်လျဉ်း၍ အများပြည်သူပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေး၊ ကျောင်းကုန်းမြို့ရှိ ၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းဆည်းခံမြေယာဆိုင်ရာကိစ္စ၊ တပ်မတော်သားအငြိမ်းစားများ၏ ဆုကြေးနှင့် ပင်စင်ဆိုင်ရာကိစ္စ၊ လယ်မြေ ၈ ဒသမ ၃၃ ဧက အငြင်းပွားမှုနှင့် ဒါးကကျေးရွာမြေကို ရထားဌာနမှ အကြောင်းကြားစာ ပေးပို့လာသည့် ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း ၊ ခန်းမအတွင်းရှိ ဒေသခံပြည်သူနှစ်ဦး တင်ပြသည့် အသုတ် - ကျောင်းကုန်း ကွန်ကရစ်ကားလမ်းတွင် ပိတ်ဆို့ထားမှုနှင့် လမ်းမတစ်ဖက်စီ သုံးပေ တိုးချဲ့ပေးနိုင်ရေးနှင့် ဘုရားကြီးကုန်းကျေးရွာ နွေစပါးစိုက်ပျိုးရေရရှိရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

**ပြည်သူများ၏ အခွင့်အရေးဖြစ်သည့်အတွက် ကြိုဆို**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယခုကဲ့သို့ ပြည်သူနှင့် တွေ့နိုင်သည့်အခွင့်အရေးကို များစွာတန်ဖိုးထားပါကြောင်း၊ ပြည်သူများတင်ပြသည့်အခါတွင် ဒေါသမပါဘဲ အေးအေးချမ်းချမ်းဖြစ်နေသည်ကို သတိထားမိပါကြောင်း၊ မကျေနပ်ချက်များလည်း ရှိမည်ဖြစ်ပါကြောင်း၊ ထိုသို့ မကျေနပ်ချက်များကို တင်ပြသွားကြခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့် လက္ခဏာဖြစ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ သိက္ခာရှိမှသာ နိုင်ငံလည်း သိက္ခာရှိမည်ဖြစ်ပါကြောင်း၊ ယနေ့မိမိတို့၏ စိုးရိမ်ကြောင့်ကြမှု၊ နားမလည်သည့် ကိစ္စရပ်များနှင့် မရှင်းလင်းသည့် ကိစ္စရပ်များကို တင်ပြကြခြင်းသည် ပြည်သူများ၏ အခွင့်အရေးဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း။

**နည်းအမျိုးမျိုးစဉ်းစားရမည်**

အစိုးရပိုင်းဖြစ်သည့် ဗဟိုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့သည်လည်း အားလုံးခြောက်ပစ်ကင်းသဲလဲစင် မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ အားနည်းချက်များရှိပါက ကျော်လွှန်နိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေ ဖြင့်လည်း မိမိတို့ ကျော်လွှားနိုင်ရန် ဝိုင်း၍ကူညီပေးမည်ဟု ယုံကြည်ပါကြောင်း၊ နောင်တွင် ပြည်သူများနှင့်အစိုးရအကြားတွင် အဆက်မပြတ်ဖြစ်စေရန် နည်းအမျိုးမျိုးစဉ်းစားရမည်ဖြစ်ပါ ကြောင်း၊ တိုင်းဒေသကြီးအစိုးရကိုလည်း ပြည်သူများနှင့် တစ်ချိန်လုံး ထိတွေ့မှုရှိစေရန်နှင့် ပြည်သူများ မေးမြန်းနိုင်ရန်အတွက် လုပ်ဆောင်ပေးရန် မှာကြားခဲ့မည် ဖြစ်ပါကြောင်း၊ မိမိတို့ မည်သည့်အရာပင် လုပ်လုပ် ပြည်သူလူထုကို ရှင်းပြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တရားမျှတစေရန် လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ တရားမျှတမှုကိုလည်း ထင်ရှားစေရန် ကြိုးစား၍ ရှင်းပြသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ လိုအပ်ချက်များ အကြောင်းကို သိရှိစေရန် ကူညီပံ့ပိုးပေးသည့် ပြည်သူများအားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ကျောင်းကုန်းမြို့မှ ပုသိမ်မြို့သို့ရောက်ရှိကြပြီး ပုသိမ်မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပုသိမ်ဒေသမှဖြစ်ပါကြောင်း၊ ပုသိမ်ကနေပြီး နိုင်ငံတော်သမ္မတတစ်ဦး ဖော်ထုတ်လိုက်နိုင်ခြင်းသည် ဒီမိုကရေစီအရ အားလုံးတွင် တန်းတူညီတူ အခွင့်အရေးရှိသည်ကို ပြခြင်းဖြစ်ပါကြောင်း၊ မည်သူမဆို နိုင်ငံသူ၊ နိုင်ငံသားများထဲက မိမိ၏ အရည်အချင်း၊ မိမိ၏ နိုင်ငံတော်တွင် သစ္စာရှိမှု၊ မိမိ၏ လုပ်ငန်းကျွမ်းကျင်မှုအရ လုပ်နိုင်သည့် လမ်းကြောင်းများစွာ ရှိပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အပြောသက်သက် မဟုတ်ပါကြောင်း၊ ပြည်သူလူထုကို အလေးထားပြီး အခွင့်အရေးပေးသည့် စနစ်တစ်ခုဖြစ်ပါကြောင်း၊ ယင်းစနစ်ကို အောင်မြင်အောင် လုပ်ဆောင်ရန်လည်း ပြည်သူများတွင် တာဝန်ရှိပါကြောင်း၊ ပြည်သူသိက္ခာရှိမှ၊ ပြည်သူတန်ဖိုးရှိမှ နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သည် သိက္ခာရှိပြီး တန်ဖိုးရှိမည် ဖြစ်ပါကြောင်း။

**တရားဥပဒေစိုးမိုးရေးရှိရမည်ဖြစ်**

မိမိတို့နိုင်ငံသည် သာမာန်ဒီမိုကရေစီနိုင်ငံများထက် ပိုပြီး စိန်ခေါ်မှုများကို ရင်ဆိုင်ရပါကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရစဉ် ကာလကစပြီး ငြိမ်းချမ်းသည် ဟု တစ်ခါမျှ မရှိသေးပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်လည်း အစိုးရက အဓိကထားပြီး ဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးရှိခြင်းနှင့် မရှိခြင်း၏ ကွဲပြားပုံကို ငြိမ်းချမ်းရေးမရှိခြင်း၏ အနိဋ္ဌာရုံကို ကိုယ်တိုင်သိခဲ့သည့်သူများမှ သဘောပေါက်ပါကြောင်း၊ မိမိတို့နိုင်ငံ တိုးတက်ရန်၊ ငြိမ်းချမ်းရန်၊ တစ်နိုင်ငံလုံးသာယာရန် အင်မတန်မှ အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးရှိရမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ နိုင်ငံတစ်နိုင်ငံသည် တည်ငြိမ်နိုင်မည်ဖြစ်ပါကြောင်း၊ ရေရှည်တည်ငြိမ်မှုရှိမှ ရေရှည်ငြိမ်းချမ်းရေးရရှိနိုင်မည်ဖြစ်ပါကြောင်း။

**ပြဿနာများကို ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်း**

တရားဥပဒေစိုးမိုးရေးသည် ဘာလဲဆိုသည်ကို ပြည်သူပြည်သားများ နားလည်ရန် အင်မတန်မှ အရေးကြီးပါကြောင်း၊ မိမိတို့ ပြည်သူတော်တော်များများသည် မိမိတို့၏ ဘဝအတွေ့အကြုံအရ ဥပဒေဆိုသည်မှာ ပြည်သူများကို ထိန်းချုပ်ရန်၊ ကန့်သတ်ရန်၊ ဒဏ်ပေးရန်ဟု ထင်နေသည့်သူများလည်း ရှိပါကြောင်း၊

*စာမျက်နှာ ၉ သို့*

# ကျား / မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒ ဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems ( IFES ) အဖွဲ့တို့ပူးပေါင်း၍ ကျား / မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒ ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် CEDAW ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မူဝါဒများအောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း CEDAWပါ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ ရွေးကောက်တင်မြှောက်ခြင်းနှင့် ရွေးကောက်ခံပိုင်ခွင့် စသည့်ကဏ္ဍများတွင် ကျား / မ တန်းတူညီမျှရေး၊ အမျိုးသမီးကဏ္ဍ မြှင့်တင်ရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း။

**ပူးပေါင်းဆောင်ရွက်**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်း ( ၂၀၁၉ - ၂၀၂၂) ကို ရေးဆွဲရာတွင် ကျား / မ တန်းတူညီမျှရေးနှင့် အမျိုးသမီးကဏ္ဍ ပိုမိုပါဝင်မှုတို့ အကျုံးဝင်သည့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေး၊ အားလုံးပါဝင်မှုကို မြှင့်တင်ရေးဟူသည့် ကဏ္ဍများကို ထည့်သွင်းရေးဆွဲခဲ့ကြောင်း၊ ထို့အပြင် ကျား / မ တန်းတူညီမျှရေးနှင့် အမျိုးသမီးကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒ ( ၂၀၁၉ - ၂၀၂၂ ) ကို ရေးဆွဲခဲ့ပြီး လုပ်ငန်းအဖွဲ့များဖွဲ့စည်းကာ တာဝန်များချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း NSPAW ( ၂၀၁၃ - ၂၀၂၂ )ကို အကောင်အထည်ဖော်ရာတွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပါအဝင် အခြားသောဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**ပြန်လည်အသုံးချကြစေလို**

ကော်မရှင်အနေဖြင့် အမျိုးသမီးများ နိုင်ငံရေးနှင့် ရွေးကောက်ပွဲများတွင် ပိုမိုပါဝင်လာစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အဖွဲ့ခွဲရုံးများတွင် အမျိုးသမီးပါဝင်မှုနှုန်း မြှင့်တင်နိုင်ခဲ့ကြောင်း၊ ယနေ့ပို့ချသောသင်တန်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက် ကျား / မ တန်းတူ ညီမျှရေးမူဝါဒ အကောင်အထည်ဖော်မှုကို အထောက်အကူဖြစ်မည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဆင့်ပွားသင်တန်းများကို သင်ကြားပို့ချပေးရမည် ဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် အတွေ့အကြုံများကို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် အကျိုးရှိရှိ ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြားသည်။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကျား / မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒ ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အဆိုပါသင်တန်းကို မေ ၁ ရက် မှ ၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၃ ရက်နှင့် ၄ ရက်တို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အေးချမ်းမြန်မာအင်စတီကျူတို့ ပူးပေါင်း၍ ကျား / မ တန်းတူညီမျှရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း၊

**၆၇ ဦး တက်ရောက်**

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား၊ သင်တန်းသူ ၆၇ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဒေါက်တာသန်းမြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသအကျိုးပြုလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့သည် မတ် ၂၉ ရက် မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ မြိတ်အများပိုင် ကော်ပိုရေးရှင်းရုံးခန်းမသို့ရောက်ရှိကြရာ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းက မြိတ်ခရိုင် ကျွန်းစုမြို့နယ် မင်းကြီးကျွန်း ကျားကြီးအော် ပုစွန်မွေးမြူရေးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။



**လာရောက်အပန်းဖြေနိုင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အမြန်ရေယာဉ်များဖြင့် ဘုတ်ပြင်းမြို့နယ် ဝအေလယ်ကျွန်းသို့ ရောက်ရှိပြီး ကျွန်းပေါ်တွင် တည်ဆောက်ဖွင့်လှစ်ထားသည့် Wa Ale Eco Resort တွင် သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းရေး၊ အမှိုက်များအား စနစ်တကျစွန့်ပစ်ရေး၊ ပင်လယ်ရေအားသန့်စင်ပြီး ရေချိုအဖြစ် ပြန်လည်အသုံးပြုရေးနှင့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ လာရောက်တည်းခိုအပန်းဖြေနိုင်ရန် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မတ် ၃၀ ရက် နံနက် ၁၀ နာရီက အမြန်ရေယာဉ်များဖြင့် ကော့သောင်းခရိုင် ကော့သောင်းမြို့ အောင်ဘာကျေးရွာအုပ်စုရှိ ဘိုနက်ကျော်ကျွန်းတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် K Future Co.,Ltd မှ အသစ်တည်ဆောက်နေသည့် ဟိုတယ် ၂၆ လုံး တည်ဆောက်မှုအခြေအနေအား ဝင်ရောက်ကြည့်ရှုသည်။

**ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး**

ယင်းနောက် ကော့သောင်းမြို့ ကျွန်းဖီလာဟိုတယ်သို့ ရောက်ရှိပြီး အထွေထွေမန်နေဂျာ Mr. Steffan က ဟိုတယ်လုပ်ငန်းများနှင့် ပတ်သက်၍ Yoma Group ၏ ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ လုပ်ဆောင်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ အမှိုက်စွန့်ပစ်သည့်စနစ်၊ ရေဆိုးသန့်စင်မှု၊ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်သုံးစွဲဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍သိရှိလိုသည်များကိုမေးမြန်း၍ လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အဝတ်အခြောက်လျှော်စက်၊ ပင်လယ်ရေမှ ရေချိုပြန်လည်ထုတ်ယူနေမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ **(ဓာတ်ပုံ)**

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ညနေပိုင်းတွင် ကော့သောင်းခရိုင် ဇာတက်ကြီးကျွန်းအနီးရှိ ညောင်ဦးဖီးကျွန်းပေါ်ရှိ Victoria Cliff Resort သို့ရောက်ရှိပြီး လုပ်ငန်းရှင် ဒေါ်ခင်သက်သက်လွင်က ဟိုတယ်အတွင်း လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# တောင်ငူ၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်ငူ မေ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ယမန်နေ့က ကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။ **(ဓာတ်ပုံ)** ဟောပြောပွဲတွင် ဗန်ကောက်ဆေးရုံကြီး တောင်ငူရုံးခွဲတာဝန်ခံ ဒေါက်တာဝင်းရဲ ခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗန်ကောက် ဆေးရုံကြီးမှ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီးတို့နှစ်ဦးက "ဒူးဆစ်ပွန်းစား ရောင်ရမ်းခြင်းအကြောင်း သိကောင်းစရာ"များနှင့် ခေတ်မီနည်းကိုအသုံးပြုပြီး သေးငယ်သောခွဲစိတ်ရာဖြင့် ခွဲစိတ်ကုသနည်းများအကြောင်း သိကောင်းစရာများကို အသိပညာပေးရှင်းလင်းဟောပြောကြပြီး သိရှိလိုသည်များကို အထူးကုဆရာဝန်ကြီးများနှင့် တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်တင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းနာယက ဦးကျော်လှ(သမာဓိ)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တောင်ငူ မြို့နယ်အတွင်းရှိ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေး စိတ်ပါဝင်စားကြသည့် ဒေသခံများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင့ရ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၃ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်)**

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊မံဟဲအုပ်စု၊ ပေကုန်းကျေးရွာနေ မောင်နုနှင့် မမဲပြာတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၃-၂၀၁၉ ရက်နေ့တွင် အင်းတော်မြို့နယ်၊ မံဟဲအုပ်စု၊ ပေကုန်းကျေးရွာနေ ဦးမောင်နု(၆၀)နှစ်၊ (ဘ)ဦးချစ်အေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မော်လူး)မယ(ပ)၁၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ မမဲပြာ(ခ) မခင်နွဲ့(၃၂)နှစ်၊ (ဘ)ဦးပြည့်(ခ) မောင်ပြည့် ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားဘိန်းဖြူများ၊ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မော်လူး) မယ(ပ)၁၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ မသေကျေးရွာအုပ်စု၊ ကျောက်နီကုန်းချောင်းဘေးနေ ဒေါ်ထိမ်းမဲသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၃-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ မသေကျေးရွာအုပ်စု၊ ကျောက်နီကုန်းချောင်းဘေးနေ ဒေါ်ထိမ်းမဲ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ သားမက်ဖြစ်သူ ဝင်းဇော်(၃၀)နှစ်၊ (ဘ)ဦးချစ်ဆွေနှင့် ထွန်းနိုင်ဦး(၃၅)နှစ်၊ (ဘ)ဦးထွန်းကိုတို့(၂)ဦးအား ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကရသူရိ) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ လှစင်ကျေးရွာအုပ်စု၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၃-၂၀၁၉ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ လှစင်ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာနေ မောင်ဆန်း (၃၂)နှစ်၊ (ဘ)ဦးကျော်သောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွာတန်း)မယ(ပ) ၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာအုပ်စု၊ ညောင်ပင်ကွင်းတဲစုနေ မင်းမင်းစိုး(ခ)မင်းစိုး(ခ) မင်းစိုးသန်းဝေ(၃၂)နှစ်၊(ဘ) ဦးသန်းဝေအား ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွာတန်း)မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကော့ပေါက်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၃-၂၀၁၉ ရက်နေ့တွင် မော်လမြိုင်မြို့နယ်၊ ကော့ပေါက်ကျေးရွာနေ သန်းဇော်ဦး(၃၅)နှစ်၊ (ဘ)ဦးစံတင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဒိုင်းဝန်ကွင်း) မယ(ပ)၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၃/ခ ရပ်ကွက်၊ (၇)လမ်းနေ ဒေါ်အေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၃-၂၀၁၉ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)ရပ်ကွက်၊ (၇)လမ်းနေ ဒေါ်အေး(ခ)အေးအေးမြင့်(၆၂)နှစ်၊ (ဘ)ဦးထွန်းမြိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ကျော်မျိုးဝင်း(၂၂)နှစ်၊ (ဘ)ဦးတင်ဝင်းဇော်၊ (၄)လမ်းနေသူအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဒေါ်အေး(ခ) အေးအေးမြင့် အား (၃/ခ)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး၌ ဆက်လက်ဖမ်းဆီးရမိသဖြင့် မမစ (မင်္ဂလာဒုံ) မယ(ပ) ၂၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်းနှင့် မြို့ပေါ်ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂၃)ဦး၊ မ(၃)ဦး၊ ပေါင်း(၂၆)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၄-၃-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ သစ်တောရပ်ကွက်အတွင်း စောင့်ကြည့်သတင်းစုံစမ်းနေစဉ် ၎င်းရပ်ကွက်နေ ဇွဲရန်နောင်(၁၉)နှစ်၊ (ဘ)ဦးချစ်စန်းမောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး)မယ(ပ)၁၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ အမှတ်(၄)ရပ်ကွက်၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၄၆)ဦး၊ မ(၄)ဦး၊ ပေါင်း(၅၀)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၇-၃-၂၀၁၉ ရက်နေ့တွင်ယခင်ဖမ်းဆီးရမိအမှုများမှကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ အမှတ်(၆)ရပ်ကွက်၊ လမ်းသွယ်(၃)နေ ဂျာဂွမ်းမိုင်(ခ) မာဂွမ်း(၂၇)နှစ်၊ (ဘ) ဦးနော်တောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်)မယ(ပ) ၃၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၃၀-၃-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၅၈၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၇၇၄)ဦး၊ မ(၁၄၉)ဦး၊ပေါင်း(၉၂၃)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၈၇၀.၂၂)ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၇၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား (၂၂၈၉၁၅)ပြား၊ ဆေးခြောက် (၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ လမုံဇွပ်ကျေးရွာအနီး မြစ်ကြီးနား-မြစ်ဆုံ- ဆွမ်ပရာဘွမ်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၃၈၄၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား (၃၆၅၀)ပြား၊ ဖားကန့်မြို့နယ်၊ လယ်ပြင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၉၀)ပြား၊ ရွှေကူမြို့နယ်၊ စီမော်ကျေးရွာ၊ ရွာလယ်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၅၂၈)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ လောဝမ္မရပ်ကွက်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဒေါဥခူရပ်ကွက်၌ တရားခံအမျိုးသား(၆)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၇၄)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဈေးမသွယ်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ မြဝတီမြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၆၉၈)ပြား၊ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၁)ပြား၊ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ကျောက်ချပ်ရွာ၌ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၀၀)ပြား၊ ဘိန်းဖြူ (၁၃)ဂရမ်၊ ဘိန်း(၆၅.၃၂)ဂရမ်၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရွှေပြည်စိုးရပ်ကွက်၊ လှိုင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြေနီကုန်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၂)ပြား၊ သံဖြူဇရပ်မြို့ အောင်သာယာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၇၁)ပြား၊ဆိုင်ကယ်(၁)စီး၊ ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်ကျေးရွာအနီး ရှောင်ကွင်းလမ်း၌ မောင်းသူမရှိဘဲ အချိန်ကြာမြင့်စွာ ရပ်တန့်ထားသည့် Hiace အငှားယာဉ်အား စိစစ်ရာ ယာဉ်ပေါ်မှ Sodium Cyanide (၇၅၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မြို့မကညင်တန်း(တောင်)ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၅)ပြား၊ ရွာသစ်ကေရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၉၇၇၀၅)ပြား၊ ပေါက်တောမြို့နယ်၊ ဆင်တက်မော်ကယ်ဆယ်ရေးစခန်းအနီး၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၉၄)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ တောင်ကြီး-မိုင်းပျဉ်းသွားကားလမ်း နောင်ပင်လယ် တံတားပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၃၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၉၀)ပြား၊ ဘိန်းဖြူ(၁၁)ဂရမ်၊ ဘိန်း(၅၀)ဂရမ်၊ လားရှိုးမြို့ ရပ်ကွက်(၃)၊ ရှမ်းရိုးမကားဂိတ်တွင် လားရှိုးမှဝမ်ဟိုင်းသို့ ခရီးသည်မပါ တန်ဆာခဖြင့် ပို့ဆောင်ရန် အပ်နှံထားခဲ့သည့် စက္ကူဂျပ်ဖာအတွင်း၌ မူးယစ်ဆေးဝါးများပါဝင်နေကြောင်း သတင်းအရစိစစ်ခဲ့ရာ ၎င်းဂျပ်ဖာအတွင်းမှ Acitic Acid(၁၅၀)လီတာ၊ မန်နားကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်စဉ် ဆိုင်ကယ်မောင်းနှင်သူ အမျိုးသားမှာ လွယ်အိတ်အား ပစ်ချကာ မောင်းနှင်ထွက်ပြေးသွားပြီး လွယ်အိတ်အတွင်းမှ စိတ်ကြွဆေးပြား(၇၆၀၀)ပြား၊ ခါးသျှိအောက်ကျေးရွာအနီး လားရှိုး-တန့်ယန်းသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ(၁၃၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက်အနီး တန့်ယန်း-ပန်ဆန်းသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်း(၃၀၀)ဂရမ်၊ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၀၀)ပြား၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့အဝင် မိုင်တိုင်(၈၀/၄)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၄၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကံ့ကော်ကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၁၆၀၀)ပြား၊ ဘိန်းဖြူ(၈)ဂရမ်၊ မိုးမိတ်မြို့နယ်၊ ဘောဒေကျေးရွာ၊ မိုးကုတ်-မိုးမိတ်-တွင်းငယ်သွားကားလမ်းမပေါ်၌ သတင်းအရ Landcruiser ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၆၀၀၀)ပြား၊ ဘိန်းဖြူ(၄၈၂၉)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ သာယာကုန်းလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၈၀)ပြား၊ ဘိန်းဖြူ(၀.၀၀၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ အင်းတော်မြို့နယ်၊ နဘားလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၃၃)ပြား၊ ဘိန်းဖြူ(၄၃၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ထီးချိုင့်မြို့နယ်၊ တုံလုံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၂၈)ပြား၊ ကလေးမြို့နယ်၊ မော်လိုက်ကလေးကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ Buprenorphine Tablet

*စာမျက်နှာ ၉ သို့*

# ပြည်သူများ၏ အားသာချက်၊ အားနည်းချက်များကို မိမိတို့သိမှသာ ပြည်သူလူထုကို တိုးတက်နိုင်အောင် ပံ့ပိုးကူညီနိုင်မည်

*စာမျက်နှာ ၆ မှ*

ဥပဒေ၏ရည်ရွယ်ချက်မှာ ထိုသို့မဟုတ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ လူမှုအသိုင်းအဝိုင်းတစ်ခုကို တည်ငြိမ်အောင် လုပ်ပေးရန်၊ တစ်ဦးနှင့်တစ်ဦးအကြား ပဋိပက္ခများ နည်းနိုင်သမျှ နည်းအောင်၊ ရှောင်ရှား၍မရသည့် လူသားများအချင်းချင်း အကြားဖြစ်သည့် ပြဿနာများကို ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းနိုင်ရန် ဥပဒေရှိခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် တရားဥပဒေဟုဆိုပါကြောင်း၊ တရားမျှတရေးဥပဒေဟု မိမိက အဓိပ္ပာယ်ဖွင့်ပါကြောင်း၊ တရားဥပဒေဆိုသည်မှာ တရားမျှတသည့် ဥပဒေအများအတွက် ညီညီမျှမျှ အများကောင်းကျိုးအတွက် ရေးဆွဲထားသည့်ဥပဒေဖြစ်ရမည် ဖြစ်ပါကြောင်း။

**အများပြည်သူ ကိုက်ညီလိုလားလက်ခံသည့်ဥပဒေ**

ဥပဒေဆိုသည်မှာ လူများ၏လုပ်ဆောင်ချက်ပင်ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ လူသားများကစဉ်းစားပြီး လူသားများ၏ ဦးနှောက်ကဆုံးဖြတ်ပြီး ပေါ်ပေါက်လာခြင်း ဖြစ်ပါကြောင်း၊ ဥပဒေသည် ခေတ်ပြောင်းလဲလာသည်နှင့်အမျှ ခေတ်နှင့်လည်း ညီညွတ်ရန်လိုပါကြောင်း၊ ဥပဒေ၏ တရားမျှတမှုကို ပြည်သူများက ရှင်းရှင်းလင်းလင်းနားလည်ပြီး လက်ခံနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ မိမိတို့ ဒီမိုကရေစီစနစ်တွင် အများပြည်သူနှင့် ကိုက်ညီလိုလားလက်ခံသည့် ဥပဒေကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိမိတို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်သည့်နေရာတွင် စည်းမျဉ်း စည်းကမ်းဥပဒေနှင့်ကိုက်ညီစေရန် လုပ်ဆောင်ရပါကြောင်း၊ ပြည်သူလူထုမှလည်း နေ့စဉ်နှင့်အမျှ မိမိဘဝအတွက် လုပ်ကိုင်စားသောက်ရာတွင် စည်းမျဉ်းစည်းကမ်း ဥပဒေအရ လုပ်ကိုင်ရပါကြောင်း၊ ပြည်သူလူထု ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ပြဿနာများသည် တစ်နေရာနှင့် တစ်နေရာ ကွဲကွဲပြားပြား မရှိပါကြောင်း၊ အများအားဖြင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများသည် အတူတူဖြစ်နေပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်လက်တွဲပြီး ရင်ဆိုင်မှသာ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ နောက်ကျကျန်ရစ်ခဲ့သည့်အတွက် တစ်ဖက်မှ ကြည့်မည်ဆိုပါက ဆုံးရှုံးသွားသည့်အချိန်များအတွက် ဝမ်းနည်းစရာအဖြစ်ပြောရမည်ဖြစ်ပါကြောင်း၊ သို့သော် ဖွံ့ဖြိုးပြီးသည့် နိုင်ငံနှင့် ဖွံ့ဖြိုးမှုတွင် အရှိန်အဟုန်ရပြီး နိုင်ငံများ၏ အမှားများကို ကြည့်၍ သင်ခန်းစာယူရမည်ဖြစ်ပါကြောင်း။

အခြားကိစ္စများနှင့် ပတ်သက်၍ နောက်မှလိုက်ရသော်လည်း အခွင့်အရေးများလည်း ရရှိခဲ့ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးမှ သတိပြုမိသည့်အချက်သည် တက္ကသိုလ်ပညာသည် နိုင်ငံတစ်နိုင်ငံအတွက် လုံလောက်သည့်ပညာ မဟုတ်တော့ပါကြောင်း၊ တက္ကသိုလ်ဘွဲ့ရရှိရန်အတွက် အဓိကဦးတည်နေပါက ပညာရေးစနစ်သည် အမှန်တကယ်အောင်မြင်နိုင်သည့် အခြေအနေတွင် မရှိတော့သည်ကို သဘောပေါက်လာပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာ၏ အရေးပါပုံနှင့် ထိုပညာတတ်သည့် ပြည်သူပြည်သားများသည် အလုပ်အကိုင်ရရှိရန်အတွက် ပို၍လွယ်ကူလာပါကြောင်း။

မိမိတို့နိုင်ငံတွင်လည်း အလုပ်အကိုင်ဖန်တီးရေးသည် အဓိကအရေးကြီးသည့်အတွက် အသက်မွေးဝမ်းကျောင်းပညာကို များစွာအားပေးပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် တာဝန်စယူကတည်းက မိမိတို့နိုင်ငံ၏ ၄ ရာခိုင်နှုန်းသာ တက္ကသိုလ်ဘွဲ့ရထားသည်ကို တွေ့ရပါကြောင်း၊ ထို ၄ ရာခိုင်နှုန်းသာ ဘွဲ့ရထားသောကြောင့် ပြည်သူပြည်သားများ အသက်မွေးဝမ်းကျောင်းပညာကို တက္ကသိုလ်ပညာနှင့်နည်းတူ တန်ဖိုးထားနိုင်အောင် လုပ်နိုင်သည့်အခွင့်အရေးရှိလာပါကြောင်း၊ ထိုအခွင့်အရေးသည်လည်း ယခုအကောင်အထည်ဖော်သည့်နေရာတွင် အောင်မြင်မှုရှိလာသည်ဟု ပြောနိုင်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရန် မိမိတို့သားသမီးများကို အားပေးစေလိုပါကြောင်း။

မိမိတို့က အချိန်ကာလနှင့်ကိုက်ညီအောင် ပြောင်းလဲနိုင်ရန်လိုအပ်ပါကြောင်း၊ ယခုကာလနှင့်ခေတ်ကိုက်ညီအောင် မည်သို့တိုးတက်အောင်လုပ်မည်၊ မည်သို့ရှေ့ကို သွားမည် မိမိတို့နိုင်ငံကို အခြားနိုင်ငံများနှင့်မတူ တစ်မူထူးခြားစေရန် မည်သို့ထူထောင်မည်ဆိုသည်ကို စဉ်းစားရန်အရေးကြီးပါကြောင်း၊ ပြည်သူလူထုကို ဒီမိုကရေစီစံနှုန်းစံထားများ နားလည်စေလိုပါကြောင်း၊ ပြည်သူများ၏ တာဝန်က ဘာရှိသည်၊ နိုင်ငံအတွက် လုပ်ရမည့်တာဝန်ဘာရှိသည်ကိုသိပြီး မိမိအတွက်လည်း လုပ်နိုင်ရမည်၊ အများအတွက်လည်း လုပ်နိုင်ရမည်ဖြစ်ပါကြောင်း၊ ယင်းသည် ပြည်သူလူထုသိရှိရမည့် အရေးကြီးဆုံးကိစ္စဖြစ်ပါကြောင်း။

ပြည်သူလူထု၏ ခံစားမှု၊ ပြည်သူလူထု၏ စိုးရိမ်ကြောင့်ကြမှု၊ ပြည်သူလူထု၏ မျှော်လင့်ချက်၊ ပြည်သူများ၏ အားသာချက်၊ အားနည်းချက်များကို မိမိတို့သိမှသာ ပြည်သူလူထုကို တိုးတက်နိုင်အောင် ပံ့ပိုးကူညီနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်သူများနှင့် တွေ့ဆုံပွဲလုပ်ခြင်းသည် ပြည်သူများ၏ ရည်ရွယ်ချက်နှင့် လိုအပ်ချက်ကိုသိမှ ပြည်သူများ တိုးတက်ရန်နှင့် အောင်မြင်ရန်အတွက် မိမိတို့ဘာလုပ်ပေးရမည်ဆိုသည့် အဖြေကို မှန်မှန်ကန်ကန်ရှာနိုင်မည်ဖြစ်ပါကြောင်း။

**ညီညီညွတ်ညွတ်နေနိုင်ပါက နိုင်ငံတိုးတက်မည်**

အလုပ်တစ်ခုကို စီစဉ်သည့်အခါ အဘက်ဘက်ကကြည့်ပြီး စီစဉ်ရန်အရေးကြီးပါကြောင်း၊ ပြည်သူများကလည်း နားလည်ပေးရန် အရေးကြီးပါကြောင်း၊ မိမိတို့ စိတ်ဝင်စားသည့်အကွက်လေး တစ်ကွက်တည်းကို မကြည့်ဘဲ ဟိုဘက်ဒီဘက် အားလုံး ပြည့်ပြည့်ဝဝ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြည့်ပေးစေလိုပါကြောင်း၊ ယခုကလေးများ တိုင်းရင်းသားဝတ်စုံ အမျိုးမျိုးကို ဝတ်ဆင်ထားကြပါကြောင်း၊ ပြင်ပတွင် ဘယ်လိုပင် ဝတ်ထားဝတ်ထား အရေးကြီးသည်မှာ စိတ်ချင်းသဘောချင်းတူရန် အင်မတန် အရေးကြီးပါကြောင်း၊ ငါတို့သည် ညီအစ်ကိုမောင်နှမတွေ၊ သွေးရင်းသားရင်းတွေ၊ ပြည်ထောင်စု၏ သားသမီးတွေဆိုသည့်စိတ်ဓာတ်ရှိရန် အဓိက အရေးကြီးပါကြောင်း၊ မတူကွဲပြားမှုသည် ဂုဏ်ယူရမည့်ကိစ္စဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုး အမျိုးမျိုးရှိသည့်အတွက် ပြောသည့် ဘာသာစကားအမျိုးမျိုး၊ ကိုးကွယ်သည့်ဘာသာအမျိုးမျိုး ရှိကြသော်လည်း မိမိတို့သည် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်ဖြင့် နေနိုင်ပါက မိမိတို့နိုင်ငံသည် တိုးတက်မည်၊ အများ၏ လေးစားကြည်ညိုမှုကို ခံယူရမည်ဖြစ်ပါကြောင်း။

လူတိုင်းလူတိုင်းသည် စေတနာမှန်မှန်ဖြင့် သေသေချာချာ ကြိုးစားသွားမည်ဆိုပါက တိုးတက်ရန်အခွင့်အလမ်းများစွာ ရရှိမည် ဖြစ်ပါကြောင်း၊ တိုးတက်သည့် အခွင့်အလမ်းများကို သုံးသည့်အခါတွင် မိမိတစ်ယောက်တည်းအတွက် မဟုတ်ဘဲ အများအတွက် သုံးစေလိုပါကြောင်း၊ မိမိတစ်ယောက်တည်းအတွက် သုံးခြင်းထက် အများအတွက်သုံးခြင်းသည် ပို၍ ကျေနပ်မှုရှိပြီး ပို၍ထိရောက်မှုရှိပါကြောင်း၊ ညီညီညွတ်ညွတ်ဖြင့် လက်တွဲ၍လုပ်နိုင်မည်ဆိုပါက မိမိတို့အနေဖြင့် မည်သည့် ပြဿနာကိုမျှ စိုးရိမ်စရာမလိုပါကြောင်း။

အောင်မြင်ခြင်း တရားလေးပါးတွင် ဆန္ဒဖြင့် စတင်ပါကြောင်း၊ အားလုံးသည် နိုင်ငံတိုးတက်၊ အေးချမ်း၊ ချမ်းသာစေလိုသည့် ဆန္ဒရှိမှသာ အဆိုပါဆန္ဒများအရ မိမိတို့နိုင်ငံ အေးချမ်း၊ တိုးတက်၊ ချမ်းသာစေရန် လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ပုသိမ်မြို့သည် မိမိတို့နိုင်ငံအတွက် များစွာအရေးကြီးသည့် မြို့တော်တစ်ခု ဖြစ်ပါကြောင်း၊ အဆိုပါ မြို့တော်မှစ၍ မိမိတို့ ဧရာဝတီတိုင်းတစ်ခုလုံး ဆတက်ထမ်းပိုး ပို၍တိုးတက်အောင် လုပ်ဆောင်ရန် ပြည်သူများကို တိုက်တွန်းလိုပါကြောင်း၊ ဧရာဝတီတိုင်းမှစ၍ တစ်တိုင်းပြည်လုံးတိုးတက်၍ အေးချမ်းမှုရရှိအောင် ကြိုးစားပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် ပုသိမ်မြို့ဒေသခံပြည်သူများ၏ တင်ပြချက် (၁၁) ချက်ဖြစ်သည့် တိုင်ကြားစာနှင့်ပတ်သက်၍ မမှန်မကန် တိုင်ကြားပါက ဥပဒေအရ ထိရောက်စွာအရေးယူပေးနိုင်ရေး၊ စပါးဈေးကျဆင်းမှုကို ဆောင်ရွက်ပေးနိုင်ရေးနှင့် နှစ်တိုနှစ်ရှည် ချေးငွေထုတ်ချေးနိုင်ရေး၊ သိမ်းဆည်းခံမြေဧက ၁၈၀ ကို ဒေသခံပြည်သူများအား ပြန်လည်ပေးအပ်နိုင်ရန်အစီအစဉ် ရှိ၊ မရှိ၊ ဥယျာဉ်ခြံမြေ ပုံစံ - ၇၊ ပုံစံ - ၁၀၅ ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ အမည်ပေါက်ပြောင်းလဲ၍ ရ၊ မရ၊ ရိုးချောင်းနှင့် စားကျက်တွင် စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်း ရှိ၊ မရှိ၊ ငါးလုပ်ငန်းဦးစီးဌာနမှ သိမ်းဆည်းထားသည့် ရေငန်ပုစွန်သားဖောက်စခန်း မြေနေရာကို မူလပိုင်ရှင်ထံပြန်လည်ပေးအပ်နိုင်ရေး၊ ဇင်ပြွန်းကုန်းကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ရေး၊ သလပ်ခွာကျေးရွာလျှပ်စစ်မီးလင်းရေး၊ ပုသိမ်မြို့ ကိုးထပ်ဆေးရုံ အမြန်တည်ဆောက်ပြီးစီးရေး၊ ရေနုတ်မြောင်းများအတွင်း အမည်မသိတိုင်များ စိုက်ထူထားခြင်းကိစ္စ၊ ၂၀၁၇-၂၀၁၈ ပညာရေးရန်ပုံငွေဖြင့် အလက ခွဲ ရွာဟောင်းကြီးကို ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် ပုသိမ်ဆေးရုံကြီးတွင် ပစ္စည်းကိရိယာမလုံလောက်မှု အပါအဝင် လူနာများ နေရာထိုင်ခင်းကိစ္စတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ခန်းမအပြင်ဘက်မှ ဒေသခံပြည်သူ ခုနစ်ဦး၏ ကညင်ကောက်ကျေးရွာဆေးခန်းကို တရားဝင်ဆေးခန်းဖြစ်ရေး၊ ရွှေသောင်ယံချောင်းသာဟိုတယ်လုပ်ငန်းဆောင်ရွက်ရာတွင် မမှန်မကန်လိမ်လည်မှု၊ နန္ဒင်းကန်ကျေးရွာ သိမ်းဆည်းမြေကိစ္စ၊ ကျုံကူးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ ငွေကြေး လိမ်လည်ခံရမှုများ၊ ချောင်းသာ ရွှေသောင်ယံ ရွာချင်းဆက်လမ်းဖြစ်သည့် လမ်းဟောင်း ကမ်းခြေပတ်လမ်းကို မူလအတိုင်းပြန်လည်အသုံးပြုနိုင်ရေး၊ အုတ်ဖိုကျေးရွာ သိမ်းဆည်းခံ မြေယာကိစ္စရပ်နှင့် ချောင်းသာမြို့ဖွဲ့စည်းပုံရရှိရေး၊ ချောင်းသာကမ်းခြေ သာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအပါအဝင် ကမ်းခြေနှင့် သက်ဆိုင်သည့် ဥပဒေတစ်ခု ဖြစ်ပေါ်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ခန်းမအတွင်းရှိ ဒေသခံပြည်သူ သုံးဦး တင်ပြသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စက်မှုဇုန်တစ်ခု တည်ဆောက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေး၊ ငွေဆောင်မြို့ မီးသတ်ရေကန်တည်ဆောက်ပေးနိုင်ရေးနှင့် သိမ်းဆည်းမြေများ မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေး၊ တပ်မတော် သိမ်းဆည်းမြေ ၃၇ ဒသမ ၄၄ ဧက တို့နှင့်စပ်လျဉ်း၍ လည်းကောင်း တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်သူလူထုများ တောင်းဆိုခဲ့သည့် ကိစ္စရပ်များသည် ငါးမျိုးရှိပါကြောင်း၊ အဆိုပါ ငါးမျိုးမှာ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေး ဖြစ်ပါကြောင်း၊ နောက်ပိုင်းမြေယာပိုင်ဆိုင်မှု ဖြစ်ပါကြောင်း၊ အဆိုပါ အချက်သည်လည်း အရေးကြီးသည်ကို သဘောပေါက်ပြီး မှန်မှန်ကန်ကန်လုပ်ဆောင်ရန်လည်း အလေးထားပါကြောင်း၊ အခက်အခဲအမျိုးမျိုးရှိပါကြောင်း၊ ယခင်က မူလသိမ်းခဲ့သူများ၏ အခက်အခဲ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အခက်အခဲ၊ ပြန်လည်ရလိုသည့် ပြည်သူများ၏ အခက်အခဲဖြစ်ပါကြောင်း၊ အဆိုပါ အခက်အခဲများကို အားလုံးဖြေရှင်းပေးရန် အင်အားများ လိုအပ်သည်ကို သဘောပေါက်သည့်အတွက် စတင်၍ အစီအစဉ်များ လုပ်ဆောင်နေပါကြောင်း၊ စစ်ဆေးသည့်နေရာတွင် ပို၍ မြန်မြန်ဆန်ဆန် စစ်ဆေးနိုင်စေရန် ဝန်ထမ်းများ ပို၍လိုအပ်သည့် ဌာနများတွင် ဝန်ထမ်းများဖြည့်ဆည်းရန်မှစ၍ လုပ်ဆောင်နေပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နောက်ပိုင်းတွင် ပို၍ အလေးထားဖြေရှင်းပေးရပြီး ပြည်သူများ ရင်ဆိုင်နေရသည့် ပြဿနာဆိုသည်ကို သဘောပေါက်ပါကြောင်း။

**ပြည်သူများနှင့်ထိတွေ့ပြီး ဖြေကြားရန်အရေးကြီး**

ယခုဆိုလျှင် ပြည်သူများသည် ပွင့်ပွင့်လင်းလင်းဖြင့် မိမိတို့၏ စိုးရိမ်ပူပန်မှုများနှင့် လိုအပ်ချက်များကို တင်ပြလာသည်ကို မိမိအနေဖြင့် ကြိုဆိုပါကြောင်း၊ တင်ပြရာတွင်လည်း အေးအေးဆေးဆေးဖြင့် တင်ပြသည်ကိုလည်း ကျေးဇူးတင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် သိက္ခာရှိပြီး ယဉ်ကျေးသည့် နိုင်ငံဖြစ်သည်ကို ပြသခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ မကျေနပ်မှုများကို ယဉ်ယဉ်ကျေးကျေးနှင့် အဆင့်အတန်းရှိရှိဖြင့် တင်ပြနိုင်ခြင်းသည် ပြည်သူပြည်သားများ၏အားသာချက်တစ်ခုဟု မြင်ပါကြောင်း၊ ပြည်သူများသိချင်သည့် ကိစ္စများကို အစိုးရမှ ပြည်သူများနှင့် ထိတွေ့ပြီး ဖြေကြားရန် အရေးကြီးပါကြောင်း၊ ယင်းအချက်ကိုလည်း တိုင်းဒေသကြီး အစိုးရသို့ သေချာစွာ မှာကြားမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံ၏ ကိစ္စသည် မိမိကိစ္စဖြစ်သောကြောင့် ခွဲခြား၍ မမြင်စေလိုပါကြောင်း၊ နိုင်ငံကောင်းကျိုးနှင့်ဆိုင်သည့် ကိစ္စသည် နိုင်ငံသူနိုင်ငံသားအားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ တင်ပြလာသည့် ကိစ္စများကို တစ်ခုချင်းသေချာလေ့လာစိစစ်မည်ဖြစ်ပါကြောင်း၊ မှန်ကန်သည့်အဖြေများကို အမြန်ဆုံးရအောင်ရှာမည်ဖြစ်ပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

(၁၃၀)ပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ရှမ်းချောင်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀)ပြား၊ ဘိန်းစာမှုန့် (၆၀၀)ဂရမ်၊ ICE (၀.၄)ဂရမ်၊ ကော့သောင်းမြို့နယ်၊ မြောက်တော်ဝင်ကျွန်းအနောက်ဘက်ရေမိုင်(၂၀)ခန့်အကွာ ပင်လယ်ရေပြင်၌ သတင်းအရ စက်လှေအားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၇)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၈)ဦးတို့ထံမှ ICE (၁၇၃၇၀၀၀)ဂရမ်၊ စက်လှေ(၁)စီး၊ အေးရိပ်ငြိမ်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၇၆၀)ပြား၊ ဘိန်းစာမှုန့်(၂၈၅)ဂရမ်၊ ICE (၁၂)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ကရင်စုရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၂၀)ပြား၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အုန်းတော (၁)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ ဆေးခြောက်(၁၁၁၀.၄၄)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ပြည်သာယာ (တ)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၀၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက် အရ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမိုင်တိုင်(၂၈၀/၀)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၉၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်မှတ်တိုင်အနီး၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၉)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား (၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၆၆)ပြား၊ ICE (၄.၅)ဂရမ်၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်တမန်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံနေအိမ်မှ စိတ်ကြွဆေးပြားအကြေမှုန့်(၂၀)ဂရမ်၊ ICE (၁၀)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ ညောင်ပင်ဈေးရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၄၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဘိုကလေးမြို့၊ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉)ပြားအား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့် အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၄)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃)ပြား၊ ဘိန်းဖြူ(၀.၁)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ မြို့ဦးကွက်သစ်ရပ်ကွက်၊ ဟိုပုံး-လွိုင်လင်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၉၈၅)ပြား၊ လက်ပစ်ဗုံး(၁)လုံး၊ ဆိုင်ကယ်(၁)စီး၊ ကွတ်ခိုင်မြို့နယ်၊ နမ့်တောင်းကျေးရွာ၌ လူမနေသည့်တောင်ယာတဲရှိ သစ်ပုံအောက်တွင် မြေမြှုပ်ဝှက်သိမ်းထားသည့် ပလတ်စတစ်ပုံးအတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၁၄၉၇၅)ပြား၊ ဘိန်းဖြူ (၂၀၀)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ ၉မမ ကျည်(၅)တောင့်၊ ကျည်အိမ်(၁)ခု၊ မိုင်းတုံမြို့နယ်၊ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မှတ်တိုင်(၁)အနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀)ပြား၊ ICE (၂၀၀၀)ဂရမ်၊ တစ်လုံးထိုးပြောင်းရှည်ခါးချိုးသေနတ်(၁)လက်၊ ဆိုင်ကယ်(၁)စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၂၄-၃-၂၀၁၉ ရက်နေ့မှ ၃၀-၃-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၀၂)မှုတွင် တရားခံကျား(၂၃၈)ဦး၊ မ(၃၄)ဦး၊ ပေါင်း(၂၇၂) ဦးကို ဘိန်းဖြူ(၆၃၃၃.၁၄၇၄)ဂရမ်၊ ICE (၁၇၃၉၁၀၇.၇)ဂရမ်၊ စိတ်ကြွဆေးပြား(၄၁၁၈၅၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၀)ဂရမ်၊ ဆေးခြောက်(၁၁၆၈.၂၄)ဂရမ် ၊ဘိန်း(၄၁၇.၆)ဂရမ်၊ ဘိန်းဆီခဲ(၁၃၀၀) ဂရမ်၊ ဘိန်းစာမှုန့်(၈၈၅)ဂရမ်၊ Buprenorphine Tablet(၁၃၀)ပြား၊ Acitic Acid (၁၅၀)လီတာ၊ Sodium Cyanide (၇၅၀၀၀၀)ဂရမ်၊ သေနတ်မျိုးစုံ(၃)လက်၊ လက်ပစ်ဗုံး(၁)လုံး၊ ၉မမကျည်(၅)တောင့်၊ ပစ္စတို ကျည်အိမ် (၁)ခုတို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်အဖွဲ့ ဂျပန်နိုင်ငံခရီးစဉ်အတွင်း အစိုးရနည်းပညာသိပ္ပံအား လေ့လာ

**နေပြည်တော် မေ ၁**

နိပ္ပွန်ဖောင်ဒေးရှင်း၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် အဖွဲ့သည် မတ် ၂၉ ရက်နှင့် ၃၀ ရက်များတွင် Nippon Foundation ဥက္ကဋ္ဌ H.E. Mr. Yohei Sasakawa နှင့်တွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် Nippon Foundation တို့ ပူးပေါင်း၍ ကရင်ပြည်နယ်၊ မွန်ပြည်နယ် တို့တွင် ငြိမ်းချမ်းရေးအထောက်အကူပြု နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် Education for Peace and Development စီမံကိန်းအရ စာသင်ကျောင်းအသစ်များ ဆောက်လုပ်ခြင်း၊ ဥပဓိရုပ်ကောင်းမွန်မှုမရှိသည့် စာသင်ကျောင်းများ ပြုပြင်ဆောက်လုပ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ Bridge Asia Japan နှင့် ပူးပေါင်း၍ ဘားအံမြို့တွင် စက်မှုလက်မှု ပညာသင်တန်းကျောင်း ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများ၊ အနာဂတ်ကာလတွင် ဆက်လက်ပူးပေါင်းစီမံဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။


ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် Nippon Foundation ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Nippon Foundation မှ တာဝန်ရှိသူများလိုက်ပါ၍ မေ ၁ ရက်တွင် National Institute of Technology, Nagaoka College သို့ ရောက်ရှိလေ့လာပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကို အဆင့်မြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များ ပံ့ပိုးကူညီရေး၊ အဆိုပါသင်တန်းကျောင်းများမှ သင်တန်းဆင်း လူငယ်များကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးဖော်ဆောင်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တွေ့ဆုံအားပေး**

ထို့နောက် International University of Japan (IUJ) သို့ ရောက်ရှိရာတွင် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး Nippon Foundation ၏ ထောက်ပံ့ကူညီမှုဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် IUJ တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဌာနအတွင်းရှိ အမှုထမ်း၊ အရာထမ်းများ၏ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများ၊ တိုးတက်ဖြစ်ထွန်းမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး အဆိုပါတက္ကသိုလ်တွင် မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများမှ ပညာတော်သင် တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မတ် ၃၁ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကိုဆက်သွယ်သည့် အဓိကလမ်းမကြီးဖြစ်သော ရန်ကုန် - ပုသိမ်လမ်းအား ခရိုင်အဖွဲ့၊ အထူးအဖွဲ့များဖြင့် အပိုင်းလိုက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်နေမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန် - ပုသိမ်လမ်းမကြီးနှင့် ဆက်သွယ်သော အရှည်နှစ်မိုင်ရှိ မိချောင်းတရာ - ဘဲဂရက်ကြီးလမ်းအား မြေသားတာပေါင်ချဲ့ခြင်း၊ တာပေါင်ဖို့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းနိုင်ရန်အတွက် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၆) မှ တာဝန်ယူတည်ဆောက်နေသော ပုသိမ်တံတား အမှတ် (၂) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သစ်သစ်အောင်က ပုသိမ်ဘက်ကမ်းနှင့် စိန်ကုန်းဘက်ကမ်းတွင် ချဉ်းကပ်တံတား ဘိုးပိုင်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ Pile Cap လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပင်မတံတားရေလယ် (RP - 2) Bored Pile တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး(**ယာအပေါ်ပုံ**) ရှင်းလင်းဆောင် ရှုရပ်မှ ရေလယ်(RP-2)ဘိုးပိုင်တူးခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။





**သံမဏိ သံပေါင်တံတား**

ပုသိမ်တံတား အမှတ် (၂) သည် ငဝန်မြစ်ကိုဖြတ်ကျော်ကာ ပုသိမ်မြို့တွင်းနှင့် ငဝန်မြစ်အနောက်ဘက်ကမ်း စိန်ကုန်းလူနေရပ်ကွက်များသို့ တိုက်ရိုက်ဆက်သွယ်ထားပြီး စုစုပေါင်းတံတားအရှည် ပေ ၂၃၈၀ ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ငါးပေစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၄၁၆ ပေ၊ အမြင့် ပေ ၆၀ ရှိသည်။ တံတားအမျိုးအစားမှာ သံမဏိသံပေါင်တံတားဖြစ်ပြီး တံတား၏ခံနိုင်ဝန်မှာ HS 25 Load Class ဖြစ်သည်။

**ချိတ်ဆက်သွားလာနိုင်မည်**

တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ငဝန်မြစ် အနောက်ဘက်ကမ်းမှ ဒေသခံပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေမည်ဖြစ်ပြီး ချောင်းသာ၊ ငွေဆောင်ကမ်းခြေ အပါအဝင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ကမ်းခြေလမ်းများကို ချိတ်ဆက်သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ဂျပန်နိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ


ယဉ်ကျေးမှုတက္ကသိုလ်မှ ဒေါက်တာ ဒေါ်စုဇာဇာက မြန်မာ့စောင်းဖြင့် ဖျော်ဖြေစဉ်။

**ရန်ကုန် မေ ၁**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)တွင် ဖွင့်လှစ်ထားသော ဂျပန်ဖောင်ဒေးရှင်းရုံးတွင် ယနေ့ ညနေပိုင်းက ဂျပန်ဖောင်ဒေးရှင်းရုံးသစ်တက်ပွဲနှင့် ဂျပန်နိုင်ငံ၏ ကမ္ဘာ့ယဉ်ကျေးမှုစာရင်းဝင်သော နေရာဒေသနှင့် အဆောက်အအုံများ၏ ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

**ဖျော်ဖြေ**

အခမ်းအနားတွင် ဂျပန်ဖောင်ဒေးရှင်း(ရန်ကုန်)၏ ဒါရိုက်တာဖြစ်သူ Mr. Koji Sato က ဓာတ်ပုံပြပွဲဖွင့်လှစ်ပြသရခြင်းနှင့်ပတ်သက်ပြီး ပြောကြားကာ ယဉ်ကျေးမှုတက္ကသိုလ်မှ ဒေါက်တာ ဒေါ်စုဇာဇာက မြန်မာ့စောင်းဖြင့် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ သီချင်းတစ်ပုဒ်စီဖြင့် ဖျော်ဖြေသည်။

**ပြသသွားမည်**

ဂျပန်ဖောင်ဒေးရှင်းရုံးသစ်တက်ပွဲတွင် ဂျပန်နိုင်ငံရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဓာတ်ပုံများ၊ ရုပ်ရှင်၊ ဂီတနှင့် အားကစားဆိုင်ရာစာအုပ်များ၊ ဆာမူရိုင်းလက်နက်နှင့် ဝတ်စုံများကို ပြသသွားမည်ဖြစ်ပြီး ဂီတပွဲများနှင့် တစ်လတစ်ကြိမ် ဂျပန်ရုပ်ရှင်ကို ပရိုဂျက်တာဖြင့် ပြသသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် UNESCO အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာ ၂၂ နေရာရှိပြီး ၁၈ နေရာမှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စာရင်းဝင်ဖြစ်၍ ကျန်သောလေးနေရာမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမွေအနှစ်နေရာများဖြစ်ကြောင်း သိရသည်။

**ထုတ်ဝေခဲ့**

အဆိုပါကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထင်ကရနေရာများ၏ ရှုမျှော်ခင်းများကို ဂျပန်နိုင်ငံ၏နာမည်ကြီး ဓာတ်ပုံဆရာဖြစ်သော မီဇုနို ခဆုဟိခိုက ရိုက်ကူးထားခြင်းဖြစ်ပြီး ၂၀၀၂ ခုနှစ်အတွက် ဂျပန်နိုင်ငံ Fore World Magazing က ထောက်ပံ့ချီးမြှင့်သည့် Fore World စာအုပ်၏ "အိမ်နှင့်ဥယျာဉ်" ဓာတ်ပုံအမျိုးအစားအတွက် ရွှေတံဆိပ်ဆုရရှိခဲ့ကာ ဓာတ်ပုံပေါင်းချုပ် စာအုပ်ပေါင်း ၁၄၀ ကို ထုတ်ဝေခဲ့ကြောင်း သိရသည်။

ဂျပန်ဖောင်ဒေးရှင်းရုံးရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဓာတ်ပုံများကို မေ ၂ ရက်မှ ၂၇ ရက်အထိ တနင်္လာနေ့နှင့် တနင်္ဂနွေနေ့မှအပ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက် ၊ ဓာတ်ပုံ - သန်းစိုး**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁ -** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ဧရာဝတီတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ

## အဂတိဖြစ်တတ်သည့် နယ်ပယ်များကို ဖော်ထုတ်ထိန်းချုပ်ရန် စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား

**ပုသိမ် မေ ၁**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ဧရာဝတီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းက ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပြည်သူကို ဗဟိုပြုသည့် အုပ်ချုပ်ရေးယန္တရား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းခဲ့သည်မှာ သုံးလကျော်ရှိပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်၊ နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ပြည်သူများလိုလားသည့် နိုင်ငံရေးစနစ်နှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြုပြင်ပြောင်းလဲနိုင်ရန် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ လက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဝါရင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဟောင်းများ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ထွက်ပေါ်လာသည့် ရလဒ်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အကြံပေးအဖွဲ့၏ အကြံပြုချက်များအပေါ် အခြေခံ၍ ဌာန၏ မျှော်မှန်းချက် (Vision)ဖြစ်သည့် ပြည်သူကို ဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးကို ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် လုပ်ငန်းတာဝန် (၄)ရပ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် အကောင်အထည် ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် (၃)ရပ်ဖြစ်သည့် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ လုပ်ထုံးလုပ်နည်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် ဒေသဖွံ့ဖြိုးရေးနှင့် လုပ်နည်းစနစ်ကောင်းများ တည်ဆောက်ရေးတို့ကိုလည်း ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

**ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ**

"ပြုပြင်ပြောင်းလဲမှုစံနမူနာပြ ထွေအုပ်က" ဆိုသည့်အတိုင်း ဖြစ်လာစေရန်အတွက် ဖော်ထုတ်ရရှိခဲ့သည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို Time Frame သတ်မှတ်၍ ဆောင်ရွက်မည့် လုပ်ငန်းစဉ်အပိုင်းအလိုက် စီမံချက်ရေးဆွဲဆောင်ရွက်ရန်လည်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အကြံပေးအဖွဲ့၊ ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း။

အနှစ်သာရ ပြုပြင်ပြောင်းလဲရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအဆင့်ဆင့် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလက်စွဲ (Manual) များ၊ ဝန်ထမ်းကျင့်ဝတ်(Code of Conduct)များ ရေးဆွဲရန်၊ ပြဋ္ဌာန်းသတ်မှတ်ချက်များကို ပြန်လည်သုံးသပ်နိုင်ရန် ဝန်ကြီးဌာနအဆင့် (Regulatory Review Unit) ကို ဖွဲ့စည်းဆောင်ရွက်သွားရန် လုပ်ဆောင်နေပါကြောင်း။

ထို့အပြင် ပြည်သူလူထုအတွက် ရိုးရှင်းသည့်၊ လွယ်ကူသည့်စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းသတ်မှတ်ချက်များအပေါ် ဖြေလျှော့သင့်သည်များ၊ ပြင်ဆင်သင့်သည်များကို ပြန်လည်သုံးသပ်၍ အကြံပေးအဖွဲ့၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်း၍ အတည်ပြုပြဋ္ဌာန်းသတ်မှတ်ပေးရမည့် လုပ်ငန်းစဉ်များလည်း ရှိပါကြောင်း။

**ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့်အခွင့်အရေး**

ဦးစားပေးပြောင်းလဲရန် မျှော်မှန်းထားသည့် ပြည်သူလူထုအတွက် ရိုးရှင်းလွယ်ကူသည့် စီမံခန့်ခွဲမှုစနစ်၊ ဝန်ဆောင်မှုပုံစံဆိုသည်မှာ ပြည်သူများ အချိန်ကုန်သက်သာမည်၊ ဝန်ထုပ်ဝန်ပိုးများ လျော့နည်းမည်၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေး၊ ဝန်ဆောင်မှုကို အားလုံး တန်းတူညီမျှ ရရှိနိုင်မည့် စနစ်မျိုး၊ ပုံစံမျိုးကို ဖော်ထုတ်ပေးနိုင်ရန် ဖြစ်ပါကြောင်း။

ဥပမာဆိုပါက-ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကို ပြည်သူက ရယူလို၍ လျှောက်ထားလာပါက ရုံးပေါင်းစုံ၊ ဌာနပေါင်းစုံကို အလီလီသွားနေရပါကြောင်း၊ အချိန်ကုန်ပါကြောင်း၊ ဝန်ထုပ်ဝန်ပိုးဖြစ်သည်ဆိုသည့် ပြည်သူ့အသံများကို ကြားသိရခြင်းကြောင့် ထိုကဲ့သို့ အခက်အခဲများ၊ ဝန်ထုပ်ဝန်ပိုးများကို ဖြေလျှော့ပေးနိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) များကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှစ၍ ဖွင့်လှစ်ထားခဲ့ပြီး ဖြစ်ပါကြောင်း။

အလားတူ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအပါအဝင် ဌာနအများဆုံး ၁၅ ခုအထိ ပါဝင်သည့် OSS ရုံးများကို ယနေ့အထိ တစ်နိုင်ငံလုံးတွင် ၃၁၆ ရုံး ဖွင့်လှစ်ထားခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော် လက်တွေ့ဆောင်ရွက်သည့်အခါ ယင်း OSS ရုံးများမှာ ပြည်သူများ၏ အခက်အခဲကို မဖြေရှင်းပေးနိုင်ဘဲ ပြည်သူများ သွားလာရသည့် ရုံးတစ်ရုံးသာ ပိုလာသည်ဆိုသည့်ရုံးမျိုး မဖြစ်စေချင်ပါကြောင်း။

**နားလည်အောင် ရှင်းပြနိုင်ရမည်**

OSS ရုံးကို သွားမေးလိုက်သည်နှင့် အစိုးရက ပေးသည့် မည်သည့်ဝန်ဆောင်မှုလုပ်ငန်းမဆို ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းရှင်းလင်းလင်း နားလည်အောင်၊ သိသွားအောင် ရှင်းပြနိုင်ရမည်၊ လိုအပ်သည့် အထောက်အထား၊ အချက်အလက်များအတွက် ပုံစံများကို လိုအပ်ပါက တစ်ပါတည်း ပေးလိုက်နိုင်ရမည်ဖြစ်ပါကြောင်း၊ ယင်းသည် အလွယ်တကူ ပြောင်းလဲ၍ရသည့် ပထမအဆင့် ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် မည်သည်မှာ အမှန်တကယ်လိုအပ်ပြီး မည်သည်ကို ဖြေလျှော့ပေးနိုင်မည် စသည့် ဖြေလျှော့မှုများ၊ ပြင်ဆင်မှုများ၊ ထို့အတူ ထောက်ခံချက်များ၊ စိစစ်ချက်များကို သက်ဆိုင်ရာဌာနများမှ စိစစ်ပေးသည့်နေရာတွင် အချိန်ကာလ သတ်မှတ်ပေးနိုင်မည့် စသည်ဖြင့် ပြုပြင်ပြောင်းလဲနိုင်ရန် မိမိတို့ အကြံပေးအဖွဲ့များ၊ ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးနေပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် OSS ရုံးတွင် လက်တွေ့ဆောင်ရွက်နေသည့် ဝန်ထမ်းများဖြစ်၍ အားသာချက်များ၊ အားနည်းချက်များကို သိမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

**လုပ်ထုံးလုပ်နည်းစံနှုန်း ရေးဆွဲနိုင်ရန်**

ထို့ကြောင့် OSS ရုံးများ အရည်အသွေးမြှင့်တင်ရေးနှင့် ပိုမိုအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးတို့အတွက် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဌာနဆိုင်ရာများ၏ ပံ့ပိုးကြီးကြပ်ကွပ်ကဲမှုများနှင့် ဗဟိုချုပ်ကိုင်မှုများ လျှော့ချ၍ လုပ်ထုံးလုပ်နည်းအချို့ကို ဖြေလျှော့ပေးရန် လိုအပ်သည့်အပြင် လုပ်ငန်းများကိုလည်း အထောက်အကူဖြစ်စေရန် လုပ်ထုံးလုပ်နည်း စံနှုန်း (SOP) ရေးဆွဲနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ထမ်းများအနေဖြင့် အကြံပြုလိုသည်များရှိပါက တိုင်းအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ဖြစ်စေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် ဖြစ်စေ၊ မိမိဝန်ကြီးရုံးအဖွဲ့ထံ တိုက်ရိုက်ဖြစ်စေ ပေးပို့နိုင်ပါကြောင်း။

**အကြံပြုစာနှင့်တိုင်ကြားစာအတွက် သီးခြားကဏ္ဍ**

ယခုဆိုလျှင် မိမိတို့ရုံးအဖွဲ့မှ Facebook လူမှုကွန်ရက်တွင် ဝန်ကြီးဌာန Page ဖွင့်ထားပါကြောင်း၊ ယင်းကိုလည်း တိုက်ရိုက်ပေးပို့ အကြံပြုနိုင်ပါကြောင်း၊ မကြာမီ လွှင့်တင်မည့် ဝန်ကြီးဌာန Website တွင်လည်း အကြံပြုစာနှင့် တိုင်ကြားစာအတွက် သီးခြားကဏ္ဍတစ်ခု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ e-Government စနစ်ကို အထောက်အကူပြုနိုင်ရန် ရုံးမှတ်တမ်းထိန်းသိမ်းရေး၊ ဌာနမှပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို IT နည်းပညာသုံး၍ ပိုမိုထိရောက်စွာ ဆောင်ရွက်ရန် Software များ၊ Application များ ရေးဆွဲသွားရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းများအားလုံးအတွက် အရေးကြီးသည့် ဝန်ထမ်းပြောင်းရွှေ့ရေးမှု၊ လူသားအရင်းအမြစ်များကို စီမံခန့်ခွဲမှုစနစ်ကို ပွင့်လင်းမြင်သာမှုရှိအောင် ညီတူညီမျှဖြစ်အောင် ပြောင်းလဲပြင်ဆင်နိုင်ရန်လည်း ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှလည်း Pilot Project အနေဖြင့် ဝန်ကြီးဌာနများတွင် Corruption Prevention Unit (CPU)များ ဖွဲ့စည်းရန် ဆောင်ရွက်နေသည်များ ရှိပါကြောင်း။

**အဂတိတရားလျော့နည်းပပျောက်ရေးအတွက်**

မိမိတို့ဝန်ကြီးဌာနမှလည်း မကြာမီ အဆိုပါ CPU ကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး အဂတိတရား လျော့နည်းပပျောက်ရေးအတွက် မဖြစ်ခင်ကြိုတင်ကာကွယ်ရန်၊ တိုင်ကြားနိုင်သည့် စနစ်ထားရှိရန်၊ ကျော်စောသတင်းထွက်လျှင် ခေါ်ယူသတိပေးရန်၊ အဂတိဖြစ်တတ်သည့် နယ်ပယ်များကို ဖော်ထုတ်ထိန်းချုပ်ရန်အတွက် စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်**

ထို့အတူ မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အရည်အချင်း၊ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန်ကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အဓိကကျပြီး ၂၀၀၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည့် အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း (Institute of Development Administration)ကို အဆင့်မြှင့်တင်ရန်နှင့် ဖွဲ့စည်းပုံပြင်ဆင်ရန်၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ဆွေးနွေး၍ သင်ရိုး၊ သင်ခန်းစာ၊ သင်တန်းများ ပြောင်းလဲရန်၊ နိုင်ငံတကာအဆင့်မီ သင်တန်းကျောင်းများနှင့် ချိတ်ဆက်၍ အုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရန်၊ သင်တန်းကျောင်းကို လိုအပ်သည့် ထောက်ပံ့မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ယင်းတို့သည် မိမိတို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပြုပြင်ပြောင်းလဲရေးကို စနစ်တကျ ဖော်ဆောင်သွားမည့် အစီအမံအချို့ကို ဝန်ထမ်းများ သိရှိနားလည်သဘောပေါက်အောင် ရှင်းလင်းချပြခြင်းဖြစ်ပါကြောင်း၊ ယင်းအစီအမံများ၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရမည့်အချိန်တွင် ဝန်ထမ်းများအနေဖြင့် ပြုပြင်ပြောင်းလဲလိုသည့် စိတ်ဓာတ်၊ ခံယူချက်၊ ယုံကြည်ချက်များနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မိမိတို့အနေဖြင့် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း။

**လုပ်နည်းလုပ်ဟန်များ ပြုပြင်ပြောင်းလဲနိုင်**

နိဂုံးချုပ်အနေဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် နိုင်ငံတော်၏ အဓိကကျသည့် အုပ်ချုပ်ရေးကျောရိုးမဏ္ဍိုင်ကြီးဖြစ်သည်နှင့်အညီ ပြည်သူကို ဗဟိုပြုသည့် အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စံနမူနာပြု ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရား ကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာ တည်ဆောက်ကြစေလိုကြောင်း၊ ပြည်သူနှင့် တွေ့ဆုံပါ၊ တိုင်ပင်ပါ၊ ပြည်သူများထံမှ အကြံဉာဏ်ရယူပြီး ပြည်သူနှင့် တစ်သားတည်း ရပ်တည်ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို လိုက်နာပြီး လုပ်နေကျအလုပ်များကို ပိုမိုကောင်းမွန်အောင်၊ ပိုမိုထိရောက်အောင် လုပ်နည်းလုပ်ဟန်များကို ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားဆောင်ရွက်ကြပါဟု အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာဆောင်ရွက်ရန်မှာကြားသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ဧရာဝတီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံစဉ်။** သတင်းစဉ်

## စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း (၁၈)ကြိမ်မြောက် စုပေါင်း သွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် မေ ၁**

'စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း'က ကြီးမှူးပြုလုပ်မည့် (၁၈) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ မေ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါစုပေါင်း သွေးလှူဒါန်းပွဲသို့ မည်သူမဆို ပါဝင် သွေးလှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေး ထောက်ပံ့မှုများအပြင် 'စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း'မှ အမှတ်တရလက်ဆောင်တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့်သူများအနေဖြင့် 'စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း' ဖုန်း ၀၉-၄၄၉၂၅၃၇၆၇၊ ၀၉-၇၉၅၅၆၃၄၀၀ တို့သို့ မေ ၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

## မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည် ဖြစ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့ တရုတ်နိုင်ငံ ချင်းတောင်ရုပ်ရှင်ပြတိုက်တွင် ကြည့်ရှုလေ့လာ

**ချင်းတောင် မေ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှတစ်ဆင့် ဆန်းတုန်းပြည်နယ် ချင်းတောင်မြို့သို့ ရောက်ရှိကြပြီး ချင်းတောင်ရုပ်ရှင်ပြတိုက်တွင် ကြည့်ရှုလေ့လာကြသည်။

**ချင်းတောင်ရုပ်ရှင်ပြတိုက်တွင် ကြည့်ရှုလေ့လာ**

၁၉၀၂ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး တရုတ်နိုင်ငံ၏ အစောဆုံးရုပ်ရှင်ရုံဖြစ်ခဲ့သော ချင်းတောင်ရုပ်ရှင်ပြတိုက်တွင် ခေတ်အဆက်ဆက် ရုပ်ရှင်ဆိုင်ရာ ခင်းကျင်းပြသထားရှိမှုများ၊ အခန်းဖွဲ့ ပြင်ဆင်ထားသော ရုပ်ရှင်ပြခန်းများကို ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး**

ထို့နောက် ချင်းတောင်မြို့ ယဉ်ကျေးမှုခရီးသွားဌာနနှင့် ချင်းတောင်ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦနှင့် နည်းပညာဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဖိတ်ခေါ် ဆွေးနွေးခဲ့ကြသည်။

**ရှေးအကျဆုံး ရုပ်ရှင်သမိုင်းသက်သေ**

ချင်းတောင်မြို့ရှိ ရုပ်ရှင်ပြတိုက်ကို ဂျာမန်ပညာရှင်များက ၁၉၉၉ ခုနှစ်တွင် ပုံစံထုတ် ဒီဇိုင်းရေးဆွဲခဲ့ပြီး ၁၉၀၇ ခုနှစ်တွင် ဆောက်လုပ်ခဲ့သော သုံးထပ်ရုပ်ရှင်ရုံ အဆောက်အဦဖြစ်သည်။ ၎င်းရုပ်ရှင်ရုံ အဆောက်အဦကို ၂၀၁၃ ခုနှစ်တွင် ရှေးမူမပျက် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ပြီး ပြတိုက်အဖြစ် ခင်းကျင်းပြသထားရှိမှုအပြင် ရုပ်ရှင်ပြခန်းငယ်များ ပြုလုပ်ပြသခြင်း၊ စားသောက်ဖွယ်ရာ အရောင်းဆိုင် တွဲဖက်ဖွင့်လှစ်ခြင်းများဖြင့် တရုတ်နိုင်ငံ၏ ရှေးအကျဆုံး ရုပ်ရှင်သမိုင်းသက်သေနှင့် ဂုဏ်ယူဖွယ်ရာ ပြယုဂ်တစ်ခုအဖြစ် ထိန်းသိမ်းထားရှိသည်။ **သတင်းစဉ်**




# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ကိုယ်စားလှယ်လောင်းများစာရင်း ယနေ့ အပြီးသတ်ကြေညာ

ရန်ကုန် မေ ၁

**ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်အတွင်းတွင် မတ် ၃၁ ရက်က ကျင်းပခဲ့သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် အနိုင်ရရှိသူ ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာ ရွေးကောက်ပွဲကော်မရှင်က ယနေ့ အပြီးသတ် ထုတ်ပြန်ကြေညာသည်။**

**ဝင်ရောက်ယှဉ်ပြိုင်**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် မြို့တော်ကော်မတီဝင်နေရာအတွက် ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ခြောက်ဦး အနိုင်ရရှိခဲ့ကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနေရာအတွက် ၉၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၃၃ ဦး အနိုင်ရရှိခဲ့ကြောင်း၊ မြို့နယ်အဖွဲ့ဝင်(၁) နေရာအတွက် ၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၃၃ ဦး အနိုင်ရရှိခဲ့ကြောင်းနှင့် မြို့နယ်အဖွဲ့ဝင်(၂) နေရာအတွက် ၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၃၃ ဦး အနိုင်ရရှိခဲ့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာ ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။



**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် အနိုင်ရရှိသူ ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာစဉ်။**

အဆိုပါ ရွေးကောက်တင်မြှောက်ပွဲတွင် မြို့တော်ကော်မတီဝင်နေရာအတွက် မဲဆန္ဒနယ်(၁)မှ ဦးဝင်းမြင့်သန်း၊ မဲဆန္ဒနယ်(၂)မှ ဦးသူရအောင်၊ မဲဆန္ဒနယ် (၃)မှ ဦးစိုးလွင်၊ မဲဆန္ဒနယ် (၄)မှ ဦးစိန်အုန်း၊ မဲဆန္ဒနယ် (၅)မှ ဒေါ်နန်းစုရွှေစင်နှင့် မဲဆန္ဒနယ် (၆)မှ ဦးမင်းဟန်တို့ အသီးသီးအနိုင်ရရှိသွားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာ ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

မြို့တော်ကော်မတီဝင် နေရာအတွက် မဲဆန္ဒနယ် (၆)မှ အနိုင်ရရှိခဲ့သည့် ဦးမင်းဟန်က “နံပါတ်တစ်ကတော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်သွားချင်တယ်။ ပြည်သူတွေစားသုံးရန် မသင့်တဲ့ အစားအစာတွေကို FDA နဲ့ ပူးပေါင်းပြီး အသိပညာပေးတွေ ဆောင်ရွက်သွားမယ်။ နံပါတ်နှစ်က စည်းကမ်းပိုင်းပေါ့။ စည်းကမ်းပိုင်းတွေကို ကြပ်ကြပ်မတ်မတ် လုပ်ဆောင်သွားမယ်။ ယာဉ်ကြောကျပ်တာတွေကိုလည်း လုပ်ဆောင်သွားမယ်။ အဲဒါတွေကို အဓိကထား လုပ်သွားမယ်။ မဖြစ်မနေလုပ်ရမယ့် ကိစ္စတွေကလည်းရှိနေပါတယ်။ အမှိုက်ကိစ္စ၊ ရေမြောင်းပိတ်တဲ့ ကိစ္စတွေကိုလည်း လုပ်ဆောင်သွားရမှာပါ”ဟု ပြောသည်။

မြို့တော်ကော်မတီဝင် နေရာအတွက် မဲဆန္ဒနယ်(၄)မှ အနိုင်ရရှိခဲ့သည့် ဦးစိန်အုန်းက “ရွေးကောက်ပွဲ မဲဆွယ်ကာလမှာ ပြည်သူကို ဘာကတိပေးခဲ့လဲဆိုတော့ မသန့်ရှင်းသော ထမင်းတစ်လုတ်လုံးဝ မစားပါဘူးဆိုတာ ပြောခဲ့ပါတယ်။ အဂတိတရားလေးပါး ကင်းရှင်းစွာနဲ့ အလုပ်လုပ်ပါမယ်လို့ ကတိပေးခဲ့တယ်။ ရန်ကုန်မြို့ရဲ့ လိုအပ်ချက်က အလွန်ကြီးတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာတော့ အဓိက နောက်ဖေးလမ်းကြားပဲ။ နောက်ဖေးလမ်းကြားက ကျောက်တံတားမှာဆို တော်တော်သန့်နေပြီ။ ကျွန်တော်တို့ လမ်းတွေမှာတော့ တော်တော်များများ ကျန်သေးတယ်။ ဒလတို့၊ ဆိပ်ကြီးခနောင်တို တို့ကျတော့ ရန်ကုန်မြို့နဲ့ယှဉ်ရင် ဖွံ့ဖြိုးတိုးတက်မှုက ကွာဟသွားပြီ။ ဒလဘက်မှာလည်း လိုအပ်ချက်က အများကြီးပဲ။ လုပ်စရာတွေက အများကြီးပါပဲ”ဟု ပြောသည်။

**မဲရုံပေါင်း ၂၈၇၉ ရုံ ဖွင့်လှစ်**

စည်ပင်ရွေးကောက်ပွဲကို ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် မဲဆန္ဒနယ် ၆ ခု သတ်မှတ်ကာ မဲရုံပေါင်း ၂၈၇၉ ရုံ ဖွင့်လှစ်ကျင်းပခဲ့ကြောင်း၊ မဲဆန္ဒနယ် (၁)တွင် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သင်္ဃန်းကျွန်း၊ မဲဆန္ဒနယ် (၂)တွင် ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ မဲဆန္ဒနယ်(၃)တွင် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ တာမွေ၊ ကမာရွတ်၊ ရန်ကင်း၊ မဲဆန္ဒနယ်(၄)တွင် ကျောက်တံတား၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ မဲဆန္ဒနယ်(၅)တွင် လှိုင်သာယာ၊ အင်းစိန်၊ မဲဆန္ဒနယ်(၆)တွင် မရမ်းကုန်း၊ လှိုင်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်တို့ ပါဝင်ကြကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေအရ ယခု မြို့တော်ကော်မတီဝင်နေရာအတွက် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ် ခြောက်ဦးထဲမှ တစ်ဦးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်အဖြစ် အစိုးရခန့် မြို့တော်ကော်မတီဝင် ငါးဦးနှင့် ရွေးကောက်ခံ ခြောက်ဦးတို့က လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာ ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။ **မင်းသစ်(MNA)**

**ဓာတ်ပုံ-ဇင်မင်း**

# ခရမ်းမြို့နယ်အသင်း(ရန်ကုန်) စုံညီစည်းဝေးကျင်းပ

**ရန်ကုန် မေ ၁**

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) သည် နိုင်ငံတော်အစိုးရကပေးအပ်သည့် ဇာတိမြေမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်ပွဲ၊ ခရမ်းအသင်းသား အသင်းသူများ သားသမီးများထဲမှ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးကို မတ် ၃၁ ရက်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ခရမ်းဇာတိဖွား ဆရာတော်ကြီး ခုနစ်ပါးအား ဂုဏ်ပူဇော် ပူဇော်ခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ နေ့ဆွမ်း ဆက်ကပ်ခြင်းစသော ဆောင်ရွက်မှုများကိုပြု၍ ရေစက်ချတရားနာကြားသည်။

ယင်းနောက် အသင်းနှစ်ပတ်လည် အစည်းအဝေးကိုပြုလုပ်ပြီး တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေးရရှိကြသည့် ခရမ်းသူ ခရမ်းသားများ၏ သားသမီး ကျောင်းသား ကျောင်းသူများ၊ ခရမ်းမြို့နယ်အတွင်း ထက်၊ လယ်၊ မူအဆင့် ထူးချွန်ကျောင်းများ၊ မြို့နယ်အတွင်းမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားထူးချွန်သူများ၊ လေ့လာရေးကျောင်းသား စာစီစာကုံးဆုရသူများကို အသင်းနာယက ဦးမောင်မောင်သိန်း၊ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်မိုရ်ဆွေ)နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

**ခရမ်းစိုးမြင့်**

သင့်ကြောင့် ယာဉ်အန္တရာယ်မဖြစ်ပါစေနှင့်၊
SAT
ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှု
၂၀၁၉ခုနှစ် မေလ(၂)ရက်နေ့မှ (၆)ရက်နေ့အထိ
မြန်မာနိုင်ငံယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့(MORS)

## မြန်မာ့ရုပ်မြင်သံကြား

၂-၄-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်တတိယတစ်နှစ်တာ "ဆောက်လုပ်ရေးဝန်ကြီးဌာန"
- ၉း၁၅ - ဥပဒေရေးရာအဖြာဖြာ "ဥပဒေရေးရာသိကောင်းစရာ အဖြာဖြာ"(၁)
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၀း၃၀ - အောင်မြင်စွာ ဖွင့်လှစ် မြောင်းမြတံတားအသစ်
- ၁၁း၃၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "တွယ်ငြိတတ်သည်"
- ၁၄း၂၀ - Yes or No Talk Show
- ၁၄း၄၀ - "ပင်လယ်ပျော်များရဲ့ အားမာန်"

**ညပိုင်း**

- ၁၆း၃၅ - "သမိုင်းပြတိုက်ထဲကချစ်စရာ ပန်းကလေးတို့မြေ"
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
- ၁၈း၂၀ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ (အကယ်ဒမီအေးမြတ်သူ)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၉၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"
- - အနုပညာခန်းရိပ်သာ "ဆရာကောင်းသန့်နှင့် တွေ့ဆုံဆွေးနွေးခန်း"
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၂၀)

## အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်

**နေပြည်တော် မေ ၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ အမှတ် (၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်ပိုင် မြေကွက်တွင် မြေဖို့လုပ်ငန်းဆောင်ရွက်ပေးရခြင်း၊ ၎င်းပိုင်မြေကွက်၌ အိမ်ဆောက်လုပ်သည့် အင်ဂျင်နီယာအား ငွေပေးရန်အတွက် ဖုန်းဖြင့်ဆက်သွယ်တောင်းခံလာသဖြင့် ၎င်းပေးသည့် Bank Account သို့ ငွေထည့်သွင်းပေးခဲ့ရပြီး ဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့အကြား အငြင်းပွားမှုဖြစ်ပေါ်မှသာ ပြန်လည်ပေးအပ်ခဲ့ခြင်းတို့အား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ၂၀၁၄ ခုနှစ်အတွင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပဒုမ္မာလမ်း သုန္ဒရီ (၂)လမ်းနှင့် (၃)လမ်းအကြားရှိ ၎င်းပိုင်မြေကွက် အမှတ် (A064) တွင် မြေညှိမြေဖို့ခြင်းလုပ်ငန်းအား ဆောင်ရွက်စေပြီး ကုန်ကျငွေကျပ် ၃၂၇၂၀၀၀ ကို ကုမ္ပဏီမှ ပေးချေစေခြင်း၊ ၂၀၁၆ ခုနှစ် သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ၎င်း၏မိသားစုနှင့်အတူ ငပလီကမ်းခြေ အပန်းဖြေခရီးသွားရောက်ရာတွင် ဟိုတယ်အခန်းခ ငွေကျပ် ၄၂၁၆၉၀၅ ကို ကုမ္ပဏီမှ ပေးချေစေခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဝန်ဆောင်ခနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်များရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သောကြောင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြိတ်မြို့၌ မီးလောင်မှုဖြစ်၍ နေအိမ်နှစ်လုံး ဆုံးရှုံး

**မြိတ် မေ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အေးချမ်းသာယာရပ်ကွက် ကံ့ကော်လမ်းနှင့် သစ္စာလမ်းထောင့်၌ မတ် ၃၁ ရက် ည ၈ နာရီခန့်က မီးလောင်မှုဖြစ်ကာ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ အေးချမ်းသာယာရပ်ကွက် ကံ့ကော်လမ်းနှင့် သစ္စာလမ်းထောင့်ရှိ ဦးမင်းဟို (၅၃)နှစ်၏ နေအိမ်တွင် ငှားရမ်းနေထိုင်သည့် မဇင်မာနိုင် (၃၆) နှစ်သည် ဘုရားစင်ပေါ်တွင် အမွှေးတိုင်မီး ပူဇော်ထားရှိခဲ့ပြီး ဟင်းဝယ်သွားစဉ် အမွှေးတိုင်မီးညွန့်ကျိုးကျပြီး ဘုရားစင်အောက်ရှိ ခေါင်းအုံးပေါ်သို့ကျ၍ မီးလောင်ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးငြှိမ်းသတ်ယာဉ် ၂၀ စီး၊ ရေသယ်ယာဉ်လေးစီးဖြင့် ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ည ၈နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုကြောင့် မဇင်မာနိုင်နေထိုင်သော နေအိမ်တစ်လုံးနှင့် အနီးရှိ ကိုချစ်မိုးအောင်၏ နေအိမ်တို့ မီးလောင်ဆုံးရှုံးသွားသဖြင့် မဇင်မာနိုင်အား မြိတ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မိုးကုတ်မြို့နယ်၌ မီးလောင်မှုဖြစ်

**မိုးကုတ် မေ ၁**

မိုးကုတ်မြို့ ဘော်လုံးကြီးကျေးရွာတွင် မတ် ၃၁ ရက် ည ၉ နာရီ ၁၅ မိနစ်က ဒွေးပိုင် ကျောက်မျက်ကုမ္ပဏီဝင်းအတွင်း မီးလောင်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းကျောက်မျက်ကုမ္ပဏီနှင့် ကျေးရွာမှ ခဲစာရှေး (ကျောက်ရှာ) သောအဖွဲ့တို့ အငြင်းပွားမှု ဖြစ်ရာမှ ကျေးရွာသား ၁၀၀ ခန့်က လုပ်ကွက်အတွင်းဝင်ရောက်ကာ ကုမ္ပဏီပိုင် မော်တော်ယာဉ်နှစ်စီး၊ ဆိုင်ကယ်ငါးစီးနှင့် အဆောက်အအုံငါးလုံးတို့ကို မီးရှို့ရာမှ မီးလောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မီးလောင်ရာနေရာသို့ လာရောက်မီးငြှိမ်းသတ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ကျေးရွာလူထုမှ ဝင်ရောက်ငြှိမ်းသတ်ရန် ခွင့်မပြုခြင်းကြောင့် စောင့်ဆိုင်းနေရကာ ည ၁၀ နာရီခွဲမှသာ ခွင့်ပြုချက်ရရှိသဖြင့် မီးစတင်ငြှိမ်းသတ်ခဲ့ရာ ယနေ့နံနက် ၁ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ရာနေရာသို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မီးငြှိမ်းသတ်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘုရင့်နောင်လမ်း ပါရမီ မီးပွိုင့်အနီး ယာဉ်လေးစီးဆင့်ကဲတိုက်မိ

**ရန်ကုန် မေ ၁**

ဘုရင့်နောင်လမ်းမပေါ် ပါရမီ မီးပွိုင့်အနီး ယနေ့ ည ၉ နာရီ ၁၅ မိနစ်ခန့်က မြို့တွင်းသွား အလယ်ယာဉ်ကြောတွင် ၁၀ ဘီးယာဉ်တစ်စီး၊ ပေ ၂၀ ကုန်သေတ္တာတစ်လုံးစီ တင်ဆောင်လာသော ၁၀ဘီးယာဉ်နှစ်စီးနှင့် ၁၈ဘီးနောက်တွဲယာဉ်တစ်စီး စုစုပေါင်း ယာဉ်လေးစီး ဆင့်ကဲတိုက်မိကြောင်း သိရသည်။

အဆိုပါ ယာဉ်လေးစီးဆင့်ကဲတိုက်မှုတွင် နောက်ဆုံးမှဝင်တိုက်သော ကုန်သေတ္တာတင်ယာဉ် AYY R/---- ၏ ယာဉ်မောင်းဖြစ်သူကို ယာဉ်ရှေ့မှန်ကွဲအပေါက်မှ ထမ်းစင်ဖြင့်သယ်ထုတ်ကာ ဆေးရုံသို့ပေးပို့လိုက်ရကြောင်း သိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားသည့် နေရာကို တာဝန်ရှိသူများက ယနေ့ည ၁၀ နာရီခွဲခန့်တွင် ယာဉ်များအား ရှင်းလင်းဖယ်ရှားပေးခဲ့သဖြင့် ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ သွားလာနိုင်ခဲ့ကြောင်း သိရသည်။

**ခင်ဆိုင်**

## ခန္တီးမြို့နယ်၌ တရားမဝင် ရွှေမျှောလုပ်ကိုင်နေသူအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**ခန္တီး မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် မကန်နော‌ကျေးရွာအနီး ချင်းတွင်းမြစ်ကမ်းတွင် နယ်မြေခံတပ်၊ မြို့မရဲစခန်းနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများသည် ယနေ့ ညနေ ၃ နာရီက တရားမဝင် ရွှေမျှောလုပ်ကိုင်နေသည့် မုံရွာမြို့ ထန်းတောရပ်နေသူ ဦးသန်းဇော် (၅၀ နှစ်)နှင့် ရေစကြိုမြို့နယ် ဝယ်ရာ ကျေးရွာနေသူ ဦးထွန်းမြင့်လွင် (၂၃ နှစ်) တို့ကို လုပ်ငန်းခွင်တွင် ဖမ်းဆီးရမိကြောင်း သိရသည်။

အဆိုပါနေရာတွင် တရားမဝင် ရွှေမျှောတွင်အသုံးပြုနေသော ဘက်ဟိုးသုံးစီးနှင့် ဆက်စပ် စက်ပစ္စည်းများ စုစုပေါင်း ကာလတန်ဖိုးမှာ ငွေကျပ် ၂၃၄၇သိန်းအား သိမ်းဆည်းရမိကြောင်း သိရသည်။

ခန္တီးမြို့နယ်အတွင်း တရားမဝင် ရွှေမျှောလုပ်ငန်းခွင်များမှ စွန့်ပစ်ရေဆိုးမြေစာများ ချင်းတွင်းမြစ်ထဲသို့ စွန့်ပစ်ခြင်းကြောင့် ချင်းတွင်းမြစ်တိမ်ကောလာပြီး မြစ်ဘေးရှိ ဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှုနှင့် နွေရာသီ အမြန်ရေယာဉ် သောင်တင်မှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ချန်လော (ခန္တီး)**

## မိုးသက်လေပြင်းတိုက်ခတ်၍ ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များ ပျက်စီး

**ကလေးဝ**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် မတ် ၃၁ ရက် ညနေ ၄ နာရီကျော်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် အခြားအဆောက်အအုံများ သွပ်မိုးလန်၍ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကလေးဝမြို့နယ်အတွင်းရှိ မြို့မ၊ ရွာသာ၊ သစ်ချောက်ကျေးရွာအုပ်စုတို့မှ အိမ်ထောင်စု ၆၇ စုမှ သွပ်မိုး ၉၂၂ ချပ်၊ ဘုန်းတော်ကြီးကျောင်းနှင့် အခြားအဆောက်အအုံများ သွပ်မိုးအချပ် ၃၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ခါမ်းပါတ်**

စစ်ကိုင်းတိုင်းဒေသကြီး ခါမ်းပါတ်မြို့တွင် မတ်၃၁ ရက် ညနေ ၄ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ခါမ်းပါတ်မြို့ အမှတ်(၁)ရပ်ကွက် အလယ်တန်းကျောင်းခွဲရှိ စာသင်ဆောင်တစ်ဆောင် အမိုးသွပ်ပြား အချပ်၁၀၀ခန့် လွင့်ပါသွားခဲ့ပြီးအမိုးများ ပျက်စီးခဲ့သည်။ **ဇော်ဝင်းထွန်း(ပြန်/ဆက်)**

**ဖယ်ခုံ**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ ညောင်ကုန်းရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် မတ် ၃၁ရက် မွန်းလွဲ ၂နာရီ ၁၅ မိနစ်ခန့်က လေပွေတိုက်ခတ်မှုကြောင့် ပင်မသစ်သား ကျောင်းဆောင် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပွေတိုက်ခတ်မှုကြောင့် အထကကျောင်းဝင်းအတွင်းမှ သက်တမ်း ၆၅ နှစ်ခန့်ရှိ တစ်ထပ်သစ်သားကျောင်းဆောင်၏ ခေါင်မိုးသွပ်များနှင့် သစ်သားအမိုးတန်းများ ပြုတ်ကျပျက်စီးခဲ့သည်။

ယင်းအထက (၁) ကျောင်းသို့ နယ်မြေခံတပ်ရင်းမှ



မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဖယ်ခုံမြို့နယ်ရှိ ကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးမှုကို တွေ့ရစဉ်။

တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက လန်ကျပျက်စီးခဲ့သော သွပ်များနှင့် သစ်များကို ဝိုင်းဝန်းသိမ်းဆည်းရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ထွေး(ပြန်/ဆက်)**

**မြောက်ဦး**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ အောင်တပ်ရပ်ကွက်၌ ယနေ့နံနက် ၁၂ နာရီခွဲက အချိန်အခါမဟုတ် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်လမ်းမီးတိုင်များ၊ ဆက်သွယ်ရေးဖုန်းတိုင်များနှင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျကာ လမ်းမပေါ်သို့ ပိတ်မိလဲကျသဖြင့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူတို့က ပူးပေါင်းရှင်းလင်းခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

**မတူပီ**

မတူပီမြို့နယ်အတွင်း မတ် ၃၁ ရက်ည ၁၁ နာရီ မိနစ် ၂၀ က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၇၇ လုံး၊ ဘုရားကျောင်း လေးကျောင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် စာသင်ကျောင်းဆောင် လေးဆောင် အမိုးလန်ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လောင်ဗန်းရပ်ကွက်၌ လူနေအိမ် ၁၅ လုံး၊ ဗဟိုဘုန်းကြီးကျောင်းဆောင်တစ်ဆောင်နှင့် အိမ်တွင်းမှုကျောင်းနည်းပြဆောင်တို့ အမိုးလန်ပျက်စီးသွားကြောင်း၊ စန်ဘောင်ရပ်ကွက်၌ လူနေအိမ်ခြောက်လုံး၊ ခိုဘွေရပ်ကွက်၌ ဘုရားကျောင်းတစ်ကျောင်း၊ လေသားရပ်ကွက်၌ လူနေအိမ် နှစ်လုံးတို့ အမိုးလန်ပျက်စီးသွားကြောင်းသိရသည်။

အလားတူ မတူပီမြို့နယ်အတွင်းရှိ ဖနိုင်ကျေးရွာတွင် လူနေအိမ် ငါးလုံး၊ ဘုန်းကြီးကျောင်းဆောင် တစ်ဆောင်နှင့် ကျေးလက်ဆေးပေးခန်းတို့ အမိုးလန်ပျက်စီးသွားကြောင်း၊ ငလိုင်ကျေးရွာတွင် လူနေအိမ် ရှစ်လုံးနှင့် ဘုရားကျောင်းနှစ်ကျောင်း၊ ပါမိုင်းကျေးရွာတွင် လူနေအိမ် ၁၄ လုံး၊ လေဆင်းကျေးရွာ၌ လူနေအိမ် လေးလုံး၊ ဘလေးကျေးရွာတွင် လူနေအိမ်တစ်လုံး၊ လုံငိုးကျေးရွာတွင် လူနေအိမ် ရှစ်လုံး၊ လွှီဗန်းကျေးရွာတွင် လူနေအိမ် နှစ်လုံးနှင့် ခြန်းပြန်းကျေးရွာတွင် လူနေအိမ် ခြောက်လုံးတို့ အမိုးလန်ပျက်စီးသွားခဲ့ပြီး မတူပီမြို့နယ် လိုင်လင်းပီမြို့၌လည်း လူနေအိမ် သုံးလုံးနှင့် စာသင်ကျောင်းဆောင် နှစ်ဆောင် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

မတူပီမြို့နယ်အတွင်းရှိ လေဘေးသင့်အိမ်ထောင်စုများအား မတူပီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းနှင့် တာဝန်ရှိသူများက နေအိမ်ပြုပြင်ရန် လိုအပ်သော အိမ်ဆောက်ပစ္စည်းများကို ကနဦးသွားရောက်ထောက်ပံ့ပေးခဲ့ပြီး မတ် ၃၁ ရက်ည လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်အိမ်ထောင်စု ၈၇ စုရှိကြောင်း သိရသည်။

**ဆလိုင်းအောင်(ပြန်/ဆက်)**

**ကျီခါး**

ချင်းပြည်နယ် ကျီခါးမြို့ဟိုင်ကျင်းကျေးရွာ၌ မတ် ၃၁ရက် ညနေ ၃နာရီက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် လူနေအိမ် ၁၇ လုံးနှင့် ဘုရားရှိခိုးကျောင်း သုံးကျောင်း ပျက်စီးခဲ့ကြောင်းသိရသည်။

အဆိုပါလေပြင်းကြောင့် အိမ်အမိုးများလန်ခြင်း၊ အိမ်အမိုး၌ တပ်ဆင်ထားသည့် ဆိုလာများ ပြုတ်ကျပျက်စီးခြင်း၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ၌ အမိုးလန်ခြင်း၊ တံခါးနှင့် ပြတင်းပေါက်များ ပျက်စီးခြင်း၊ မှန်ကွဲအက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကျီခါး (ပြန်/ဆက်)**

# ကင်ဂျုံနမ်ကို သတ်သည့်အမှုတွင် တရားပြိုင်အား မေလအတွင်း လွှတ်ပေးဖွယ်ရှိ

**ကွာလာလမ်ပူ မေ ၁**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အဖေတူအမေကွဲ တော်စပ်သူ ကင်ဂျုံနမ် ၂၀၁၇ ခုနှစ်တွင် အသတ်ခံရမှုအတွက် တရားစွဲဆိုခံထားရသူ ဗီယက်နမ်အမျိုးသမီးကို လာမည့်လအတွင်း မလေးရှားအာဏာပိုင်များက လွှတ်ပေးဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။ မလေးရှားတရားရုံးချုပ်တွင် အစိုးရရှေ့နေများက ၎င်းတို့သည် ဒွံသီဟုန်ကို စွဲချက်တင်ထားသည့် ခန္ဓာကိုယ်နာကျင်စေမှုနှင့်ပတ်သက်၍ သက်ညှာသည့်စွဲဆိုချက်များကို ရှာဖွေခဲ့ကြောင်း မေ ၁ ရက်တွင် ပြောကြားခဲ့သည်။ ဒွံသီဟုန်ကလည်း ၎င်းကို အသစ်စွဲချက်တင်ထားသည်ကို လက်ခံခဲ့သည်။ တရားသူကြီးများက သူ့ကို သုံးနှစ်နှင့်လေးလ ပြစ်ဒဏ်ကျခံရန် အမိန့်ချခဲ့သည်။

ဟုန်နှင့် အင်ဒိုနီးရှားအမျိုးသမီးတစ်ဦးဖြစ်သူ ဆီတီအစ်ရာတို့သည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြောက်ကိုရီးယားအမျိုးသားလေးဦးနှင့် ပူးပေါင်းကာ ကင်ဂျုံနမ်ကိုလုပ်ကြံရန် ပူးပေါင်းပါဝင်ခဲ့သည်ဟု တရားစွဲဆိုခံရသည်။ အဆိုပါ အမျိုးသမီးနှစ်ဦးစလုံးသည် ကင်ဂျုံနမ်၏မျက်နှာကို ပြင်းထန်သည့် အဆိပ်ဖြင့် သုတ်လိမ်းခဲ့သည်။ သို့သော် သူတို့နှစ်ဦးစလုံးမှာ အပြစ်မရှိကြောင်း နှစ်ဦးစလုံးက ထွက်ဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တီဗွီရှိုးအတွက် နောက်ပြောင်မှုသက်သက်ဟု မြောက်ကိုရီးယားအေးဂျင့်များက လှည့်ဖြားခဲ့သည့်အတွက် ၎င်းတို့နှစ်ဦးက လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

လွန်ခဲ့သောလအတွင်းက အစိုးရရှေ့နေများက အင်ဒိုနီးရှားအမျိုးသမီးကို လွှတ်ပေးခဲ့သော်လည်း ဟုန်မှာ ဆက်လက်ထိန်းသိမ်းခံရဆဲဖြစ်သည်။ ဟုန်ဘက်မှ ချေပပေးသည့် ကောင်စီက အဆိုပါ ဆုံးဖြတ်ချက်ကို ခွဲခြားဆက်ဆံသည့် အပြုအမူဟု ပြောဆိုခဲ့ပြီး ၎င်းကို ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ဗီယမ်နမ်အစိုးရသည် ဟုန် လွတ်မြောက်ရေးအတွက် မလေးရှားအစိုးရကို ဖိအားပေးမှုများပြုလုပ်သည်ဟု ယူဆဖွယ်ရှိသည်။ ဟုန်ကို အမိန့်ချပြီးနောက် ဟုန်က ၎င်းမှာ ပျော်ရွှင်နေကြောင်း၊ ဗီယက်နမ်တွင် အဆိုတော်နှင့်သရုပ်ဆောင်လုပ်ကိုင်သွားမည်ဟု မျှော်လင့်ထားကြောင်း သတင်းထောက်များကို ပြောသည်။ ၎င်း၏ ရှေ့နေများကလည်း ဟုန်မှာ လာမည့်လအတွင်း လွတ်မြောက်ဖွယ်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းကိုချမှတ်ထားသည့် ပြစ်ဒဏ်တွင် ၎င်းကို ဖမ်းဆီးထိန်းသိမ်းခဲ့စဉ်က အချိန်ကိုပါ ထည့်တွက်ထားသည့်အတွက်ဖြစ်သည်။

**အေအက်ဖ်ပီ**



ဒွံသီဟုန်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ခေါ်ဆောင်လာစဉ်။

## ဘရီးဇစ်စာချုပ် ပယ်ချခံရပြီးနောက် လမ်းကြောင်းသစ်တစ်ခုကို ဗြိတိန်ပါလီမန်အမတ်များ ရှာဖွေ

**လန်ဒန် မေ ၁**

ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေ၏ ဘရီးဇစ်စာချုပ်ကို ဗြိတိန်ပါလီမန်၌ တတိယအကြိမ် ပယ်ချခဲ့ပြီးနောက် ယခုအခါ ဗြိတိန်ပါလီမန်အမတ်များသည် ဘရီးဇစ်လမ်းကြောင်းသစ်တစ်ခုကို ရှာဖွေလျက်ရှိသည်။ ဥရောပသမဂ္ဂမှ နုတ်ထွက်ရန် နောက်ထပ်သတ်မှတ်ရက်မတိုင်မီ ဗြိတိန်ပါလီမန်အမတ်များသည် လက်ရှိပြဿနာများကို အဆုံးသတ်ရန် အဓိကအစီအစဉ်ကို ရှာဖွေရမည်ဖြစ်သည်။ ဗြိတိန်သည် ၂၀၁၆ ခုနှစ်တွင် ဥရောပသမဂ္ဂမှ နုတ်ထွက်ရန် လူထုဆန္ဒခံယူပွဲ ကျင်းပခဲ့ရာ မဲ ၅၂ ရာခိုင်နှုန်းဖြင့် နုတ်ထွက်သွားမည့်ဘက်မှ အနိုင်ရရှိခဲ့သည်။

ဗြိတိန်အစိုးရသည် ဥရောပသမဂ္ဂမှ နုတ်ထွက်ရေးအတွက် နိုဝင်ဘာလအတွင်း ဥရောပသမဂ္ဂအဖွဲ့နှင့် သဘောတူညီမှုရရှိခဲ့သော်လည်း ဗြိတိန်ပါလီမန်ကမူ သဘောတူရန် ငြင်းဆိုခဲ့သည်။ ထို့ကြောင့် မတ် ၂၉ ရက်တွင် ဥရောပသမဂ္ဂမှ တရားဝင်နုတ်ထွက်ရမည်ဖြစ်သော်လည်း ဗြိတိန်ပါလီမန်၏ သဘောတူညီချက်မရ၍ နှောင့်နှေးကြန့်ကြာခဲ့ရသည်။ အကယ်၍ ပါလီမန်အမတ်များက နုတ်ထွက်ရေးစာချုပ်ကို ထောက်ခံမဲပေးခဲ့လျှင် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ရာထူးမှနုတ်ထွက်ပေးမည်ဟု ကတိပေးထားသော်လည်း ပါလီမန်အမတ်များကထောက်ခံမဲမပေးခဲ့ပေ။

ယခုအခါ မေ ၁၀ ရက်တွင် သာမန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ဆွေးနွေးပွဲပြုလုပ်ရန် သို့မဟုတ် နုတ်ထွက်ရေးစာချုပ်မပါဘဲ မေ ၁၂ ရက်တွင် နုတ်ထွက်ရန် ဗြိတိန်အစိုးရသည် ဥရောပသမဂ္ဂကို တောင်းဆိုရတော့မည်ဖြစ်သည်။

နုတ်ထွက်ရေးစာချုပ်မပါဘဲ ဥရောပသမဂ္ဂမှ နုတ်ထွက်လျှင် နောက်ဆက်တွဲအကျိုးဆက်အဖြစ် စီးပွားရေးတွင် ဖရိုဖရဲဖြစ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ နုတ်ထွက်ရေးမှာ မေ ၂၂ ရက်အထိ နောက်ကျခဲ့မည်ဆိုလျှင် ဥရောပပါလီမန်ရွေးကောက်ပွဲကို အခြားဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနည်းတူ ဗြိတိန်နိုင်ငံလည်း ပါဝင်ရတော့မည်ဖြစ်သည်။

**အေအက်ဖ်ပီ**

## ရက် ၃၀ကြာ လျှပ်စစ်ဓာတ်အား ခွဲဝေပေးသွားမည်ဟု ကြေညာ

**ကရာကတ် မေ ၁**

ဗင်နီဇွဲလားနိုင်ငံတစ်ဝန်း ရက် ၃၀ ကြာ လျှပ်စစ်ဓာတ်အား ခွဲဝေပေးသွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုက ကြေညာခဲ့သည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ကျောင်းများကို ဆက်လက်ပိတ်ထားရပြီး အလုပ်ပျက်အကိုင်ပျက်ဖြစ်နေရကြောင်း ၎င်း၏ အစိုးရအဖွဲ့ကပြောကြားခဲ့ပြီးနောက်တွင် ထိုသို့ကြေညာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

သို့သော်လည်း ဒေါသထွက်နေကြသည့် ဗင်နီဇွဲလားပြည်သူများသည် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ရေရှားပါးမှုကို ဆန္ဒဖော်ထုတ်ရန် ကရာကတ်ရှိ လမ်းများပေါ်သို့ ချီတက်စုဝေးခဲ့ကြသည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုသည် နိုင်ငံအတွင်း စီးပွားရေးနှင့် လူနေမှုဘဝ အခြေအနေများကို ပိုမိုဆိုးရွားလာစေခဲ့သည်။ မာဒူရိုအစိုးရနှင့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုတို့အကြား နိုင်ငံရေးဆိုင်ရာ အသေအကျေယှဉ်ပြိုင်မှုအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဝင်ရောက်လာခဲ့သည်။ ရုပ်သံထုတ်လွှင့်မှုမှတစ်ဆင့် မိန့်ခွန်းပြောကြားခဲ့စဉ်အတွင်း မာဒူရိုက ၎င်းအနေဖြင့် ရက် ၃၀ ကြာ လျှပ်စစ်ဓာတ်အားပေးဝေမည့်အစီအစဉ်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ လျှပ်စစ်ဓာတ်အားပေးဝေမှုကို မည်သို့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက အသေးစိတ်မဖော်ပြခဲ့သော်လည်း ရေရရှိရေးကို ခိုင်မာသေချာစေရန် အလေးပေးဆောင်ရွက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**



ဗင်နီဇွဲလား၌ ကန့်ကွက်ဆန္ဒပြနေသူ တစ်ဦးကို တွေ့ရစဉ်။

## တူရကီဒေသ ရွေးကောက်ပွဲ၌ သမ္မတအာဒိုဂန်၏ အေကေပီပါတီ ဆုတ်ယုတ်မှုရှိလာ

**အန်ကာရာ မေ ၁**

တူရကီသမ္မတ အာဒိုဂန်နှင့် ၎င်း၏ တရားရေးဖွံ့ဖြိုးတိုးတက်မှုပါတီ အေကေပီသည် ၂၀၀၂ ခုနှစ်၌ အာဏာရလာချိန်မှ စတင်ကာ ရွေးကောက်ပွဲတိုင်းတွင် အောင်ပွဲရရှိလာခဲ့သော်လည်း ယခုနှစ်တွင်မူ ယင်းပါတီသည် အန်ကာရာ၌ ရှုံးနိမ့်မှုနှင့် ရင်ဆိုင်နေရပြီး အစ္စတန်ဘူလ်၌လည်း အနိုင်ရရှိရေးအပြင်းအထန် ကြိုးစားရုန်းကန်နေရကြောင်းသိရသည်။

တူရကီသမ္မတ ယီဆက်တေယစ်အာဒိုဂန်၏ အေကေပီပါတီသည် ပြီးခဲ့သည့် မတ် ၃၁ ရက် ဒေသရွေးကောက်ပွဲအတွင်း အရေးနိမ့်လျက်ရှိသည်။ မြို့တော်ဝန်များနှင့် ဒေသကောင်စီများအတွက် ရွေးကောက်ပွဲကျင်းပမှုကို သမ္မတအာဒိုဂန်က တူရကီ၏ ရှင်သန်လွတ်မြောက်မှုအတွက် တိုက်ခိုက်မှုတစ်ခုအနေဖြင့် ပုံဖော်ခဲ့သည်။ သို့သော်လည်း လီရာငွေကြေးစနစ် ပြိုလဲပြီးနောက် စီးပွားရေးအရှိန်လျော့ကျမှု ဆက်လက်ဖြစ်ပွားခဲ့သည်ဖြစ်ရာ ရွေးကောက်ပွဲသည် အေကေပီပါတီအတွက် စမ်းသပ်မှုတစ်ခု ဖြစ်လာခဲ့သည်။

မဲပုံးများ၏ ၉၉ ရာခိုင်နှုန်းကို ရေတွက်ပြီးဖြစ်ရာ အန်ကာရာ မြို့တော်ဝန်နေရာအတွက် ယှဉ်ပြိုင်နေသည့် ပူးတွဲအတိုက်အခံ ကိုယ်စားလှယ်လောင်း မန်ဆာယာဗက်စ်မှာ မဲအရေအတွက်၏ ၅၀ ဒသမ ၉၉ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိနေပြီး အေကေပီပါတီက ၄၇ ဒသမ ၀၆ ရာခိုင်နှုန်းရရှိထားကြောင်း နိုင်ငံပိုင်အနာဒိုလူ သတင်းအေဂျင်စီက ကနဦးရလဒ်များကိုကိုးကားလျက် သတင်းဖော်ပြခဲ့သည်။

တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်၌ မဲပုံးများအားလုံးကို ရေတွက်လိုက်ပြီးနောက် အေကေပီပါတီက ၄၈ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အောင်ပွဲရမည့်အခြေအနေ ရှိနေသော်လည်း အတိုက်အခံအဖွဲ့က ၄၈ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ပြီဖြစ်ကြောင်း ပြောဆိုခဲ့သည်။

မတ် ၃၁ ရက်က ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် ၁၆ နှစ်ကြာအောင် သမ္မတအာဒိုဂန်ကို အာဏာရရှိစေခဲ့သည့် စီမံအုပ်ချုပ်ခွင့်ကို ဖန်တီးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲမှုကို တူရကီနိုင်ငံသားများ ၂၀၁၇ ခုနှစ်တွင် အတည်ပြုခဲ့ပြီးချိန်မှစတင်ကာ ပထမဆုံးအကြိမ် မြူနီစီပယ် ရွေးကောက်ပွဲကျင်းပမှုဖြစ်သည်။ **အေအက်ဖ်ပီ**



သမ္မတ အာဒိုဂန်၏ပါတီကို ထောက်ခံကြသူများအား တွေ့ရစဉ်။

## နီပေါနိုင်ငံတွင် မုန်တိုင်းကြောင့် လူ ၂၅ ဦးသေဆုံးပြီး ၄၀၀ ကျော် ဒဏ်ရာရ

**ခတ္တမန္ဒူ မေ ၁**

မေ ၁ ရက်က နီပေါနိုင်ငံရှိ ခရိုင်နှစ်ခုတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့်လူပေါင်း ၄၀၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ၂၅ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု နီပေါဝန်ကြီးချုပ် ရှာရမာအိုလီက အတည်ပြုခဲ့သည်။ ပါဆာနှင့် ဘာရာခရိုင်တို့တွင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးကြိုးများ ပစ်ခတ်ခဲ့ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း ၎င်းကတွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

အဆိုပါသတင်းဆိုးကိုကြားရသည့်အတွက် ဝမ်းနည်းရကြောင်း၊ မုန်တိုင်းကြောင့်သေဆုံးရသူများအတွက်လည်း ဝမ်းနည်းမိကြောင်း ဝန်ကြီးချုပ်က ပြောသည်။ မုန်တိုင်းဒဏ်ခံဒေသတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း စေလွှတ်ထားကြောင်း ၎င်းက ပြောသည်။ သေဆုံးသူများထဲမှ ၂၃ ဦးမှာ ဘာရာခရိုင်ကဖြစ်ပြီး ကျန်နှစ်ဦးမှာ ပါဆာခရိုင်ကဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှဝန်ကြီး ပရမ်ကူမာရိုင်းက ပြောသည်။ သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်သေးကြောင်း၊ ဒဏ်ရာရရှိသူ ၄၀၀ မှာ ဆေးရုံတွင် တက်ရောက်ကုသနေကြောင်း ၎င်းက ပြောသည်။ **ဆင်ဟွာ**

# ယူကရိန်းနိုင်ငံရဲ့ သမ္မတသစ် ဘယ်သူဖြစ်လာမလဲ

● ချိုးစန္ဒီနွေး ●

**ယူကရိန်းနိုင်ငံရဲ့ သမ္မတရွေးကောက်ပွဲအတွက် ပထမအကျော့မဲပေးမှုကို မတ် ၃၁ ရက်မှာ ကျင်းပခဲ့ပါတယ်။ ယူကရိန်းလက်ရှိသမ္မတ ပီထရိုပိုရိုရှန်ကိုဟာလည်း နောက်တစ်ကြိမ်ပြန်လည်ရွေးကောက်ခံရဖို့အတွက် ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒါပေမယ့် ထူးခြားတာက လက်ရှိရွေးကောက်ပွဲမှာ ရေပန်းစားတာက လက်ရှိသမ္မတမဟုတ်ဘဲ နိုင်ငံရေးအတွေ့အကြုံမရှိတဲ့ ဟာသပညာရှင် ဗိုလိုဒီမာဇီလန်စကီးပဲ ဖြစ်ပါတယ်။**



လက်ရှိသမ္မတ ပီထရိုပိုရိုရှန်ကို(ဝဲ)နှင့် ဟာသပညာရှင် ဗိုလိုဒီမာဇီလန်စကီး(ယာ)

**ဒုတိယအကျော့ယှဉ်ပြိုင်ရမယ်**

ယခင်ဝန်ကြီးချုပ်ဟောင်း ယူလီယာ တိုင်မိုရှန်ကိုအပါအဝင် ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ကြသူတွေဟာ သူတို့ရဲ့ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလတွေမှာ ဥရောပကိုလိုလားတဲ့ အမြင်တွေကို ထုတ်ဖော်ပြသခဲ့ကြပါတယ်။ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ကြသူတွေထဲမှာ ရုရှားဘက်ယိမ်းတဲ့သူကတော့ တစ်ဦးတလေမှ ပါဝင်ခဲ့ခြင်းမရှိပါဘူး။ မတ် ၃၁ ရက်မှာ ပြုလုပ်တဲ့ ရွေးကောက်ပွဲမှာ မည်သူတစ်ဦးတစ်ယောက်ကမှ မဲရလဒ် ၅၀ ရာခိုင်နှုန်းကို မရခဲ့ဘူးဆိုရင် ဧပြီ ၂၁ ရက်မှာ မဲအများဆုံးရရှိတဲ့နှစ်ယောက်ဟာ ဒုတိယအကျော့အနေနဲ့ထပ်မံယှဉ်ပြိုင်ရမှာပါ။

**ဖြေရှင်းရမည့်ပြဿနာများ**

သမ္မတရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်သူ ၃၉ ဦးရှိပြီး မဲအများဆုံးရရှိတဲ့သုံးဦးကသာ အောင်မြင်မှုအလားအလာရှိတယ်လို့ယူဆရမှာပါ။ ယူကရိန်းနိုင်ငံရဲ့သမ္မတဟာ လုံခြုံရေး၊ ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးမူဝါဒတို့မှာ အထူးအာဏာ သက်ရောက်ပါတယ်။ လက်ရှိသမ္မတ ပိုရိုရှန်ကိုဟာ ယူကရိန်းနိုင်ငံရဲ့ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံရေးအသိုင်းအဝိုင်းထဲကဖြစ်ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရုရှားဘက်ယိမ်းတဲ့သမ္မတ ဗစ်တာယာနုကိုဗစ်ကို ဖြုတ်ချပြီးတဲ့နောက် ရုတ်တရက်ပြုလုပ်တဲ့ မဲပေးပွဲမှာ အနိုင်ရပြီး သမ္မတဖြစ်လာခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာပဲ ခရိုင်းမီးယားအရေးဖြစ်ခဲ့ပြီး အခြေအနေတွေ ရှုပ်ထွေးခဲ့ရပါတယ်။ ယူကရိန်းနိုင်ငံမှာ နောက်တက်လာမယ့်သမ္မတ ရင်ဆိုင်ရမယ့်ပြဿနာတွေဟာလည်း မသေးပါဘူး။ ယူကရိန်းတပ်ဖွဲ့ဝင်တွေနဲ့ နိုင်ငံအရှေ့ပိုင်းမှာရှိတဲ့ ခွဲထွက်ရေးသမားတွေကြား မတိုးသာမဆုတ်သာဖြစ်နေတဲ့အခြေအနေတွေကို ရင်ဆိုင်ဖြေရှင်းသွားရမှာပါ။

**သပိတ်မှောက်ထား**

ဒါ့အပြင် ယူကရိန်းဟာ ဥရောပသမဂ္ဂအဖွဲ့ကြီးနဲ့ စီးပွားရေးဆိုင်ရာ ချည်နှောင်မှုတွေ ပိုမိုရှင်သန်လာစေရေးအတွက် ဥရောပသမဂ္ဂအဖွဲ့ကြီးရဲ့တောင်းဆိုမှုတွေနဲ့ပြည့်မီအောင် ကြိုးစားနေတဲ့အချိန်လည်းဖြစ်ပါတယ်။ ယူကရိန်းနိုင်ငံရဲ့၄၄ သန်းသောပြည်သူတွေမှာ ၁၂ ရာခိုင်နှုန်းဟာ မဲပေးပိုင်ခွင့်မရဘူး။ အထူးသဖြင့် ရုရှားနဲ့ခရိုင်းမီးယားဒေသမှာ နေထိုင်ကြတဲ့ ပြည်သူတွေဟာ မဲပေးခွင့်မရကြဘူးလို့ ဥရောပသမဂ္ဂအဖွဲ့ကြီးက ပြောပါတယ်။ ခရိုင်းမီးယားအရေးဖြစ်ပေါ်လာပြီးနောက် ယူကရိန်းကနေခွဲထွက်လိုသူတွေ ထိန်းချုပ်ထားတဲ့ ဒေသမှာ ရွေးကောက်ပွဲကို သပိတ်မှောက်ထားပါတယ်။

**မဲအများဆုံးရရှိ**

ဒီတော့ အခုရွေးကောက်ပွဲမှာ ဘယ်သူတွေက ရှေ့တန်းပြေးနေသလဲဆိုတာကို ကြည့်ရအောင်။ အသက် ၄၁ နှစ်အရွယ် ဟာသပညာရှင် မစ္စတာဇီလန်စကီးကတော့ မဲအရေအတွက် အများဆုံးရရှိထားလို့ ရွေးကောက်ပွဲမှာ ရှေ့တန်းကပြေးနေသူပါ။ သူဟာမဲအရေအတွက် ၃၀ ဒသမ ၄ ရာခိုင်နှုန်းကို ရရှိထားပါတယ်။ မစ္စတာ ဇီလန်စကီးဟာ လူငယ်မဲဆန္ဒရှင်တွေကို အဓိကထားပြီး မဲဆွယ်စည်းရုံးပါတယ်။ သူဟာ လူမှုကွန်ရက်မီဒီယာကို အသုံးပြုပြီး သူ့ရဲ့မဲဆွယ်စည်းရုံးမှုတွေကို ပြုလုပ်ပါတယ်။

**ဒုတိယမဲအများဆုံးရသူ**

ရွေးကောက်ပွဲမှာ ဒုတိယမဲအများဆုံးရရှိသူကတော့ လက်ရှိသမ္မတ ပိုရိုရှန်ကိုပဲ ဖြစ်ပါတယ်။ မဲအရေအတွက် ၁၇ ဒသမ ၈ ရာခိုင်နှုန်းကို ရရှိထားပါတယ်။ ပိုရိုရှန်ကိုဟာ အသက် ၅၃ နှစ်အရွယ်ရှိပြီး သူအဓိကပစ်မှတ်ထားတဲ့ မဲဆန္ဒရှင်တွေကတော့ ကွန်ဆာဗေးတစ်တွေပဲ ဖြစ်ပါတယ်။ သူ့နောက်မှာ ယူကရိန်းတပ်ဖွဲ့ရဲ့ထောက်ခံမှုကိုလည်းရထားတော့ ယူကရိန်းနိုင်ငံအရှေ့ပိုင်းက ခွဲထွက်လိုသူတွေကို ထိန်းသိမ်းရာမှာ သူကပိုပြီးအလုပ်ဖြစ်လိမ့်မယ်လို့ ပြောပါတယ်။ ဒါ့အပြင် သူဟာဥရောပသမဂ္ဂနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေပြုလုပ်ထားနိုင်တော့ ယူကရိန်းနိုင်ငံသားတွေဟာ ဗီဇာကင်းလွတ်ခွင့်အပါအဝင် အခြားသောကိစ္စတွေမှာလည်း ဆွေးနွေးညှိနှိုင်းအောင်မြင်ထားပါတယ်။

**တတိယနေရာကလိုက်သူ**

ရွေးကောက်ပွဲတတိယနေရာက ပြေးနေတဲ့သူကတော့ အသက် ၅၈ နှစ်အရွယ် ယူလီယာတိုင်မိုရှန်ကိုပဲဖြစ်ပါတယ်။ သူဟာဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသလို ၂၀၁၀ ပြည့်နှစ်မှာ တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်မှာတစ်ကြိမ် သမ္မတရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသူပါ။ ၂၀၁၄ ခုနှစ်ရွေးကောက်ပွဲမှာတော့ သူဟာ လက်ရှိသမ္မတ ပိုရိုရှန်ကိုပြီးရင် ဒုတိယမဲအများဆုံးရတဲ့လူလည်း ဖြစ်ပါတယ်။ သူဟာ ၂၀၁၄ ခုနှစ်က အုံကြွမှုမှာ အဓိကနေရာကနေ ပါဝင်ခဲ့ပါတယ်။ လက်ရှိမှာ သူရရှိတဲ့မဲအရေအတွက်ကတော့ ၁၃ ဒသမ ၈ ရာခိုင်နှုန်းပါ။ အခုရွေးကောက်ပွဲမှာတော့ မဲအများဆုံးရရှိတဲ့ နှစ်ယောက်မှာ သူမပါခဲ့လို့ သူ့အနေနဲ့ အခွင့်အရေးမရှိသလောက် နည်းသွားပါပြီ။

**မကျေနပ်ချက်တွေဖြေဖျောက်**

ယူကရိန်းနိုင်ငံမှာ ရုန်းကန်နေရတဲ့ သာမန်လူတန်းစားနဲ့ ချမ်းသာကြွယ်ဝတဲ့ လုနည်းစုစီးပွားရေးလုပ်ငန်းရှင်တွေကြား အကျင့်ပျက်ခြစားမှုတွေနဲ့ ရိုးသားတဲ့အစိုးရကို လိုလားသူတွေကြား မဲပေးမှုဟာလည်း ကွဲပြားလို့နေပါတယ်။ လက်ရှိသမ္မတ ပိုရိုရှန်ကို ကိုယ်တိုင်ကလည်း ချမ်းသာကြွယ်ဝတဲ့ ချောကလက်ကုမ္ပဏီပိုင်ရှင်သူဌေးကြီးတစ်ဦးဖြစ်ပါတယ်။ လက်ရှိအခြေအနေကို စိတ်ပျက်နေကြတဲ့ မဲဆန္ဒရှင်တွေနဲ့ ရှေးရိုးအစဉ်အလာ နိုင်ငံရေးသမားတွေဟာ နိုင်ငံရေးအတွေ့အကြုံလုံးဝမရှိတဲ့ ဟာသပညာရှင် ဗိုလိုဒီမာဇီလန်စကီးကို မဲပေးကြရင်း သူတို့ရဲ့မကျေနပ်ချက်တွေကို ဖြေဖျောက်နေကြပါတယ်။ မစ္စတာဇီလန်စကီးဟာ နိုင်ငံအရှေ့ပိုင်းမှာရှိတဲ့ မဲဆန္ဒရှင်တွေကို စကားပြောတဲ့အခါ ရုရှားဘာသာစကားကို အသုံးပြုပြီး ပြောပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ငါးနှစ်ခန့်က ခရိုင်းမီးယားအရေး ဖြစ်ပွားခဲ့တဲ့အခါမှာတော့ ရုရှားဘက်ယိမ်းတဲ့ နိုင်ငံရေးသမားတွေဟာ အင်အားလျော့ကျလာပါတယ်။ နောက်ပြီးတော့ သန်းနဲ့ချီတဲ့မဲတွေကိုလည်းဆုံးရှုံးခဲ့ရပါတယ်။

**ရလဒ်တွေကို သဘောမကျ**

လက်ရှိပြည်တွင်းမှာ ဖြစ်ပွားနေတဲ့အရာတွေဟာ မျိုးချစ်စိတ်နဲ့မသက်ဆိုင်ဘူးလို့ အသက် ၅၂ နှစ်အရွယ် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်တဲ့ ဗစ်တာလိုမိုနိုက ပြောပါတယ်။ သူဟာ ၂၀၁၄ ခုနှစ်က အုံကြွမှုမှာ ပါဝင်ခဲ့သူလည်းဖြစ်ပါတယ်။ ဥရောပသမဂ္ဂ၊ နေတိုးအဖွဲ့နဲ့ နက်ရှိုင်းတဲ့ ဆက်ဆံရေးကသာ တိုင်းပြည်အနာဂတ်ကို အာမခံချက်ပေးနိုင်လိမ့်မယ်လို့ သူက ပြောပါတယ်။ အဲဒီအတွေးအမြင်ဟာ ၂၀၁၄ ခုနှစ်က အုံကြွမှုတွေမှာ ပါဝင်ခဲ့ကြသူတွေကြား သက်ဝင်လှုပ်ရှားခဲ့ပါတယ်။ ဒါပေမယ့် ငါးနှစ်ကြာပြီးတဲ့နောက်မှာတော့ ရရှိလာတဲ့ ရလဒ်တွေကို သူကိုယ်တိုင်လည်း သဘောမကျတော့ပါဘူး။

**ချောချောမွေ့မွေ့ပြီးသွား**

မတ် ၃၁ ရက်က ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲမှာ ချိုးဖောက်မှုတွေ အများကြီးရှိတယ်လို့ သတင်းပို့မှုတွေ အများကြီးလက်ခံရရှိခဲ့ ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲဟာ အဆင်ပြေပြေ ချောချောမွေ့မွေ့ပဲ ပြီးသွားခဲ့ပြီလို့ နိုင်ငံခြားက ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေက ပြောပါတယ်။ အခုပထမတစ်ကျော့မဲပေးပွဲမှာ ဘယ်သူမှ ၅၀ ရာခိုင်နှုန်းထက်ကျော်အောင် မဲမရခဲ့တဲ့အတွက် မဲအများဆုံးရရှိ သူနှစ်ဦးဟာ ဧပြီ ၂၁ ရက်မှာ ပြုလုပ်မယ့် ဒုတိယအကျော့ မဲပေးပွဲကို ဦးတည်သွားကြပါပြီ။ ရွေးကောက်ပွဲကို ကြေညာထားတဲ့ ဆိုင်းဘုတ်အောက်မှာ သမ္မတပိုရိုရှန်ကိုက ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြသူတွေကတော့ အများကြီးပါပဲ။ ဒါပေမယ့်လည်း တစ်ယောက်တည်းပဲသမ္မတ ဖြစ်လာမှာပါလို့ ပြောခဲ့ပါတယ်။ သမ္မတအဖြစ် ရွေးကောက် ခံရသူဟာ ဇွန် ၃ ရက်မှာ စတင်တာဝန်ထမ်းဆောင်ရမှာပါ။ ဘယ်သူသမ္မတဖြစ်လာမလဲဆိုတာကတော့ နောက်တစ်ကျော့ ယှဉ်ပြိုင်မှုကျမှပဲ သိရတော့မှာပါ။

**ကိုးကား -ဘီဘီစီ ၊နယူးယောက်တိုင်းမ်**

> **“အသက် ၄၁ နှစ်အရွယ် ဟာသပညာရှင် မစ္စတာဇီလန်စကီးကတော့ မဲအရေအတွက် အများဆုံးရရှိထားလို့ ရွေးကောက်ပွဲမှာ ရှေ့တန်းကပြေးနေသူပါ။ သူဟာမဲအရေအတွက် ၃၀ ဒသမ ၄ ရာခိုင်နှုန်းကို ရရှိထားပါတယ်။ မစ္စတာဇီလန်စကီးဟာ လူငယ်မဲဆန္ဒရှင်တွေကို အဓိကထားပြီး မဲဆွယ်စည်းရုံးပါတယ်”**

## နိုင်ငံတကာသတင်းတိုထွာ

### ယီမင်နိုင်ငံတောင်ပိုင်းတွင် သူပုန်များနှင့်တပ်ဖွဲ့ဝင်များကြား ပဋိပက္ခများဖြစ်ပွား

**ဆာနား မေ ၁**

ယီမင်နိုင်ငံတောင်ပိုင်း ဒါလီယာတွင် ဟူသီသူပုန်များနှင့် အစိုးရတပ်ဖွဲ့ဝင်များကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ နှစ်ဖက်စလုံးမှ လူပေါင်း ၁၃ ဦးခန့် သေဆုံးခဲ့ရကြောင်း သိရသည်။ ဒါလီယာမြောက်ပိုင်းတွင် လွန်ခဲ့သည့်သုံးရက်ခန့်က သူပုန်များထိန်းချုပ်ထားရာနေရာတွင် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့သည်။ မတ် ၃၁ ရက်တွင် ဖြစ်ပွားခဲ့သောတိုက်ပွဲမှာ သူပုန်များသိမ်းပိုက်ထားသောနယ်မြေများကို အစိုးရတပ်များက ပြန်လည်သိမ်းယူနိုင်ရေး ဆင်နွှဲသောတိုက်ပွဲလည်းဖြစ်သည်။

ယီမင်နိုင်ငံတွင် ၂၀၁၄ ခုနှစ် ဆော်ဒီက ကျောထောက်နောက်ခံပြုထားသော အစိုးရကို ဟူသီသူပုန်များက ပုန်ကန်ခဲ့ပြီးနောက် ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ ဟူသီသူပုန်များသည် မြောက်ပိုင်းဆာဒတ်ပြည်နယ်အထိ သိမ်းပိုက်ခဲ့ပြီး မြောက်ပိုင်းနယ်အတော်များများကို သိမ်းယူနိုင်ခဲ့သည်။

**အေအက်ဖ်ပီ**

### ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးပိုင်နက်အဖြစ် သတ်မှတ်မည့် အမေရိကန်၏ဆုံးဖြတ်ချက်ကို အာရပ်ခေါင်းဆောင်များ ကန့်ကွက်

**တူးနစ် မေ ၁**

တူနီးရှားနိုင်ငံ တူးနစ်မြို့၌ ကျင်းပသည့် အာရပ်လိဂ်အဖွဲ့၏ အကြိမ် ၃၀မြောက် ထိပ်သီးအစည်းအဝေးတွင် ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးပိုင်နက်အဖြစ်သတ်မှတ်ရန် အမေရိကန်၏ဆုံးဖြတ်ချက်ကို အာရပ်ခေါင်းဆောင်များက ပြင်းပြင်းထန်ထန်ကန့်ကွက်ဆန့်ကျင်ခဲ့ကြကြောင်း သိရသည်။

အာရပ်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဥပဒေမူကြမ်းတစ်ရပ်ကို အဆိုပြုသွားမည်ဖြစ်ပြီး တရားဥပဒေနှင့် ညီညွတ်မှုမရှိသည့် အမေရိကန်၏ သတ်မှတ်မှုနှင့်ပတ်သက်၍ နိုင်ငံတကာတရားရုံးမှ ထင်မြင်ချက်တစ်ရပ်ကို ရယူသွားမည်ဖြစ်သည်ဟု မတ် ၃၁ ရက်က ကျင်းပသည့် ထိပ်သီးအစည်းအဝေး၌ အာရပ်ခေါင်းဆောင်များက ပြောကြားခဲ့သည်။

ကျူးကျော်သိမ်းပိုက်ခံထားရသည့် ဆီးရီးယားပိုင်နက်ဖြစ်သော ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေး၏ပိုက်နက်အဖြစ် အသိအမှတ်ပြုရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ မကြာသေးမီက လုပ်ဆောင်ခဲ့မှုသည် ယခုနှစ် အာရပ်လိဂ်ထိပ်သီးအစည်းအဝေး၏ အရေးကြီးအကြောင်းအရာတစ်ရပ်ဖြစ်လျက်ရှိသည်။အမေရိကန်၏ ယင်းလုပ်ဆောင်ချက်ကို ကန့်ကွက်ရန် အာရပ်ခေါင်းဆောင်များက ၎င်းတို့၏စုစည်းညီညွတ်မှုကို ထုတ်ဖော်ပြသခဲ့ကြသည်။

**ဆင်ဟွာ**

# ဆယ်စုနှစ်တစ်ခုကို အောင်မြင်စွာကျော်ဖြတ်လာသည့် အပန်းဖြေလေ့လာစရာ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)

## ဇင်ဦး(မြန်မာ့အလင်း)

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ၁၁ နှစ်ပြည့်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲနှင့် ဈေးရောင်း ပွဲတော်ကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအနီး၊ တိရစ္ဆာန်ဥယျာဉ်အတွင်း ယမန်နေ့က ကျင်းပသည်။

နှစ်ပတ်လည်အထိမ်းအမှတ် ဥယျာဉ်အတွင်း လာရောက်လည်ပတ်သူများအတွက် ဂိမ်းကစားပွဲများ၊ ကံစမ်းမဲအစီအစဉ်များကိုလည်း ပြုလုပ်ခဲ့သည်။ ဆင်စီး၍ တိရစ္ဆာန်ဥယျာဉ်အတွင်း လည်ပတ်နိုင်သည်။ ဆင်လိမ္မာကပွဲများကို ပြသပေးရာ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဆင်စီးနင်းသူများလည်းရှိပြီး ဆင်လိမ္မာကပွဲကိုလည်း အထူးနှစ်ခြိုက် အားပေးကြသည်ကို တွေ့ရှိရသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို ၂၀၀၈ ခုနှစ် မတ် ၂၆ ရက်တွင် စတင် ဖွင့်လှစ်ခဲ့ရာ ယခုနှစ် မတ် ၂၆ ရက်တွင် (၁၁)နှစ်ကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ကို လာရောက်ကြသည့် ပြည်သူများ အပန်းပြေပျော်ရွှင်စေရန်နှင့် ဗဟုသုတရစေရန်၊ ကျောင်းသား ကျောင်းသူများ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ပညာရပ်များ လေ့လာသင်ယူရာတွင် အထောက်အကူဖြစ်စေရန်၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူ ဖြစ်စေရန်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းကို အထောက်အကူ ဖြစ်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်အတွင်း လာရောက်လည်ပတ်သူများမှာ ဆင်စီးခြင်း၊ ပင်ဂွင်းငှက်၊ သစ်ကုလားအုပ်နှင့် ခြင်္သေ့ဖြူ ပြကွက်များကို စိတ်ဝင်စားမှု အများဆုံးဖြစ်ကာ ၁၁ နှစ်အတွင်း ထူးခြားမှုမှာ ပင်ဂွင်းငှက် သားပေါက်ခြင်းဖြစ်ပြီး တိရစ္ဆာန်ဥယျာဉ်အတွင်း လာရောက်အပန်းဖြေခြင်း အပြင် တိရစ္ဆာန်များ၏ နေထိုင်ပုံနှင့် အလေ့အထများကို သိရှိနိုင်ရန် ဗဟုသုတမျှဝေခြင်း အစီအစဉ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် အသိပညာပေး ဟောပြောပွဲများကိုလည်း ကျင်းပပေးလျက်ရှိကြောင်း သိရသည်။




နွေရာသီအားလပ်ရက်၌ အပန်းလည်းဖြေ တိရစ္ဆာန်လေးများပါ လေ့လာနိုင်ဖို့ ခရီးထွက်လာသည့် ကျောင်းသားကျောင်းသူများ။



ဦးရွှေရိုးအကဖြင့် ဖျော်ဖြေနေသည့် ဆင်လိမ္မာ။



(၁၁) နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲကို ပျော်ပျော်ပါးပါး ကြည့်ရှုအားပေးကြသည့် ပြည်သူများ။



ထူးထူးခြားခြား မြန်မာနိုင်ငံမှာ သားပေါက်လာသည့် ပင်ဂွင်းငှက်များကို တွေ့ရစဉ်။



ကလေးများနှစ်ခြိုက်ကြသည့် ရှားပါးစာရင်းဝင် ခြင်္သေ့ဖြူနှင့် ကျားဖြူပြကွက်။




အများပြည်သူ နှစ်ခြိုက်ကြသည့် ဆင်စီး၍ တိရစ္ဆာန်ဥယျာဉ် တစ်ပတ်လေ့လာခြင်း။



အာရှသမင် လျှောက်လမ်းပေါ်မှ ရွှေသမင်လေးများ။

# ဘွဲ့ရ သံဃာတော်နှစ်ပါးအား ဂုဏ်ပြုပူဇော်ပွဲ ထားဝယ်မြို့၌ကျင်းပ

**ထားဝယ် မေ ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုန္ဒညာဏ၏တပည့်များဖြစ်ပြီး သာမဏေကျော်ဘွဲ့၊ ဝိနယဝိဒူဘွဲ့နှင့် အင်္ဂုတ္တရနိကာယဝိဒူဘွဲ့များရရှိသည့် ရှင်ဇောတိကာလင်္ကာရနှင့် ရှင်အာစာရာလင်္ကာရတို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၃၁ ရက်က အဆိုပါကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒေါ့ပရိသတ်များက ကျောင်းတိုက်ဆရာတော်ထံမှ သီလခံယူပြီး ဆရာတော်က ဩဝါဒချီးမြှင့်သည်။ ဆက်လက်၍ ဘွဲ့ရ သံဃာတော်နှစ်ပါးအား ပင့်ဆောင်၍ ဆရာတော် အရှင်တေဇောဘာသက ဘွဲ့ရ သံဃာနှစ်ပါး၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားကာ ဒေါ်စန္ဒာစိုးက တေးထပ်ရတုဖြင့် ဂုဏ်ပြုပူဇော်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက သာသနာဇောတိကလင်္ကာရဘွဲ့ အောင်လက်မှတ်၊ သာမဏေကျော် တတိယဆင့် အောင်လက်မှတ်၊ နိကာယ်စာမေးပွဲ အောင်လက်မှတ်၊ ဝိနယမာမက အောင်လက်မှတ်၊ အင်္ဂုတ္တရနိကာယမာမက အောင်လက်မှတ်၊ သာသနာလင်္ကာရဘွဲ့ အောင်လက်မှတ်၊ သာသနာ့ဝန်ဆောင် သာမဏေကျော် အောင်လက်မှတ်နှင့် နိကာယ်စာမေးပွဲ အောင်လက်မှတ်များကို ဆက်ကပ်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။



သံဃာတော်တစ်ပါးအား တိုင်းဒေသကြီးဝန်ကြီးချုပ်က အောင်လက်မှတ်ဆက်ကပ်စဉ်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ယဉ်ငေးဖောင်ဒေးရှင်းမှ အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပခုက္ကူမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးသစ်နှင့် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာဖွင့်လှစ်

**ပခုက္ကူ မေ ၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးသစ်အဆောက်အအုံနှင့် ဝန်ထမ်းအငှားအိမ်ရာ ဖွင့်ပွဲကို မတ် ၃၁ ရက် ညနေပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ပခုက္ကူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျလုပ်ဆောင်နိုင်ဖို့လိုအပ်ကြောင်း၊ သစ်တောများ ပျက်စီးမှုမြင့်မားလာခြင်းကြောင့် ဂေဟဗေဒစနစ်ကို ပျက်စီးစေမှုနှင့်အတူ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားပြီး မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ခံအရာရှိ ဦးဝင်းကိုကိုက ရုံးသစ်ဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။




ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးသစ်ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေးစဉ်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ အပ်နှင်းပွဲသို့ ဆက်လက်သွားရောက်၍ အမှာစကားပြောကြားပြီးနောက် အဆောက်အအုံနှင့်ပတ်သက်သည့်အချက်များကို တိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးက ရှင်းလင်းတင်ပြကာ တိုက်ခန်းများတွင် နေထိုင်ခွင့်ရရှိသူများကိုယ်စား ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဦးသန့်ဇင်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဝန်ထမ်းအိမ်ရာ အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုပြီး ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရသစ်ပင်များ စိုက်ပျိုးခဲ့သည်။

**ကိုတမာ**

# လက်ပံတန်းမြို့နယ် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲ စည်ကားစွာကျင်းပလျက်ရှိ

**လက်ပံတန်း မေ ၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းကျေးရွာရှိ ဗုဒ္ဓမြတ်စွယ်တော် (၁၃၁)နှစ်ပြည့် (၄၆)ကြိမ်မြောက် ပူဇော်ပွဲကို မတ် ၂၇ ရက်မှစ၍ စည်ကားစွာ ကျင်းပလျက်ရှိကာ မေ ၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ဇီးဖြူကုန်းဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲကို နှစ်စဉ်ကျင်းပခဲ့ရာ ယခု ၂၀၁၉ ခုနှစ်မှာ (၄၆)ကြိမ်မြောက် ပူဇော်ပွဲကျင်းပခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က ဈေးဆိုင်ခန်းပေါင်း ၈၀ ကျော်ရှိပြီး ယခုနှစ်တွင် ဈေးဆိုင်ခန်း ၉၀ ကျော်ရှိကြောင်း၊ ဘုရားဖူးလာသည့် ဧည့်သည်များကိုလည်း နေ့စဉ် စတုဒိသာ အာဟာရများ ကျွေးမွေးလျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မင်းခိုင်က ပြောသည်။

ယခုနှစ် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲ စတင်ကျင်းပသည့်နေ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော် ခြောက်ပါးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ရွှေ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်ပူဇော် ဖွင့်လှစ်ပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ချောင်းဆုံမြို့၌ အခမဲ့ ဆေးဝါးကုသပေးမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ချောင်းဆုံ မေ ၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ပြည်သူများအား မြို့နယ် ပြည်သူ့ဆေးရုံရှိ ခုတင်(၅၀)ဆံ့ အဆောင်သစ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အမျိုးသား ကျန်းမာရေး ကွန်ရက်က နယ်လှည့်ကွင်းဆင်းကုသရေးလုပ်ငန်းများကို မတ် ၃၁ ရက်က ဆောင်ရွက်ပေးခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။



ချောင်းဆုံမြို့၌ အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေစဉ်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများနှင့် ဆေးကုသရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး၍ အခက်အခဲများရှိပါက ပြောကြားနိုင်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

အခမဲ့ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးရာတွင် သားဖွားမီးယပ်၊ သွားဘက်ဆိုင်ရာ၊ အပ်စိုက်၊ အရိုးအကြောနှင့် အထွေထွေရောဂါ စသည့် ဝေဒနာအမျိုးမျိုးနှင့်ပတ်သက်၍ စမ်းသပ်ကုသပေးခဲ့ရာ ဒေသခံပြည်သူ ၃၃၈ ဦး လာရောက်ပြသ ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

**ကေအေ(ချောင်းဆုံ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၄-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၃၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၄၀/၉၉၅ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၃၅ ကျပ် | ၈၇၀/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၉၁၅ ကျပ် | ၉၅၅/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၄ · ၉ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၁ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၂ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၇ · ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၄ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၀၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၃၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ · ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၁၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် ''သမုဒ္ဒရာနှစ်စင်း သီအိုရီ'' ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် '' သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ'' ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ


တက္ကသိုလ် ဟန်စိုးဦး

*ယခင်အပတ်မှ အဆက်*

**အင်ဒို-ပစိဖိတ်မဟာဗျူဟာနှင့် အာဆီယံ၏ အခန်းကဏ္ဍ အာဆီယံ၏ အရေးပါမှု**

အမေရိကန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မူဝါဒမှာ အာဆီယံအသင်းကြီးဟာ အရေးပါတဲ့နေရာကနေ ပါဝင်နေမှာဖြစ်ပြီး ဒေသတွင်းကိစ္စတွေမှာ အာဆီယံဟာ ဗဟိုအချက်အချာနေရာကနေပါဝင်မှု (ASEAN's Centrality) ကိုလည်း အလေးထားသွားမှာဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူတွေက အမြဲထုတ်ဖော်ပြောကြားကြပါတယ်။ အရင်ကလည်း အမေရိကန်ရဲ့အာရှဒေသဆိုင်ရာမူဝါဒမှာ အာဆီယံအသင်းကြီးဟာ အဓိကနေရာက ပါဝင်နေပါတယ်။ ဒီအချက်ကို ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက်ပိုင်း ဆယ်စုနှစ်ကာလတွေအတွင်း အမေရိကန်ရဲ့ အရှေ့တောင်အာရှဒေသအပေါ် အာရုံစိုက်မှု အနေအထားကနေ ခန့်မှန်းနိုင်ပါတယ်။ အမေရိကန်သမ္မတ ဂျော့ချ် ဒဗလျူဘုရှ်နဲ့ ဘားရက်အိုဘားမားတို့ လက်ထက်မှာ အမေရိကန်နိုင်ငံရဲ့မူဝါဒချမှတ်သူတွေဟာ အရှေ့တောင်အာရှဒေသရဲ့ စီးပွားရေးအရ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ရာသီဥတုပြောင်းလဲမှု၊ တရုတ်နိုင်ငံရဲ့အင်အားကြီးမားလာမှု စတဲ့စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ အရေးပါတဲ့ဒေသကြီးတစ်ခုအဖြစ်သာမက ကျန်ကိစ္စရပ်တွေအတွက်လည်း ဒီဒေသရဲ့အရေးပါမှု အနေအထားကို အသိအမှတ်ပြုခဲ့ကြပါတယ်။

သမ္မတဒေါ်နယ်ထရမ့်လက်ထက်မှာလည်း အရှေ့တောင်အာရှဒေသဟာ အမေရိကန်နိုင်ငံရဲ့အကျိုးစီးပွား၊ ဒေသတွင်းမှာရှိတဲ့ အမေရိကန်ရဲ့ ကာလရှည်ကြာ မဟာမိတ်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများရဲ့ အကျိုးစီးပွားအတွက် အရေးပါတဲ့ ပိုမိုကျယ်ပြန့်တဲ့ အင်ဒို-ပစိဖိတ်ဒေသအတွက် အလေးထားရမယ့် ဒေသခွဲတစ်ခုအဖြစ် မှတ်ယူထားပါတယ်။ အရှေ့တောင်အာရှဒေသဟာ ဘာကြောင့်အရေးပါတဲ့ဒေသတစ်ခု ဖြစ်နေရတယ်ဆိုတာ အောက်ဖော်ပြပါအချက်တွေကို လေ့လာကြည့်ရင် တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။




အာဆီယံ အသင်းကြီး၏ စီးပွားရေးနှင့် လူဦးရေ နှိုင်းယှဉ်အခြေပြဇယား

စီးပွားရေးပိုင်းဆိုင်ရာရှုထောင့်ကနေ ကြည့်မယ်ဆိုရင် အရှေ့တောင်အာရှဒေသဟာ ကမ္ဘာ့လူဦးရေရဲ့တစ်ဝက်ကျော် ရှိပြီး ကမ္ဘာ့စီးပွားရေးရဲ့ တစ်ဝက်ကျော်ကို ပိုင်ဆိုင်ထားတဲ့ ဒေသ ဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံရဲ့စီးပွားရေးနဲ့ မဟာဗျူဟာအမြင်အရ ချမှတ်ထားတဲ့ အင်ဒို-ပစိဖိတ်ဒေသဟာ အမေရိကန်အဖို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ အလားအလာကောင်းတွေနဲ့ ပြည့်နေတဲ့ဒေသဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာအမြင်နဲ့ကြည့်မယ်ဆိုရင်လည်း အရှေ့တောင်အာရှဒေသဟာ ကမ္ဘာပေါ်မှာ တတိယမြောက် လူဦးရေအများဆုံးဒေသဖြစ်သလို ပဥ္စမမြောက် စီးပွားရေးအရ အင်အားအကြီးဆုံးဒေသလည်း ဖြစ်ပါတယ်။ ဒီအချက်ကိုကြည့်ရင် အရှေ့တောင်အာရှဒေသဟာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ ရှိနေသေးသော်ငြားလည်း ဆယ်စုနှစ်ပေါင်းများစွာ စီးပွားရေးအရ တိုးတက်မှုတွေကို ရရှိခံစားနေတဲ့ ဒေသဖြစ်ပါတယ်။

> **'' စီးပွားရေးပိုင်းဆိုင်ရာရှုထောင့်ကနေ ကြည့်မယ်ဆိုရင် အရှေ့တောင်အာရှဒေသဟာ ကမ္ဘာ့လူဦးရေရဲ့တစ်ဝက်ကျော်ရှိပြီး ကမ္ဘာ့စီးပွားရေးရဲ့တစ်ဝက်ကျော်ကို ပိုင်ဆိုင်ထားတဲ့ ဒေသဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံရဲ့ စီးပွားရေးနဲ့ မဟာဗျူဟာအမြင်အရ ချမှတ်ထားတဲ့ အင်ဒို-ပစိဖိတ်ဒေသဟာ အမေရိကန်အဖို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ အလားအလာကောင်းတွေနဲ့ ပြည့်နေတဲ့ဒေသဖြစ်''**

ဒါ့အပြင် အင်ဒို-ပစိဖိတ်ဒေသအတွင်းမှာ အရှေ့တောင်အာရှဒေသဟာ အမေရိကန်နိုင်ငံရဲ့မဟာမိတ်နိုင်ငံ နှစ်နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ ရှိနေသလို မဟာဗျူဟာမြောက် အရေးပါတဲ့ မိတ်ဖက်နိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်နိုင်ငံတို့လည်း ရှိနေပါတယ်။ ပထဝီအနေအထားကကြည့်မယ်ဆိုရင် အရှေ့တောင်အာရှဒေသဟာ အနောက်ဘက်ရှိ အိန္ဒိယသမုဒ္ဒရာနဲ့ အရှေ့ဘက်ရှိ ပစိဖိတ်သမုဒ္ဒရာနှစ်စင်းအကြား အလယ်တည့်တည့်မှာ တည်ရှိနေပါတယ်။ ဒါ့အပြင် အရှေ့တောင်အာရှဒေသဟာ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာနှစ်စင်းကို ဆက်သွယ်ထားတဲ့ အရေးပါတဲ့ ရေကြောင်းဆက်သွယ်ရေးလမ်းကြောင်းတွေအပြင် တောင်တရုတ်ပင်လယ်ပါ တည်ရှိနေတဲ့အတွက် ပင်လယ်ရေကြောင်းကဏ္ဍကိုလည်း အလေးပေးတဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာအတွက် အရှေ့တောင်အာရှဒေသဟာ အထူးအရေးပါတဲ့နေရာကနေ ပါဝင်နေတာကို တွေ့မြင်နိုင်ပါတယ်။ တောင်တရုတ် ပင်လယ်ဟာဆိုရင် ပင်လယ်ရေကြောင်းကနေ ကုန်သွယ်မှုပြုနေကြတဲ့ ကမ္ဘာ့ကုန်သွယ်ရေကြောင်းသင်္ဘော သွားလာမှုစုစုပေါင်းရဲ့သုံးပုံ တစ်ပုံ ဖြတ်သန်းသွားလာလျက်ရှိသလို စင်ကာပူနဲ့ မလေးရှားနိုင်ငံအကြားက မလက္ကာရေလက်ကြားဆိုရင်လည်း ကမ္ဘာပေါ်မှာ သင်္ဘောအသွားအလာ များပြားရှုပ်ထွေးမှုအရှိဆုံး ရေကြောင်းလမ်းတစ်ခုဖြစ်ပါတယ်။

ပထဝီနိုင်ငံရေးရှုထောင့်က ကြည့်မယ်ဆိုရင်လည်း အရှေ့တောင်အာရှဒေသဟာ အင်ဒို-ပစိဖိတ်မဟာဗျူဟာရဲ့ပွင့်လင်းမြင်သာမှုနဲ့ စတင်စမ်းသပ်အကောင်အထည်ဖော်မှုတွေကို အဓိက ရင်ဆိုင်လာရမယ့် စစ်မြေပြင်တစ်ရပ်သဖွယ်လည်း ဖြစ်နေပါတယ်။ အရှေ့တောင်အာရှဒေသဟာ မတူကွဲပြားခြားနားမှုတွေ များပြားတဲ့၊ ထွန်းသစ်စနိုင်ငံတွေ ရှိနေတဲ့ဒေသတစ်ခုဖြစ်ပါတယ်။ နိုင်ငံအချို့ဟာ စီးပွားရေးအရ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သလို နိုင်ငံရေးအရလည်း အပြောင်းအလဲတွေကို ချိန်ညှိကစားနေရတဲ့ အနေအထားမှာလည်းရှိပါတယ်။ ဒါကြောင့် အင်ဒို-ပစိဖိတ် မဟာဗျူဟာရဲ့အရေးပါတဲ့ လုပ်ငန်းစဉ်တွေဖြစ်တဲ့ ဒေသတွင်း တရုတ်နိုင်ငံရဲ့ အခန်းကဏ္ဍပဲဖြစ်စေ၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး တိုးမြှင့်ဖော်ဆောင်ရေးကိစ္စပဲဖြစ်စေ၊ အရှေ့တောင်အာရှဒေသရဲ့ကွဲပြားခြားနားတဲ့ အမြင်မတူမှုတွေ၊ ကွဲပြားခြားနားမှုတွေကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အရှေ့တောင်အာရှဒေသဟာ အာရှဒေသရဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေး မျက်နှာစာတစ်ခုဖြစ်တဲ့ အာဆီယံအသင်းကြီးကိုလည်း တည်ထောင်ထားရှိပါတယ်။ အာဆီယံအသင်းကြီးဟာ အားနည်းမှုအချို့ရှိပေမယ့် အဖွဲ့ကြီးရဲ့ နှစ်စဉ်တွေ့ဆုံဆွေးနွေးမှုတွေက တစ်ဆင့် ဒေသတွင်းရှိ နိုင်ငံများရဲ့အယူအဆတွေ အပြန်အလှန်ဖလှယ်နိုင်တဲ့ မျက်နှာစာတစ်ရပ် ဖြစ်ပါတယ်။

ဒီအချက်တွေကို သိမြင်ကြတဲ့ အမေရိကန်အစိုးရတာဝန်ရှိသူတွေဟာ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ အရှေ့တောင်အာရှဒေသရဲ့အရေးပါမှုကို မူလကနဦးကတည်းက သိမြင်ခဲ့ကြပါတယ်။ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း အရှေ့တောင်အာရှဒေသကို ခရီးမထွက်မီ ဝါရှင်တန်မြို့မှာ ကျင်းပပြုလုပ်တဲ့ အင်ဒို-ပစိဖိတ် စီးပွားရေးဖိုရမ်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက မိန့်ခွန်းပြောကြားစဉ် ''အရှေ့တောင်အာရှဒေသဟာ အင်ဒို-ပစိဖိတ် မူဝါဒမှာ အဓိကကျတဲ့ အနေအထားကနေ ပါဝင်နေကြောင်း၊ အမေရိကန် နိုင်ငံရဲ့အင်ဒို-ပစိဖိတ်မျှော်မှန်းချက်တွေ ရရှိလာစေဖို့ အရှေ့တောင်အာရှဒေသဟာ ဗဟိုအချက်အချာနေရာမှာရှိ နေကြောင်း'' ထည့်သွင်းပြောကြားခဲ့ပါတယ်။ အင်ဒို-ပစိဖိတ် မဟာဗျူဟာအတွက် အရှေ့တောင်အာရှဒေသရဲ့ အရေးပါမှုကို သိမြင်တာဟာ ဒီမူဝါဒကို အကောင်အထည်ဖော်ရာမှာ အရှေ့တောင်အာရှဒေသ ပေါင်းစည်းပါဝင်လာစေဖို့အတွက် ပထမအချက်ပဲ ရှိပါသေးတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံအနေနဲ့ အရှေ့တောင်အာရှဒေသပါဝင်မှုနဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို အကောင်အထည်ဖော်မယ်ဆိုရင် သူ့ရဲ့နိုင်ငံခြားရေးမူဝါဒမှာ အခွင့်အလမ်းတွေအပြင် စိန်ခေါ်မှုတွေပါ ရှိလာနိုင်တယ်ဆိုတာ အသိအမှတ်ပြုဖို့ လိုအပ်ပါတယ်။

**အမေရိကန်နိုင်ငံအတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ**

အရှေ့တောင်အာရှဒေသအနေနဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာမှာ ပိုမိုပေါင်းစည်းပါဝင်လာစေဖို့အတွက် ကြိုးပမ်းဆောင်ရွက်တဲ့အခါ အမေရိကန်နိုင်ငံရဲ့ဒီဒေသအပေါ် လက်တွေ့ချဉ်းကပ်ဆောင်ရွက်မှုမှာ အခွင့်အလမ်းတွေရော၊ စိန်ခေါ်မှုတွေရော ရှိလာမယ်ဆိုတာ အမေရိကန် မူဝါဒချမှတ်သူတွေအနေနဲ့ သိရှိထားဖို့ လိုအပ်ပါတယ်။ ဒီအခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေကို ကျယ်ပြန့်တဲ့ မဟာဗျူဟာမူဘောင်အောက်ကနေ ထိန်းချုပ်စီမံဆောင်ရွက်နိုင်မယ်ဆိုရင် အမေရိကန်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒဟာ

*စာမျက်နှာ ၁၉ သို့*




အမေရိကန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုသည် ၂၀၁၇ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၃၅ ဘီလီယံရှိခဲ့ပြီး အမေရိကန်နိုင်ငံမှ အာဆီယံနိုင်ငံများအတွင်း ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ ရှိခဲ့သည်။




တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုသည် ၂၀၁၈ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၅၁၄ ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံမှ အာဆီယံနိုင်ငံများအတွင်း ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံ ရှိခဲ့သည်။

*စာမျက်နှာ ၁၈ မှ*

အရှေ့တောင်အာရှဒေသကို ချဉ်းကပ်ဖို့ အခရာကျတဲ့နေရာက ပါဝင်လာဖို့ ရှိပါတယ်။

လွတ်လပ်ပြီး ပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာဟာ အမေရိကန်နိုင်ငံအနေနဲ့ အရှေ့တောင်အာရှဒေသနဲ့ ထိတွေ့ဆက်ဆံနိုင်ဖို့ အခွင့်အလမ်းတွေ အများကြီးပေးနိုင်ပါတယ်။ ပထမအချက်ကတော့ အမေရိကန်နိုင်ငံရဲ့ အာရှဒေသဆိုင်ရာမူဝါဒမှာ သူဦးဆောင်တဲ့ ဒေသတွင်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး (Order-building component) အတွက် အရှေ့တောင်အာရှနိုင်ငံတွေ ပိုမိုပါဝင်ပေါင်းစည်းလာစေမယ့် အခွင့်အလမ်းရရှိလာစေမှာ ဖြစ်ပါတယ်။ သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာ (National Security Strategy) နဲ့ အမျိုးသားကာကွယ်ရေးဆိုင်ရာမဟာဗျူဟာ (National Defense Strategy) တွေမှာ ဖော်ပြထားတဲ့အတိုင်း လွတ်လပ်ပြီး ပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာရဲ့ ပထမခြေလှမ်းဟာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အာရှဒေသမှာ တည်ရှိနေတဲ့ လွတ်လပ်ပြီး ပွင့်လင်းတဲ့ နိုင်ငံတကာအနေအထားကို ပိုမိုအားဖြည့်ပေးဖို့ ဆောင်ရွက်ရမယ့် လိုအပ်ချက် ဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ်မဟာဗျူဟာမှာ အရှေ့တောင်အာရှဒေသဟာ ဒေသကြီးတစ်ခုသက်သက်သာမက အာဆီယံလို ဒေသဆိုင်ရာ အစုအဖွဲ့ကြီးတစ်ရပ်လည်းတည်ရှိနေပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်တဲ့ နိုင်ငံတကာအနေအထားတစ်ရပ် ဖြစ်ပေါ်လာစေဖို့ ကြိုးပမ်းရာမှာ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေပါတယ်။ ဒီအချက်ဟာ အာရှဒေသရဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်ရဲ့ အသက်ဖြစ်သလို ဒေသတွင်းမှာ အမေရိကန်နိုင်ငံရဲ့ အကျိုးစီးပွားတိုးမြှင့်ပေးမယ့် စံနှုန်းစံထားတွေ အားလျော့လာစေရေး တရုတ်နိုင်ငံရဲ့ ကြိုးပမ်းမှုကို တိုက်ဖျက်ရာ မှာ အဓိကပါဝင်လာစေနိုင်မှာဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ သမ္မတဒေါ်နယ်ထရမ့်အနေနဲ့ အရှေ့တောင်အာရှဒေသကြီး တစ်ခုလုံးအနေနဲ့ သာမကပဲ အမေရိကန်နိုင်ငံနဲ့ အကျိုးစီးပွားချင်း ဦးတည်ချက်လားရာတူတဲ့ နိုင်ငံတစ်နိုင်ငံချင်းစီနဲ့လည်း ထိတွေ့ဆက်ဆံနိုင်ဖို့ အခြေအနေပေးမှာဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသမှာ စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံတို့လို ရှေ့တန်းမှာရှိနေတဲ့ နိုင်ငံတွေအနေနဲ့ အမေရိကန်နိုင်ငံရဲ့ မဟာဗျူဟာမြောက် စိုးရိမ်ပူပန်မှုအချို့အပေါ်မှာ မျှဝေခံစားမှုတူညီကြပါတယ်။ ဥပမာအားဖြင့် အင်အားကြီးမားလာတဲ့ တရုတ်နိုင်ငံဟာ တောင်တရုတ်ပင်လယ်အတွင်းမှာ သူ့ရဲ့ အကျိုးစီးပွားအတွက် တွန်းတွန်းတိုက်တိုက် အားထည့်ဆောင်ရွက်လာမှုတွေ၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်မှုမှာ ပိုမိုကျယ်ကျယ်ပြန့်ပြန့်နဲ့ အဆင့်မြင့်စံနှုန်းစံထားတွေနဲ့ ချမှတ်ဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတဲ့ အချက်မျိုးတွေဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲ မှာ အင်ဒိုနီးရှားနိုင်ငံဟာ အင်ဒို-ပစိဖိတ်မဟာဗျူဟာနဲ့ ပတ်သက်ပြီး သူ့ရဲ့ကိုယ်ပိုင်အယူအဆကို ဖော်ထုတ်လာတာ ကိုလည်း တွေ့ရပါတယ်။ သို့သော်လည်း အခြားနိုင်ငံတွေရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာတွေနဲ့ အချက်အလက် အတော်များများမှာ တူညီမှုတွေရှိနေတာကို တွေ့မြင်ရပါတယ်။

တတိယနဲ့ နောက်ဆုံးအချက်ကတော့ အာရှဒေသမှာရှိတဲ့ အမေရိကန်နိုင်ငံရဲ့ မိတ်ဖက်နဲ့မဟာမိတ်နိုင်ငံအချို့ဟာ အရှေ့တောင်အာရှနိုင်ငံများနဲ့ ပိုမိုထိတွေ့ဆက်ဆံနိုင်ဖို့ သူတို့ရဲ့ ကိုယ်ပိုင်အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ချမှတ်ကျင့်သုံးလာကြပါတယ်။ အခုချမှတ်ကျင့်သုံးလာတဲ့ ဂျပန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာ၊ ဩစတြေးလျနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒစက္ကူဖြူစာတမ်း၊ အိန္ဒိယနိုင်ငံရဲ့ အရှေ့နှင့်ထိတွေ့ဆက်ဆံခြင်းမူဝါဒတွေ အားလုံးဟာလည်း အရှေ့တောင်အာရှဒေသရဲ့အရေးပါမှုကို အသိအမှတ်ပြုဖော်ပြထားကြပါတယ်။ ဒါဟာ အမေရိကန်နိုင်ငံအနေနဲ့ သူ့ရဲ့မိတ်ဖက်နဲ့မဟာမိတ်နိုင်ငံတွေနဲ့ ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်း တစ်ရပ်ပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အမေရိကန်နိုင်ငံအနေနဲ့ အင်ဒို-ပစိဖိတ်မူဝါဒကို အာရှမူဝါဒတွေနဲ့ ပေါင်းစည်းနိုင်ခြင်းဟာ မိတ်ဖက်နိုင်ငံတွေနဲ့ ထိန်းညှိဆောင်ရွက်နိုင်မယ့် အနေအထားကို ရရှိစေမှာဖြစ်ပါတယ်။ ဒီအချက်ဟာ အမေရိကန်အတွက် အားသာချက်တစ်ရပ် ဖြစ်ပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံဟာ အင်ဒို-ပစိဖိတ်မူဝါဒကို တစ်ဖက်သတ် သူ့သဘောနဲ့ အတင်းအကျပ် အကောင်အထည်ဖော်လာတယ်ဆိုတဲ့ ဝေဖန်မှုတွေကိုလည်း ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။

သို့သော် တစ်ချိန်တည်းမှာပဲ အင်ဒို-ပစိဖိတ်မူဝါဒကို အကောင်အထည်ဖော်နိုင်ဖို့ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ ထိတွေ့ဆောင်ရွက်ရာမှာ အမေရိကန်နိုင်ငံရဲ့ မူဝါဒချမှတ်သူတွေအတွက် အခက်အခဲနဲ့စိန်ခေါ်မှုတွေလည်း ရှိနေပါတယ်။ ပထမအချက်ကတော့ အာရှဒေသတွင်းရှိ နိုင်ငံအချို့ဟာ အမေရိကန်နိုင်ငံ အင်ဒို-ပစိဖိတ်မူဝါဒရဲ့ ရည်မှန်းချက်နဲ့ ပတ်သက်ပြီး သံသယရှိနေတဲ့ အချက်ဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ်မူဝါဒဟာ စံနှုန်းတန်ဖိုးမူဝါဒတွေကို မိတ်ဖက်နိုင်ငံတွေနဲ့ ကာကွယ်စောင့်ရှောက်သွားမယ့် ကျယ်ကျယ်ပြန့်ပြန့်နဲ့ အစိုးရတစ်ရပ်လုံးရဲ့ ချဉ်းကပ်ဆောင်ရွက်မှုဖြစ်တယ်လို့ အမေရိကန်တာဝန်ရှိသူတွေက မကြာခဏထုတ်ဖော် ပြောကြားကြပေမယ့် အချို့တွေကတော့ တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ဖို့ လုံခြုံရေးကို အသားပေးတဲ့ ကျဉ်းမြောင်းတဲ့ မူဝါဒတစ်ရပ်သာဖြစ်တယ်လို့ ရှုမြင်နေကြဆဲ ဖြစ်ပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး နိုင်ငံအချို့က ကြိုက်နှစ်သက်မှုရှိနိုင်မှာ ဖြစ်ပေမယ့် အမေရိကန်ရဲ့ မိတ်ဖက်နိုင်ငံတွေအပါအဝင် အများစုကတော့ ဒေသတွင်းကွဲပြားခြားနားမှုတွေ ဖြစ်လာစေနိုင်မယ်၊ အမေရိကန်ရဲ့ စီးပွားရေးအရ ထိတွေ့ဆက်ဆံမှုတွေကို အားနည်းလာစေနိုင်မယ်ဆိုပြီး ထောက်ပြကြပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ (စာရေးသူ)**

# ရှားတောမြို့တွင်းလမ်းများကို မြို့အင်္ဂါရပ်နှင့်ညီညွတ်ရေး ချဲ့ထွင်ဆောင်ရွက်

**ရှားတော မေ ၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ လမ်းများကို သတ်မှတ်လမ်းနယ်နိမိတ်အတိုင်း ချဲ့ထွင်ဆောင်ရွက်သွားရန် မြို့နယ်စည်ပင်သာယာရေးကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရှားတောမြို့သည် ၀ ဒသမ ၂၇ စတုရန်းမိုင် အကျယ်အဝန်းရှိပြီး အောင်ချမ်းသာ၊ ဈေးပိုင်း၊ အလယ်ပိုင်း၊ တောင်ပိုင်းအမည်ရှိ ရပ်ကွက်လေးရပ်ကွက်တို့အတွင်း လမ်းမကြီး၊ လမ်းသွယ်နှင့် ကြားလမ်း စုစုပေါင်း ၂၅ လမ်းရှိကြောင်း မြို့နယ်စည်ပင်သာယာ မှတ်တမ်းများအရ သိရပြီး ယခုအခါ လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းဘေးဝဲယာရေနုတ်မြောင်း တည်ဆောက်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ လမ်းနယ်နိမိတ်နှင့်မလွတ်ကင်းသည့် ခတ်တိုင်များရွှေ့ပြောင်းခြင်း၊ လမ်းနယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်း၊ လမ်းနယ်နိမိတ်အတွင်းကျရောက်နေသည့် ခြံစည်းရိုးများ ရွှေ့ပြောင်းခြင်း၊ အရှိန်လျှော့ခုံးများ တည်ဆောက်ခြင်းအစရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ လွိုင်ကော် - ရှားတော-တာတမော့လမ်းကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိပြီး ဆက်လက်၍ သံလွင်မြစ်ကူး တံတားကြီး တည်ဆောက်ကာ ထိုင်းနိုင်ငံနယ်စပ်အထိလမ်းပေါက်ခဲ့ပါက ရှားတောမြို့သည် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကြားစခန်းတစ်ခုဖြစ်ပေါ်လာနိုင်ဖွယ်ရာ အကြောင်းရှိ၍ ရှားတောမြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်သော တည်ဆောက်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိရန် ဒေသခံအများစုက လိုလားလျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



**မေ ၁ ရက် နံနက်ပိုင်းက စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉)၊ ကျောင်းဆင်းနှစ်ပတ်လည် (၃၁)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဆွမ်းနှင့် ဆေးပဒေသာပင် လှူဒါန်းငွေကျပ် ၁၁၃၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံစဉ်။** သတင်းစဉ်

# မြောက်ဦး၌ နေရပ်စွန့်ခွာသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မြောက်ဦး မေ ၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ ထမ္မရာဇ် ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်းသို့ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယမန်နေ့က အဆိုပါကယ်ဆယ်ရေးစခန်း၌ ပေးအပ်ခဲ့သည်။

ထို့နောက် မြောက်ဦးခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမိုးနွယ်နှင့် ဝန်ထမ်းများက ထမ္မရာဇ် ကယ်ဆယ်ရေးစခန်းသို့ နောက်ထပ် အသစ်ခိုလှုံ ရောက်ရှိလာကြသော အိမ်ထောင်စုဝင် ၂၂ဦးတို့အတွက် အမျိုးသားလုံချည် ၂၂ ထည်၊ အမျိုးသမီးလုံချည် ၂၂ ထည်၊ တဘက် ၂၂ ထည်၊ တီရှပ် ၄၄ ထည်နှင့် ဆန် ၂၆ အိတ် ၁၇ ပြည်တို့ကို အဆိုပါကယ်ဆယ်ရေးစခန်းရှိ တာဝန်ခံများထံသို့ လက်ဝယ်ပေးအပ် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပျားမွေးမြူရေးသင်တန်းဆင်းသူများအား ပျားအုံများနှင့် ပျားမွေးမြူရေးပစ္စည်းများ ပေးအပ်

**ဒီးမော့ဆို မေ ၁**

မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းအရ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုရန်ရည်ရွယ်လျက် ဝါသောခိုရွာသစ်ကျေးရွာ၌ ဖွင့်လှစ်ခဲ့သော ပျားမွေးမြူရေး သင်တန်းဆင်းပွဲကို မတ် ၃၀ ရက်က အဆိုပါကျေးရွာ ခန်းမဆောင်၌ ကျင်းပခဲ့ပြီး သင်တန်းဆင်းသူများအား ပျားအုံများနှင့် ပျားမွေးမြူရေးပစ္စည်းများကို ပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကယားပြည်နယ် ပျားလုပ်ငန်း ဦးစီးဌာနမှူး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း၊ ပြည်နယ်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်တို့က သင်တန်းသားများနှင့် ဒေသခံပြည်သူများထံသို့ ဥရောပပျားအုံ ၂၅ အုံနှင့် ပျားမွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

**ရီရယ်(ဒီးမော့ဆို)**

# မြန်မာ့ရှေးဟောင်း သံချက်ဖိုများ

မောင်သာ(ရှေးဟောင်းသုတေသန)

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဗဟင်းတွင် လွန်ခဲ့သည့် နှစ်သန်း ၄၀ ဝန်းကျင်က ဖြစ်ထွန်းခဲ့သည့် လူတူပရိုင်းမိတ်များမှ အစပြု၍ မြန်မာနိုင်ငံသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်တို့ကို ဖြတ်သန်းခဲ့ကာ ယဉ်ကျေးမှု ဖြစ်စဉ်များ ထွန်းကားခဲ့သည်။ လူသားများ၏ ဖွံ့ဖြိုးသော ဉာဏ်ရည်ကြောင့် ကျောက်ခေတ်ကတည်းကပင် ကျောက်လက်နက်များကို အသုံးပြုခဲ့ကြပြီး ကြေးခေတ်နှင့် သံခေတ်များတွင် ကြေးလက်နက်၊ သံလက်နက်များကို တီထွင်သုံးစွဲခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် လွန်ခဲ့သော နှစ် ၃၅၀၀ ဝန်းကျင်(ခရစ်တော်မပေါ်မီနှစ် ၅၀၀)တွင် မြန်မာနိုင်ငံ၌ ကြေးလက်နက်များနှင့်အတူ သံလက်နက်များကိုလည်း သုံးစွဲနေခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့ကြသူများသည် ပျူခေတ်၌ သံကို တွင်ကျယ်စွာအသုံးပြုခဲ့သည့် အထောက်အထားများအဖြစ် သရေခေတ္တရာမြို့ဟောင်းတွင် စိုက်ထူထားသည့် သံမယ်နချောင်းကြီးများကို မြင်တွေ့ကြရသကဲ့သို့ သရေခေတ္တရာဒေသဝန်းကျင်၌ ရှေးဟောင်းသံချက်ဖိုများကို တွေ့ရှိနိုင်ကြပေသည်။

မြန်မာနိုင်ငံအတွင်း သံချက်ဖိုဟောင်းများကို မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် အများဆုံး တွေ့ရှိနိုင်ကြပြီး သိပ္ပံနည်းကျတည်ထောင်ခဲ့သည့် သံချက်ဖိုဟောင်းကြီးကို စစ်ကိုင်းမြို့တွင် ယနေ့တိုင် မြင်တွေ့နိုင်ကြပေသည်။

## ရှေးခေတ်က သံထုတ်လုပ်ခဲ့ပုံ

ရှေးဦးလူသားများသည် ကြေး၊ ခဲနှင့် သံဖြူကို တွေ့ရှိခဲ့ပြီး ကြေးနှင့် သံဖြူကိုရောလျှင် ကြေးနီကိုရရှိကြောင်း သိရှိခဲ့ကြသည်။ ကြေး၊ သံဖြူနှင့် ခဲတို့သည် သတ္တုပျော့များဖြစ်သဖြင့် လိုရာပုံဖော်ကာ အသုံးပြုခဲ့ကြသည်။ ဆက်လက်၍ ကြေးထက် ပိုမိုမာကျောသည့် သံကို တွေ့ရှိခဲ့ပြီး သံကိုမီးဖုတ်၍ မာကျောတောင့်တင်းသော လက်နက်ကိရိယာများကို ထုတ်လုပ်နိုင်ခဲ့သည့် သံခေတ်ယဉ်ကျေးမှု ထွန်းကားလာခြင်းသည် စက်မှုတော်လှန်ရေးအစဟု ဆိုနိုင်ပေသည်။

လူသားများသည် သံရိုင်း(Haematite)ကို တွေ့ရှိခဲ့ပြီးနောက် သံသတ္တုဖြစ်လာစေရန် ကျိုချက်ခြင်းသည် သံချက်ဖို၏ လုပ်ငန်းစဉ်ဖြစ်သည်။ ထို့ကြောင့် မြေပြင်တောင်စောင်းများတွင် သံချက်ဖိုများပြုလုပ်ကာ သံကိုထုတ်ယူခဲ့ကြသည်။ သိပ္ပံနည်းဖြစ်စဉ်အရ သံရိုင်းကိုအပူပေး၍ သံချက်ဖို၏အခြေမှ လေကို ဝင်စေခြင်းဖြင့် အပူချိန်မြင့်မားလာကာ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့များ ထွက်ရှိလာပြီး သံရိုင်းတွင်ပါရှိသည့် သံအောက်ဆိုဒ်နှင့်ဓာတ်ပြု၍ သံသတ္တုအမှုန်များကို ရရှိစေသည်။ သံချက်ဖို၏အပူရှိန်သည် သံသတ္တုရိုင်းမှ အောက်ဆီဂျင်ကိုဖယ်ထုတ်ပြီး သံမဟုတ်သည့်အရာများကို ချော်ရည်များအဖြစ် ပြောင်းလဲစေသည်။ ချော်ရည်များသည် ဖိုအခြေတွင် စုစည်း၍ သံမှုန်များသည် ချော်ရည်နှင့်ပေါင်းစပ်လျက် သံမြုပ်ခဲများဖြစ်လာကြသည်။ ယင်းသို့ သံကိုအရည်မပျော်စေဘဲ ချက်သည့်နည်းကို သိပ္ပံပညာရှင်များက Bloomery Method ဟု ခေါ်ဆိုကြကာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌ ရှေးအခါက Bloomy နည်းဖြင့် သံကိုချက်လုပ်ခဲ့ကြသည်။

ပညာရှင်များ၏ သုတေသနပြုချက်များအရ တောင်စောင်းများနှင့် မြစ်ကမ်းပါးများတွင် သံဖိုများကို ရွှံ့စေးဖြင့်ပြုလုပ်ကာ မြေပြင်တွင် သုံးမီတာနက်သည့်ကျင်းကို တူးကြသည်။ ဖို၏အခြေတွင် လေလာရာဘက်သို့မျက်နှာမူထားသည့် လေဝင်ပေါက်တစ်ခုကိုဖောက်၍ သံဖိုအတွင်း၌ သံရိုင်းများနှင့် မီးသွေးကိုထည့်ကာ မီးအပူပေးရသည်။ အောက်ခြေတွင် ကျင်းမတူးထားသည့် သံဖိုများ၌ ချော်များကိုထုတ်ယူရန် အပေါက်တစ်ခုပြုလုပ်ထားပြီး ကျင်းတူးထားသည့် သံဖိုများတွင်မူ ချော်များကို ကျင်းအတွင်း၌ စုဆောင်းကြသည်။

သံချက်ဖိုများတွင် သံချက်သည့်အပူချိန်သည် ၁၂၅၀ ဒီဂရီစင်တီဂရိတ်ရှိ၍ ဖိုနံရံကို သလင်းဓာတ်ကြွယ်သည့် ရွှံ့စေးဖြင့်ပြုလုပ်ကြသဖြင့် မြင့်မားသောအပူချိန်တွင် ဖိုကိုမပျက်စီးစေရန် ကာကွယ်ထားနိုင်ပေသည်။ ဤသို့ သံကိုချက်လုပ်ရာတွင် သံမှုန်များသည် ချော်နှင့်ပေါင်းစပ်၍ အပေါက်များပါရှိသည့် သံကြမ်းခဲများကို ရရှိသည်။ သံကြမ်းခဲများကို အပူပေး၍ ချော်များအရည်ပျော်လာလျှင် သံကြမ်းခဲကိုထုနှက်၍ အရည်ပျော်နေသည့်ချော်များကို ဖယ်ထုတ်လိုက်လျှင် အသင့်ပျော့ပျောင်းသည့် သံကြွပ်ကို ရရှိသည်။ ယင်းသံကြွပ်ကို မီးသွေးဖြင့် အပူပေးကာ ရေ သို့မဟုတ် ဆီဖြင့် ငြိမ်းသတ်ပါက ပိုမိုမာကျောသည့်သံကို ရရှိပေသည်။

## ရှေးဟောင်းသံချက်ဖိုများ

မြန်မာနိုင်ငံအတွင်း တွေ့ရှိရသည့် ရှေးဟောင်း သံချက်ဖိုများကို လူများနေထိုင်သည့်နေရာများနှင့် အလွန်မဝေးသောနေရာများတွင် ပြုလုပ်ခဲ့ကြသည်။ ယင်းနေရာများသည် သံရိုင်း၊ ထင်း၊ မီးသွေး၊ ရွှံ့စေး၊ ရေ အစရှိသည့် သံချက် လုပ်ငန်းတွင် လိုအပ်သည့် ပစ္စည်းများကို အလွယ်တကူရနိုင်သည့်နေရာများဖြစ်ကြသည်။ သံချက်ဖိုများကို လေကောင်းစွာ ရရှိသည့် မြစ်ကမ်း၊ ချောင်းကမ်းဘေးနှင့် ကုန်းမြင့်များတွင် အရွယ်ပမာဏနှင့်ပုံသဏ္ဌာန်မျိုးစုံ တည်ဆောက်ခဲ့ကြသည်။

သံချက်ဖိုများတွင် အပူချိန်မြင့်မားစေရန် ဖားဖို သို့မဟုတ် မြင့်သောခေါင်းတိုင်ကို ပြုလုပ်ကြသည်။ သို့သော် ရှေးအခါက သံချက်ပြီးလျှင် ဖိုအစိတ်အပိုင်းများကိုဖျက်၍ သံကြမ်းကို ထုတ်ယူခဲ့ကြခြင်း၊ မြင့်မားသော ဖိုအထက်ပိုင်းသည် အလွယ်တကူပျက်စီးနိုင်ခြင်း၊ မြေပြင်တွင် သီးသန့်တည်ရှိနေခြင်း စသည်တို့ကြောင့် သံချက်ဖိုများကို အများအားဖြင့် အကောင်းအတိုင်း မတွေ့ရှိကြရချေ။ သံချက်ဖိုများ၏ ယေဘုယျပုံသည် ဖလားပုံ၊ အမိုးခုံးပုံနှင့် လိုဏ်ခေါင်းပုံတို့ကို တွေ့ရှိကြရပေသည်။

မြေပြင်ကိုတူးထားသည့် ဖလားပုံဖိုများသည် အနက်တိမ်၍ အတွင်း အဝိုင်းက ကျယ်ဝန်းကာ မီးလောင်လွယ်သည့် လောင်စာများကို အပေါ်မှဖုံးအုပ်ပြီး အပူပေးကြသည်။ ထို့ကြောင့် သံကိုချက်လုပ်ရာတွင် သံကြမ်းခဲများသည် ဖိုကြမ်းပြင်တွင် ချော်များ၏အထက်၌ စုစည်းမိကြသည်။ ယင်းတို့ကို ထုတ်ယူရန် ဖိုအပေါ်ပိုင်းကို ဖြိုရသဖြင့် သံချက်ဖိုသည် ဖလားပုံ ကျန်ရှိနေတတ်သည်။

အမိုးခုံးသံချက်ဖိုများသည် ဖလားပုံဖိုများထက် အဆင့်မြင့်ကာ ကျင်းထဲမှချော်ရည်များကို မြောင်းသွယ်၍ထုတ်ယူရန် စီမံထားသည်။ ယင်းဖိုများတွင် ပြောင်းရှည်ပုံသဏ္ဌာန်အခေါင်းတစ်ခုကို ရွှံ့နံရံဖြင့်ပြုလုပ်ကာ အောက်ခြေ၌ အပေါက် နှစ်ပေါက်ကို မျက်နှာချင်းဆိုင်ထား၍ အပေါက်တစ်ခုတွင် ဖားဖိုနှုတ်သီးကို တပ်ခဲ့ဟန်ရှိသည်။ ဖိုအပေါ်ထိပ်တွင် ဖောက်ထားသည့်အပေါက်မှ လောင်စာနှင့်သံရိုင်းများကို ထည့်သွင်းသည်။



စစ်ကိုင်းသံချက်ဖို

လိုဏ်ခေါင်းပုံဖိုများတွင် အထက်ပိုင်းသည် လိုဏ်ပုံဖြစ်၍ အောက်ပိုင်းတွင် ချော်ရည်စုရန် ကျင်းတူးထားသည်။ ယင်းဖိုများတွင် ဖို၏အမြင့်သည် ယေဘုယျအားဖြင့် ဖိုအချင်းဝက်၏ တစ်ဆခွဲရှိသဖြင့် အောက်ခြေကျယ်၍ အထက်သို့ ရှူးနေလေ့ရှိသည်။ ယင်းဖိုများတွင် ဖိုအောက်ပိုင်းရှိမြေကျင်းထဲ၌ ချော်များကိုတွေ့ရသည်။ ဖိုအောက်ပိုင်းတွင်စုစည်းနေသည့် သံမှုန်များနှင့် ချော်ရည်ပေါင်းနေသည့် သံကြမ်းခဲများကို ထုတ်ယူရန် ဖိုကိုဖျက်ကြသဖြင့် ဖိုအပြည့်အစုံကို တွေ့ရခဲပေသည်။

## သံကြမ်းနှင့် ချော်

သံမချက်လုပ်မီ ဖိုကိုခြောက်သွေ့စေရန် ဖိုအတွင်းအပြင်ကို မီးဖြင့် တဖြည်းဖြည်း ကျင့်ပေးရသည်။ သံချက်ဖိုများတွင် တွေ့ရလေ့ရှိသည့် အင်္ဂလိပ်အက္ခရာ ယူပုံသဏ္ဌာန်အပေါက်သည် သံချက်ရာမှထွက်ပေါ်လာသည့် ချော်များကို ထုတ်သည့် အပေါက်ဖြစ်ပေသည်။ သံချက်လုပ်ရာတွင် ချော်(Slag)များက အဓိကကျန်ရှိသဖြင့် ရှေးဟောင်းသံချက်ဖိုများတွင် ချော်ခဲများကို အများဆုံး တွေ့ရှိကြရသည်။ ချော်သည် သတ္တုရိုင်းမှ သတ္တုကိုထုတ်ယူပြီးနောက် ကျန်ရှိသည့် သတ္တုအောက်ဆိုဒ် အကြွင်းအကျန်များဖြစ်ကာ ချော်ရည်သည် အေးခဲသွားချိန်တွင် အညိုရင့်ရောင် သို့မဟုတ် အနီရင့်ရောင်ရှိသည့် မာကျောသည့် အပိုင်းအစများအဖြစ် ကျန်ရှိသည်။ ယင်းချော်ခဲများကို နှောင်းလူများက လမ်းခင်းရာတွင် အသုံးပြုခဲ့ကြကာ ချော်ခဲများရယူရန် ရှေးဟောင်းသံချက်ဖိုများကို ဖျက်ဆီးမိခဲ့ကြပေသည်။

သံကြမ်းခဲ(Bloom)သည် သံမှုန်များနှင့် ချော်များ ပေါင်းစပ်နေသည့် အစိုင်အခဲဖြစ်ကာ အပေါက်များပါရှိလျက် ရေမြှုပ်နှင့်တူသည့် သံမြုပ်ဖြစ်သည်။ သံကြမ်းခဲကိုအပူပေးပြီး ထုနှက်ခြင်းဖြင့်ရရှိသည့်သံကြွပ်ကို ပန်းပဲဖိုများတွင် လက်နက်ကိရိယာများအဖြစ် ပြုလုပ်နိုင်သည်။ ရှေးအခါက သံချက်ဖိုများတွင် ဖိုကိုဖျက်၍ သံကြမ်းခဲများကို ထုတ်ယူခဲ့ကြသဖြင့် သံချက်ဖိုအများစုသည် ပျက်စီးနေတတ်ကြပေသည်။

## မကွေးတိုင်းဒေသကြီးမှ သံချက်ဖိုဟောင်းများ

မြန်မာနိုင်ငံတွင် သံချက်ဖိုဟောင်းများကို တွေ့ရှိကြရသည့် အနက် ပုပ္ပားဒေသအနီးဝန်းကျင်ရှိ သံချက်ဖိုများသည် အထင်ရှားဆုံးဟု ဆိုနိုင်သည်။ ပုပ္ပားတောင်၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်တွင် သံချော်များနှင့် သံချက်ဖိုဟောင်းများကို ယနေ့တိုင် မြင်တွေ့နိုင်ကြပေသည်။ မြန်မာနိုင်ငံတွင် သံချက်ဖိုများ များပြားစွာရှိခဲ့ပြီး ယနေ့တိုင် သံတိုအမည်ဖြင့် တည်ရှိနေသည့် ကျေးရွာ ၂၅ ရွာကို တောင်တွင်းလှဖေ၏ ရှေးမြန်မာကြီးများ သံချက်လုပ်ငန်းစာအုပ်တွင် ဖော်ပြခဲ့သည်။ ထို့အတူ သံမြေကျင်း၊ သံချေးကန်၊ သံခဲတောင် စသဖြင့် သံချက်ဖိုနှင့် ဆက်နွှယ်သည့်အမည်များ မှည့်ခေါ်ထားသော ကျေးရွာများသည်လည်း ယနေ့တိုင် တည်ရှိနေပေသည်။

ယင်းတို့အနက် မကွေး-မြို့သစ်ကားလမ်းအနီး မကွေးမြို့နယ် ပိုင်နက်အတွင်း၌ သံဖိုလေး၊ ဖိုကုန်း၊ ဖိုလေးလုံးနှင့် သံဖိုကန်ဝန်းကျင်တွင် သံချက်ဖိုဟောင်းများကို တွေ့ရှိကြရသည်။ သံချက်ဖိုသုံးခု၏ အလယ်တွင် တည်ထားသဖြင့် အလယ်ဖိုဟု အမည်တွင်ခဲ့သည့်ကျေးရွာမှ ဒေသခံ ဦးစိုးမြင့်က ရတနာပုံခေတ်တွင် ယင်းသံဖိုများမှ သံများထုတ်လုပ်၍ သံလက်နက်များကို နေပြည်တော်သို့ ပို့ခဲ့ရကြောင်း မိမိတို့ဘိုးဘွားများက ပြောကြားခဲ့သည်ဟု ရှင်းပြသည်။ သို့သော် သံချက်ဖိုအများစုသည် ပျက်စီးနေကြပြီဖြစ်သည်။ မကွေးတိုင်းဒေသကြီးအတွင်း၌ မကွေး၊ ချောက်၊ ပွင့်ဖြူ၊ မြို့သစ်၊ အောင်လံ၊ ပခုက္ကူ၊ မြိုင်၊ ဆိပ်ဖြူနှင့် ဆင်ပေါင်ဝဲမြို့နယ်များတွင်လည်း သံချက်ဖိုဟောင်းများသည် ယခုတိုင်ကျန်ရှိနေပေသည်။

## ရတနာပုံခေတ် သံချက်ဖို

မြန်မာ့သမိုင်းတစ်လျှောက် ကုန်းဘောင်ခေတ်နောက်ဆုံးပိုင်းတွင် ရတနာပုံ မန္တလေး၌ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ နန်းစိုက်ခဲ့သည့် ခရစ်နှစ် ၁၈၅၃ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ ကာလကို ရတနာပုံခေတ်ဟု သတ်မှတ်ခဲ့သည်။ ယင်းအချိန်တွင် ဥရောပတိုက်၌ သံချက်သည့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီးနောက် မင်းတုန်းမင်းသည် ယခု စစ်ကိုင်းမြို့ သာစည်ရပ် ရွှေတောင်ဦးမော်စေတီအနီးတွင် ခေတ်မီသံချက်ဖိုကြီးတစ်ခုကို တည်ထောင်ခဲ့သည်။

စစ်ကိုင်းသံချက်ဖိုဟု ထင်ရှားသည့် သံရည်ကျိုစက်ရုံကို ခရစ်နှစ် ၁၈၇၄ ခုနှစ် ဇွန်လတွင် စတင်တည်ဆောက်ခဲ့သော်လည်း ၁၈၇၈ ခုနှစ်အထိ စက်ကိရိယာများတပ်ဆင်မှု မပြီးစီးခဲ့ချေ။ စက်ရုံသာ ပြီးစီးလည်ပတ်နိုင်ခဲ့ပါက တစ်ရက်လျှင် ကျောက်မီးသွေး တန် ၁၀၀ သုံးစွဲကာ သံရည်ကျိုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းခဲ့သည်။

မြန်မာတို့သည် အင်္ဂလိပ်တို့နှင့် စစ်ပွဲနှစ်ကြိမ်ရှုံးနိမ့်ခဲ့ပြီးနောက် ရတနာပုံခေတ်တွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တတ်စွမ်းနိုင်သမျှဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအနက် စစ်ကိုင်းသံချက်ဖို တည်ဆောက်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ စစ်ကိုင်းသံချက်ဖိုကို ခရစ်နှစ် ၁၈၇၄ ခုနှစ် ဇွန်လတွင် အုတ်မြစ်ချခဲ့သည်။

ရတနာပုံခေတ်တွင် သံချက်စက်ရုံနှစ်ရုံ တည်ဆောက်ခဲ့ရာ မန္တလေးမြို့အနောက်မျက်နှာ ပုဏ္ဏားကုန်းသုသာန် အနောက်မြောက်ဘက်တွင် တည်ရှိခဲ့သည့် သံစက်ရုံသည် ပန်းပဲရုံ၊ သတ္တုသွန်းရုံနှင့် သံရည်ကျိုရုံတို့ကို ပေါင်းစုထားသည့် အလုပ်ရုံငါးခုဖြစ်ပြီး ကျန်သံချက်စက်ရုံမှာ တည်ဆောက်မှုမပြီးခဲ့သည့် စစ်ကိုင်းသံချက်ဖိုဖြစ်သည်။

သံချက်ဖိုတည်ဆောက်ရန် လိုအပ်သည့် စက်ပစ္စည်းကိရိယာများနှင့် စက်မှုအတတ်ပညာရှင်များ ရရှိရန် မြန်မာဘုရင်အစိုးရသည် ဒေါက်တာကလေမန်ဝီလျံ(Dr.Clement William)နှင့် ၁၈၇၀ ပြည့်နှစ် အောက်တိုဘာလတွင် စာချုပ်ချုပ်ဆိုခဲ့သည်။ စာချုပ်အရ ကလေမန်ဝီလျံသည် သံချက်ဖိုကြီးကို ကျပ် ၃၈၀၀၀၀ ဖြင့် အပြီးအစီးတင်ပို့ပေးရန် သဘောတူညီခဲ့သည်။

စစ်ကိုင်းသံချက်ဖို၏ အောက်ခံကိရိယာ တန် ၅၀ ကို ၁၈၇၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် အင်္ဂလန်နိုင်ငံ လီဗာပူးမြို့မှ တင်ပို့ပေးခဲ့သည်။ ၁၈၇၄ ခုနှစ် မတ်လ ၂၉ ရက်တွင် ကလေမန်ဝီလျံသည် ကင်းဝန်မင်းကြီးအား ရန်ကုန်ဆိပ်ကမ်း၌ ဆုံတွေ့ကာ စစ်ကိုင်းသံချက်ဖိုအတွက် ပစ္စည်းကိရိယာများ အပြည့်အစုံ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း ၁၈၇၈ ခုနှစ်အထိ စစ်ကိုင်းသံချက်ဖို ပစ္စည်းများကို အပြည့်အစုံမရရှိခဲ့ပေ။

စစ်ကိုင်းသံချက်ဖို တပ်ဆင်ရန် အင်္ဂလန်နိုင်ငံတွင် သံချက်ဖိုများလုပ်ဆောင်ခဲ့သည့် အင်ဂျင်နီယာ လူငယ်များဖြစ်သည့် ဝီလျံ၊ ဂျူး၊ ဟိုလ်ဂိတ်နှင့် ဂရေဟမ်တို့ကို ၁၈၇၄ ခုနှစ်တွင် ခေါ်ယူခဲ့ပြီး ၁၈၇၄ ခုနှစ် ဧပြီလတွင် စစ်ကိုင်းသံချက်ဖိုကို တပ်ဆင်ခဲ့ကြသည်။ သို့သော် စက်ပစ္စည်းများ မပြည့်စုံမှုကြောင့် စက်တပ်ဆင်မှုမပြီးစီးဘဲ ယင်းအင်ဂျင်နီယာများကို ၁၆ လအတွက် လစာပေးခဲ့ရသည့်အပြင် စာချုပ်ရက် စေ့ချိန်တွင် အင်္ဂလန်သို့ပြန်သည့် စရိတ်ငွေကိုပါ ပေးခဲ့ရသည်။

မြန်မာဘုရင်အစိုးရသည် စစ်ကိုင်းသံချက်ဖိုတည်ဆောက်ရန် ငွေကြေးအများအပြား သုံးစွဲခဲ့သော်လည်း စက်ရုံမလည်ပတ်နိုင်ခဲ့ဘဲ အမှုအခင်းပင်ဖြစ်ခဲ့သည်။ မြန်မာအစိုးရသည် ဝန်ရှင်တော်မင်းကြီးထံ ၁၈၇၅ ခုနှစ် အောက်တိုဘာလတွင် စစ်ကိုင်းသံချက်ဖိုကိစ္စကို တိုင်တန်းခဲ့ကာ စက်ပစ္စည်းများသည် စာချုပ်ပါ စာရင်းအတိုင်း သတ်မှတ်သည့်ရက်အတွင်း ရောက်ရှိမလာခဲ့သဖြင့် လုပ်ငန်းနစ်နာမှုများ၊ စက်ဆရာများ၊ စကားပြန်များ၊ အလုပ်သမားများကို ခေါ်ယူခန့်ထားရသဖြင့် ကုန်ကျစရိတ်များအတွက် ငွေကျပ် ၂၆ သိန်း လျော်ကြေးတောင်းဆိုခဲ့သည်။

စစ်ကိုင်းသံချက်ဖိုအမှုသည် ၁၈၇၆ ခုနှစ်အထိ ပြေလည်ပြီးပြတ်မှုမရှိခဲ့ဘဲ ၁၈၇၇ ခုနှစ်တွင် နေပြည်တော်ရှိ ဗြိတိသျှအစိုးရကိုယ်စားလှယ် အရေးပိုင် ကာနယ် အိပ်ချ်တီဒန်ကင်း (Colonel H.T Duncan)၏ ဖျန်ဖြေဆုံးဖြတ်မှုကို နာခံရန် နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ကြသည်။ အိပ်ချ်တီဒန်ကင်းက မြန်မာအစိုးရက သံချက်ဖိုအတွက် ပေးရန်ကျန်ငွေ ၁၀၅၈၀ အပါအဝင် ကလေမန်ဝီလျံသို့ ငွေကျပ် ၂၆၆၈၀ ထပ်မံပေးရမည်ဟု ဆုံးဖြတ်ခဲ့သည်။ အိပ်ချ်တီဒန်ကင်းသည် မြန်မာဘုရင်အစိုးရတောင်းခံသည့် နစ်နာချက်ကို မည်ရွေ့မည်မျှနစ်နာကြောင်း ဆုံးဖြတ်ရန်မလွယ်ကူဟု အကြောင်းပြကာ ချန်လုပ်ခဲ့သည်။ သို့တိုင်အောင် မြန်မာဘုရင်အစိုးရသည် ဆုံးဖြတ်ချက်ကို လက်ခံခဲ့သည်။ ကလေမန်ဝီလျံသည် အိန္ဒိယပြည်အစိုးရထံ တင်ပြအယူခံလိုကြောင်း တိုင်တန်းခဲ့ရာ ဝန်ရှင်တော်မင်းကြီးက ကလေမန်ဝီလျံ၏ လျှောက်ထားမှုကို ပယ်ချခဲ့သည်။

သံချက်ဖိုအမှုအခင်းသည် ၁၈၇၈ ခုနှစ်တွင် ပြီးပြတ်ခဲ့ရာ မြန်မာဘုရင်အစိုးရသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသည့် သံချက်ဖိုပစ္စည်းများကိုသာ ရရှိခဲ့မည်ဟု ခန့်မှန်းရပေသည်။ သို့သော် အပြည့်အစုံရရှိခဲ့ခြင်း ရှိ မရှိကို အတိအကျ မသိရှိနိုင်ခဲ့ပါချေ။

၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက် ဗြိတိသျှတို့သည် စစ်ကိုင်းသံချက်ဖို အပါအဝင် ရတနာပုံခေတ် စက်ရုံအလုပ်ရုံများကို ထုခွဲရောင်းချခဲ့သည်။ ဗြိတိသျှတို့သည် စစ်ကိုင်းသံချက်ဖိုကို မည်သို့ ရောင်းချထုခွဲခဲ့သည်ကို မသိရှိခဲ့သော်လည်း သံချက်ဖိုခေါင်းလောင်းတိုင်ကြီးနှင့် အစိတ်အပိုင်းအချို့သည် ယနေ့တိုင် ကျန်ရှိနေပေသည်။

စစ်ကိုင်းသံချက်ဖို၏ အရှေ့မြောက်ထောင့်ရှိ စတုရန်းပုံပန္နက်ပေါ်တွင် ၁၅ မီတာမြင့်သော အုတ်တိုက်လေမှုတ်ဖို (Blast Furnace Plant)ကို တည်ဆောက်ခဲ့သည်။ ဖို၏ အောက်ခြေ၌ ၁ ဒသမ ၁ မီတာ ကျယ်၍ ၂ ဒသမ ၁ မီတာမြင့်သည့် တိုးလပေါက်တွင် တပ်ဆင်ထားသည့် အချင်း ၃ ဒသမ ၂ မီတာကျယ်ဝန်းသည့် အခေါင်းပေါက်၏အထက်ပိုင်းသည် လေမှုတ်မီးပြင်းဖိုပေါက်ဖြစ်ကာ အောက်ပိုင်းသည် သံရိုင်းအရည်ကျိုသည့်နေရာဖြစ်သည်။ သံချက်ဖိုအတွင်းပိုင်းတွင် ချော်စများတွေ့ရှိရသဖြင့် စက်ရုံကို လည်ပတ်ခဲ့သည်ဟု ယူဆရဖွယ်ရှိပေသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် စစ်ကိုင်းသံချက်ဖိုကို စောင့်ရှောက်ထိန်းသိမ်းပြုပြင်ထားသော်လည်း မြန်မာနိုင်ငံအနှံ့ရှိ ရှေးဟောင်းသံချက်ဖို အများစုသည် ထိန်းသိမ်းမှုနည်းပါးသဖြင့် ပျက်စီးနေကြပြီဖြစ်ရာ ဒေသခံများက မြန်မာ့ရှေးဟောင်း နည်းပညာအမွေအနှစ်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားကြရမည်ဖြစ်ပေသည်။ ။

# တန်ခူးလအတွက် သင်္ကြန်ပွဲနှင့် ပိတောက်ပန်း၊ ကံ့ကော်ပန်းပါ ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် မေ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၂ လ ရာသီပွဲတော်များနှင့် ပန်းများ အထိမ်းအမှတ်၊ တန်ခူးလအတွက် သင်္ကြန်ပွဲနှင့်ပိတောက်ပန်း၊ ကံ့ကော်ပန်းပါ ၂၀၀ ကျပ်တန်အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၁၉ ခုနှစ်၊ မေ ၅ ရက်၊ မြန်မာ့သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်၊ သောကြာနေ့ နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး / ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက် အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဇဗ္ဗူသီရိ ... ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့တွင် မေ ၅ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ်(firstday cover) ပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







# အနုပညာရပ်ဝန်း စင်တာ၌ ရုပ်ရှင်အနုပညာဖန်တီးမှု သင်တန်းဖွင့်

**ရန်ကုန် မေ ၁**

ရုပ်ရှင်အနုပညာလုပ်ငန်းကို စိတ်ပါဝင်စားသူ အသက် ၁၂နှစ်မှ ၁၆နှစ် အတွင်းရှိ ကလေးများအား မြေတောင်မြှောက်ပေးရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ JCGVနှင့် MM-DC တို့ပူးပေါင်းဖွင့်လှစ်သည့် ရုပ်ရှင် အနုပညာဖန်တီးမှုသင်တန်း JCGV Toto's Film Making Class ကို မေ ၁ရက်မှ ၈ ရက်အထိ အခမဲ့ဖွင့်လှစ် ပို့ချသွားမည်ဖြစ်ကြောင်း ယနေ့နံနက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်း အနုပညာရပ်ဝန်း စင်တာ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲမှ သိရသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာတင်က သင်တန်းဖွင့်ခြင်းနှင့်စပ်လျဉ်း၍ အဖွင့် အမှာစကား ပြောကြားပြီး Toto's Film Making Class မှ စီမံကိန်း မန်နေဂျာ ဒေါ်နန္ဒာဝင်းက သင်ကြားပို့ချ ပေးသွားမည့် ဘာသာရပ်များနှင့် အစီ အစဉ်များကို ရှင်းလင်းတင်ပြသည်။

သင်တန်းတွင် ဒါရိုက်တာ ကြည်စိုးထွန်းနှင့် ဒါရိုက်တာ ညီညီ ထွန်းလွင်တို့က အဓိက သင်ကြားပို့ချ သွားမည်ဖြစ်ပြီး သရုပ်ဆောင်နှင့် ဒါရိုက်တာများ ဖြစ်ကြသည့် ဦးထူးသာ၊ အေဝမ်းသိန်းထွဋ်၊ မျိုးဇော်အောင်၊ သမန်းကျား ကိုမြင့်နှင့် ကျော်နှင်းဆီတို့က အဖွဲ့ခွဲများဖွဲ့ကာ ဘာသာရပ်အလိုက် ကူညီ သင်ကြားပေးသွားမည်ဖြစ် ကြောင်း သိရသည်။

"လျှောက်လွှာတွေကို ပြီးခဲ့တဲ့ ဒီဇင်ဘာလက JCGV Toto's Film Making Class အွန်လိုင်းစာမျက်နှာနဲ့ JCGV ရုပ်ရှင်ရုံတွေကနေ ခေါ်ယူခဲ့ ပါတယ်။ မတ်၁၆ ရက်မှာ လျှောက်ထားတဲ့ အယောက် ၈၀ ထဲက နေဆရာတွေက လူတွေ့စစ်ဆေးပြီး ဆန်ခါတင်အယောက် ၃၀ ခေါ်ယူပြီး သင်တန်းပို့ချသွားတာ ဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း ဆက်လက်ဖွင့်လှစ်ဖို့ စီစဉ်သွားမှာပါ" ဟု စီမံကိန်းမန်နေဂျာ ဒေါ်နန္ဒာဝင်းက ပြောသည်။

အဆိုပါသင်တန်းကို တက်ရောက်သူ အသက် ၁၃ နှစ်အရွယ် မောင်ဥက္ကာနိုင်ဦးက "ဖြစ်ချင်တဲ့ ဆန္ဒကတော့ ဒါရိုက်တာတစ်ယောက်ဖြစ်ဖို့ပါ၊ သင်တန်းမှာ သင်ကြားပို့ချတာတွေကိုလည်း အကုန် လေ့လာမှတ်သားပါ့မယ်၊ တက္ကသိုလ်ပညာ ဆက်လက်တက်ရောက်တဲ့အခါမှာလည်း ရုပ်ရှင်ပညာနဲ့ပတ်သက်တဲ့ ဘာသာရပ်ကို သင်ယူသွားဖို့ စိတ်ကူးထားပါတယ်" ဟု ၎င်း၏စိတ်ကူးကို ပြောသည်။

သင်တန်းတွင် ဇာတ်ညွှန်းရေးခြင်း၊ ရိုက်ကူးခြင်း၊ သရုပ်ဆောင်ခြင်း၊ တည်းဖြတ်ခြင်း၊ ပရိသတ်စိတ်ဝင်စားမှု ရရန်ဆောင်ရွက်ခြင်းနှင့် ဇာတ်ကားပြသခြင်းတို့ကို ဘာသာရပ်များအလိုက် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ပြင်ပလေ့ကျင့်ရိုက်ကူးမှု အပါအဝင် အနုပညာရပ်ဝန်းစင်တာနှင့် MMDC တို့၌ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြတ်စန္ဒီ**
**ဓာတ်ပုံ-လှမိုး**



ရုပ်ရှင်အနုပညာဖန်တီးမှု သင်တန်းဖွင့်ပွဲ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာတင် အမှာစကားပြောကြားစဉ်။

# ဗမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် မေ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၉ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့(ဆဋ္ဌမနေ့) တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၄ ဌာနတို့၌ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၅၁၅၁ ပါး အနက် ၁၁၁၉၇ ပါး ဖြေဆိုကြသဖြင့် ၇၃ ဒသမ ၉၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ယှဉ်ပြိုင်ကစားခဲ့သောကြောင့် အကျိုးရှိသည့် ပြိုင်ပွဲဖြစ်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းမှ ကစားသမားအများစုမှာ ၁၆၊ ၁၇ နှစ် ဝန်းကျင်ဖြစ်သောကြောင့် မြန်မာအသင်း အတွက် အကျိုးရှိသည့် ပြိုင်ပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေပြီး ဖိတ်ခေါ် ပြိုင်ပွဲနှစ်ခု ဆက်တိုက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းမှာမူ ယခုလ အတွင်း နိုင်ငံတကာပြိုင်ပွဲနှစ်ခု ဆက်တိုက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မေ ၆ ရက်မှ ၁၀ ရက်အထိ တရုတ်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်မည်ဖြစ်ပြီး သင်္ကြန်အပြီးတွင် ဟောင်ကောင် ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား တာကူမူက ကိုင်တွယ်လျက်ရှိသည်။

**ညီမြတ်သော်တာ**

❍ *ကျောဖုံးမှ*

အိန္ဒိယနှင့် အင်ဒိုနီးရှား၊ ညနေ ၆ နာရီတွင် မြန်မာနှင့် နီပေါ၊ မေ ၆ ရက် ညနေ ၃ နာရီတွင် အိန္ဒိယနှင့် နီပေါ၊ ညနေ ၆ နာရီတွင် မြန်မာနှင့် အင်ဒိုနီးရှား၊ မေ ၉ ရက် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် အိန္ဒိယ၊ နီပေါနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲများကို မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးပွဲကို တစ်ချိန်တည်း ကစားရမည်ဖြစ်သောကြောင့် ဗထူးကွင်း၌ပါ ကျင်းပခြင်းဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းပွဲကို မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရသည့် တစ်သင်းစီသာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲပထမအဆင့်တွင် တွေ့ဆုံခဲ့သည့် နီပေါ၊ အိန္ဒိယတို့နှင့် ထပ်မံတွေ့ဆုံနေပြီး တတိယအဆင့်သို့ တက်ရောက်ရန် ရေပန်းစားလျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲတွင် ဒီဇင်ဘာ ၁၇ ရက်ကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် Hero Gold Cup ပြိုင်ပွဲ ယှဉ်ပြိုင်ရာ ချန်ပီယံဆုရခဲ့သည်။ ထို့ပြင် မတ် ၂၁၊ ၂၃ ရက်က ဗီယက်နမ်လက်ရွေးစင် အမျိုးသမီးအသင်းနှင့် မန္တလေးမြို့၌ ခြေစမ်းခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**

# ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်ရရှိ

**ရန်ကုန် မေ ၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၂၃ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ (Asia Cup World Ranking Tournament Stage.1) ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်မြားပစ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်ဆုရရှိပြီး မတ် ၃၁ရက် ညပိုင်းက ပြန်လည်ရောက်ရှိလာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားသမားများကြိုဆိုခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ကိုရီးယား၊ တရုတ် (တိုင်ပေ)၊ မွန်ဂိုလီယား၊ ဟောင်ကောင်၊ နယူးဇီလန်၊ ကာတာ၊ ရုရှား၊ ကာဇက်စတန်၊ အီရန်၊ ဆော်ဒီ အာရေးဗီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံအစရှိသည့် ကမ္ဘာ့အဆင့် အာရှ အဆင့် နိုင်ငံပေါင်း ၃၂ နိုင်ငံမှ Recurve အားကစားသမား ၁၁၄ ဦး၊ Compound အားကစားသမား ၈၈ ဦး ဝင်ရောက် ယှဉ်ပြိုင်ရာ မတ် ၃၀ ရက်တွင် Recurve Men +Women နှင့် Recurve Mixed Team ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ယှဉ်ပြိုင်ခဲ့ရာ Recurve Mixed Team ပြိုင်ပွဲ (၁/၈) Elimination တွင် နေလင်းဦးနှင့် သီတာနွယ်တို့ အတွဲက (၂၉) ကြိမ်မြောက် ဆီးဂိမ်း ငွေတံဆိပ်ဆုရ မလေးရှားအသင်းကို (၆း၀) မှတ်ဖြင့်လည်း လည်းကောင်း၊ (၁/၈) Elimination တွင် ကမ္ဘာ့အဆင့် (၅) ရှိသော ရုရှားအသင်းကို (၅း၄)မှတ် ဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် ဘင်္ဂလားဒေ့ရှ်အသင်းကို (၅း၄) မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် (၇) ရှိသော အိန္ဒိယအသင်းကို (၂း၆) မှတ်ဖြင့် ရှုံးနိမ့်က ဒုတိယ (ငွေတံဆိပ်) ရရှိခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် Recurve Mixed Team ပြိုင်ပွဲတွင် အိန္ဒိယအသင်းက ပထမ၊ မြန်မာအသင်းကဒုတိယ၊ တရုတ် (တိုင်ပေ) အသင်းက တတိယရရှိခဲ့ကြောင်း သိရသည်။

**အာကာစိုး**



အာရှပတ်လည် မြားပစ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု ရရှိသည့် မြန်မာမြားပစ် အဖွဲ့ကို တွေ့ရစဉ်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ရေမိုင်လှည့်ကင်း ဆောင်ရွက်

**နေပြည်တော် မေ ၁**

မောင်တောမြို့နယ် နယ်မြေ(၇) မကျီးချောင်းချောင်းဝ ကင်းစခန်းမှူး ဒုတိယရဲမှူး နိုင်အောင်သူ ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် ရေယာဉ်တပ်ဖွဲ့စု (မောင်တော) မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ် (၀၀၅) ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၂) နယ်ခြားစောင့်တပ် Shah-parirdip ကင်းစခန်းမှ Subedar Md. Mukter Ali ဦးဆောင်သည့်အဖွဲ့က စက်တပ် ရေယာဉ်နှစ်စင်း စုစုပေါင်း လေးစင်းတို့ဖြင့် နတ်မြစ်ကြောင်းအတိုင်း အောင်ဗလချောင်းဝထိပ် ရေမိုင် (၅) အနီးသို့ ရောက်ရှိကာ နှစ်နိုင်ငံနှစ်ဖက် ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခြင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ရေယာဉ်အမှတ် (၀၀၅) ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

မြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၂) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ် ၊ မေ လ (၁) ရက်နေ့ အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဝ - ၁၁၇၂၃၃

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဌ - ၁၀၇၉၅၇ မ - ၄၂၆၅၀၇

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

ဓ - ၁၆၇၂၆၀
ဟ - ၂၈၀၆၆၄
ဠ - ၇၃၈၈၀၆

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀၀၀)ဆု (၄) ဆု

ကခ - ၁၂၆၃၃၀ ကက - ၉၃၇၉၆၃
ဒ - ၄၉၄၀၄၈ န - ၉၈၀၀၆၅

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဝ - ၁၇၅၇၉၇
ရ - ၂၆၀၂၈၁
ည - ၇၁၂၁၅၈
ခ - ၈၆၄၁၁၃
ည - ၉၇၂၂၀၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၁၀၀၀)ဆု (၄) ဆု

စ - ၃၃၆၆၀၉ ဏ - ၈၃၅၉၇၇
ဓ - ၄၀၆၇၀၀ ကယ - ၉၈၃၉၁၄

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ကဂ - ၁၄၃၄၁၀ ဘ - ၅၅၇၂၄၃
မ - ၁၄၅၅၅၉ ဖ - ၅၆၈၉၀၉
ဘ - ၁၆၂၇၆၅ ကဆ - ၅၇၈၈၈၂
ယ - ၄၄၉၀၁၈

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၅၀၀)ဆု (၈) ဆု

မ - ၄၄၃၆၅၀ ဓ - ၆၁၉၃၈၃
ပ - ၄၅၅၉၄၂ ဌ - ၆၈၈၇၆၉
ဍ - ၄၈၄၃၁၈ ထ - ၉၃၇၉၇၆
ခ - ၅၉၀၅၀၇ င - ၉၈၄၄၈၅

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

ဖ - ၄၀၉၇၆၃ ဝ - ၆၃၉၇၅၆
သ - ၄၂၁၀၁၀ ဝ - ၈၃၂၆၁၅
တ - ၄၇၉၉၂၇ ကက - ၈၅၂၀၇၂
ဓ - ၄၉၃၈၃၀ ကခ - ၈၇၃၄၆၂
ဆ - ၅၆၂၄၃၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀၀)ဆု (၅) ဆု

င - ၄၅၈၇၀၆
ကယ - ၅၇၄၆၇၂
ကဂ - ၆၂၉၃၇၃
န - ၈၆၆၆၅၇ ကက - ၉၁၆၆၃၅

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

ကင - ၂၁၈၁၈၇ ဈ - ၃၆၁၈၈၅ စ - ၆၆၁၁၂၇
ဋ - ၃၀၁၁၈၃ ဖ - ၄၃၇၀၈၆ ဌ - ၇၃၆၉၁၅
ယ - ၃၀၉၈၁၃ အ - ၆၀၈၅၇၆ သ - ၇၆၇၃၄၃
ကစ - ၃၃၂၈၀၃ ရ - ၆၅၈၃၆၃ ဓ - ၈၇၆၃၁၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၁၀၀)ဆု (၂) ဆု

ဈ - ၄၅၃၆၉၇ ဌ - ၉၁၀၉၄၂

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

ဂ - ၃၅၁၁၅၃ ထ - ၄၂၇၄၄၆ ဂ - ၅၇၈၆၈၂ ယ - ၇၈၄၁၄၅ ဍ - ၉၀၄၇၅၇
င - ၃၅၉၅၉၈ တ - ၄၆၁၇၄၂ ဠ - ၅၈၅၈၀၈ ဍ - ၈၅၉၀၅၂ ဎ - ၉၆၈၉၆၃
ကစ - ၃၇၅၉၆၁ ဠ - ၄၈၅၅၉၄ ဆ - ၆၉၉၄၅၇ ကစ - ၈၆၄၃၆၁ ယ - ၉၇၂၆၄၁

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ

င - ၁၉၉၁၅၄ ယ - ၅၁၆၃၅၂ ဌ - ၆၈၃၀၉၉ ဏ - ၈၂၁၂၁၉
ယ - ၂၉၀၁၆၃ ခ - ၅၁၈၇၅၁ ဂ - ၇၁၂၂၅၃ ဠ - ၈၉၁၅၀၇
က - ၃၂၀၃၁၀ စ - ၅၆၆၂၇၆ ကဂ - ၇၇၃၄၇၆ င - ၉၉၈၅၉၆
ည - ၅၀၅၃၃၁ ဏ - ၆၅၆၈၇၄ ရ - ၇၉၆၃၇၉

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀)ဆု (၁) ဆု

င - ၈၆၇၁၁၀

### ဆုတစ်ဆုစျင်း ကျပ်(၁၀)သိန်းဆုများ

ပ - ၁၁၈၅၃၂ ကခ - ၄၉၀၆၉၅ တ - ၆၆၆၁၆၆ န - ၇၆၁၇၇၉
ခ - ၁၈၀၆၉၅ ဒ - ၅၂၅၉၉၄ ကခ - ၇၀၈၆၀၃ ရ - ၈၇၄၉၄၀
ယ - ၂၀၀၉၇၅ ဏ - ၅၃၉၁၄၀ ဓ - ၇၁၃၅၉၂ ဓ - ၈၉၉၀၃၈
ခ - ၃၇၈၉၆၉ ခ - ၆၀၄၉၂၃ က - ၇၁၃၉၉၇

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၁၀)ဆု (၁) ဆု

စ - ၇၂၀၀၃၁

### ဆုတစ်ဆုစျင်း ကျပ်(၅)သိန်းဆုများ

ဝ - ၁၀၂၆၅၄ ဆ - ၁၈၇၉၉၁ ဂ - ၄၀၃၇၀၅ ဈ - ၅၉၆၆၃၆ ယ - ၇၉၄၅၉၂
ည - ၁၅၇၂၀၃ ဍ - ၃၂၃၈၉၀ ဏ - ၄၄၉၃၂၄ မ - ၅၉၆၆၉၉ ကဆ - ၈၄၉၁၅၅
င - ၁၈၀၁၃၈ ဒ - ၃၈၂၉၉၂ ဈ - ၅၃၃၇၅၁ ဘ - ၆၈၉၉၇၈ ဟ - ၉၆၄၅၇၉

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ထ - ၂၆၄၉၈ | ရှ - ၃၅၄၉၇ | ဖ - ၅၁၅၀၁ | မ - ၆၁၈၅၁ | ဇ - ၇၂၇၄၆ | ကစ - ၉၉၅၃၅ |
| ဖ - ၃၁၃၀၃ | အ - ၄၂၅၆၁ | မ - ၅၈၂၂၄ | ကက - ၇၀၀၃၈ | ဈ - ၇၆၁၇၉ | |
| ဌ - ၃၅၁၀၅ | န - ၄၃၄၇၇ | ဈ - ၅၉၉၅၇ | င - ၇၁၄၄၂ | | |

အကွာရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ယ - ၁၂၉၆ | ကဂ - ၃၅၀၉ | မ - ၅၀၇၂ | ဇ - ၅၄၄၆ | လ - ၈၂၉၉ | င - ၉၄၄၉ |
| ဝ - ၁၄၆၆ | ဘ - ၄၄၅၈ | သ - ၅၃၅၇ | ရ - ၆၄၀၆ | ရ - ၈၄၅၀ | |
| ပ - ၂၄၅၀ | ဗ - ၄၇၉၆ | ကဆ - ၅၄၀၂ | ဈ - ၇၄၂၇ | | |

အကွာရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ကစ - ၁၀၁ | ဆ - ၃၈၉ | စ - ၄၉၈ | ဠ - ၇၂၈ | ဍ - ၉၁၉ | ဟ - ၉၇၉ |
| ပ - ၁၇၅ | ဗ - ၄၄၇ | ကဆ - ၅၄၈ | ဒ - ၇၃၆ | ခ - ၉၃၂ | ဇ - ၉၇၉ |
| ကခ - ၂၀၃ | ဃ - ၄၅၁ | ကင - ၅၆၇ | အ - ၈၄၈ | ကခ - ၉၅၁ | ဘ - ၉၉၂ |

အကွာရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | | | | |
|---|---|---|---|---|---|
| သ - ၁၅ | ဝ - ၂၇ | ဠ - ၄၇ | ရှ - ၆၂ | င - ၆၈ | ကက - ၈၉ |
| ဇ - ၂၀ | အ - ၃၅ | လ - ၄၉ | ခ - ၆၃ | ဗ - ၈၀ | က - ၉၉ |
| ဟ - ၂၃ | ဏ - ၃၉ | ည - ၅၂ | ဏ - ၆၇ | ဂ - ၈၂ | |
| ဟ - ၂၆ | ဝ - ၄၇ | ဝ - ၆၁ | ခ - ၆၈ | | |

အကွာရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

(၂၅) ကြိမ်မြောက် ကျပ်၅၀၀ တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ် ၊ ဧပြီလ (၁) ရက်နေ့

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဌ - ၅၃၄၇၃၀

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဌ - ၇၁၂၁၆၉

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

င- ၈၈၆၉၀၆

မရောင်းရ ထီလက်မှတ်များမှ ပေါက်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၅၀၀)ဆု (၂) ဆု

ဈ - ၆၈၉၁၃၆
ခ - ၇၅၇၈၉၁

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ဃ - ၆၁၉၀၂၉

မရောင်းရ ထီလက်မှတ်များမှ ပေါက်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၃၀၀)ဆု (၃) ဆု

ဆ - ၁၃၁၇၄၅ ခ - ၇၄၆၆၆၇
ဆ - ၄၆၃၉၉၉

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

ဃ - ၁၅၄၅၇၅

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

င - ၇၁၅၅၇၄ ဆ - ၉၄၈၆၅၄

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀)ဆုများ

ဈ - ၃၈၅၁၅၄
ခ - ၆၁၄၁၇၁

မရောင်းရ ထီလက်မှတ်များမှ ပေါက်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၃၀)ဆု (၁) ဆု

ဇ - ၁၁၇၂၇၀

### ဆုကြီးတစ်ဆုစျင်း ကျပ်(၁၀)သိန်းဆုများ

| | | |
|---|---|---|
| က - ၆၂၄၇၄၁ | ခ - ၆၆၁၁၀၁ | က - ၈၂၇၁၁၇ |
| ခ - ၆၅၁၃၄၆ | င - ၇၈၁၆၁၀ | ဌ - ၉၃၅၀၂၂ |

မရောင်းရ ထီလက်မှတ်များမှ ပေါက်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၁၀)ဆု (၁) ဆု

ဃ - ၈၄၂၈၀၉

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ရှ - ၅၈၂၈၅

အကွာရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ရှ - ၆၁၈၄

အကွာရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ခ - ၈၅၆

အကွာရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

ဌ - ၄၆
စ - ၇၄

အကွာရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၉ခုနှစ် ၊ ဧပြီလ (၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၂) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၁၉၈၄၅၁) နှင့် (၂၅) ကြိမ်မြောက် ကျပ် (၅၀၀) တန်အတွက်(၁၇၃၃၄၆)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၉ခုနှစ် ၊ မေ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၃) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေ ထီလက်မှတ်များနှင့် (၂၆)ကြိမ်မြောက် ကျပ်(၅၀၀)တန် ထီစာအုပ် ထပ်မံဝယ်ယူလိုသူများအနေဖြင့် (၂. ၄. ၂၀၁၉)မှ (၂၄. ၄. ၂၀၁၉) ရက်နေ့ထိ အောင်ဘာလေသိန်းဆုဌာနခွဲတွင် ဝယ်ယူနိုင်ပါသည်။

၃။ ယခု (၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများနှင့် (၂၅)ကြိမ်မြောက် ကျပ် (၅၀၀)တန် ဆုမဲများအနက်ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂. ၄ . ၂၀၁၉) ရက်နေ့မှစတင်၍နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁ . ၄ . ၂၀၁၉) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့် ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊(၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# အိုလံပစ် အမျိုးသမီးဒုတိယအဆင့်ခြေစစ်ပွဲ မေ ၃ ရက် စတင်ကျင်းပမည်


မြန်မာအမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် မေ ၁**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၀ အိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲများကို မေ ၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (က) ၌ အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှားတို့နှင့် ကျရောက်နေသည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စု သုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု တစ်ခုစီအတွက် အိမ်ရှင်နိုင်ငံများ သတ်မှတ်ထားကာ မြန်မာအသင်း ပါဝင်သည့် အုပ်စု(က)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ မန္တလေးမြို့ရှိ မန္တလာသီရိကွင်းနှင့် ဗထူးကွင်း၌ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုပွဲများကို နှစ်ရက်ခြား ကစားမည်ဖြစ်ပြီး မေ ၃ ရက် ညနေ ၃ နာရီတွင်

*စာမျက်နှာ ၂၁ ကော်လံ ၅* ○


တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် — စာ ၈-၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ကိုယ်စားလှယ်လောင်းများစာရင်း ယနေ့ အပြီးသတ်ကြေညာ — စာ ၁၂

နီပေါနိုင်ငံတွင် မုန်တိုင်းကြောင့် လူ ၂၅ ဦးသေဆုံးပြီး ၄၀၀ ကျော် ဒဏ်ရာရ — စာ ၁၄


## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

# မြန်မာအသင်းများယှဉ်ပြိုင်မည့် ဟောင်ကောင် ယူ-၁၈ နှင့် ယူ-၁၅ ပြိုင်ပွဲ အုပ်စုပွဲများ ထွက်ပေါ်

**ရန်ကုန် မေ ၁**

မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ဟောင်ကောင် ယူ-၁၈ နှင့် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပွဲများ ထွက်ပေါ်လာပြီဖြစ်ပြီး အသင်းလေးသင်းစီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်သည် ယူ-၁၈ ပြိုင်ပွဲနှင့် ယူ-၁၅ ပြိုင်ပွဲကို တစ်ပြိုင်နက်ကျင်းပမည်ဖြစ်ပြီး ယူ-၁၈ ပြိုင်ပွဲတွင် အိမ်ရှင်ဟောင်ကောင်၊ မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်၊ ယူ-၁၅ ပြိုင်ပွဲတွင် ဟောင်ကောင်၊ မြန်မာ၊ စင်ကာပူနှင့် မလေးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများကို မေ ၁၉၊ ၂၀၊ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ယူ-၁၈ ပြိုင်ပွဲကို နံနက်ပိုင်း၊ ယူ-၁၅ ပြိုင်ပွဲကို ညနေပိုင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယူ-၁၈ ပြိုင်ပွဲ အုပ်စုပွဲများအဖြစ် မေ ၁၉ ရက်တွင် မြန်မာနှင့် ဟောင်ကောင်၊ စင်ကာပူနှင့် ဗီယက်နမ်၊ မေ ၂၀ ရက်တွင် ဟောင်ကောင်နှင့် စင်ကာပူ၊ မြန်မာနှင့် ဗီယက်နမ်၊ မေ ၂၂ ရက်တွင် ဟောင်ကောင်နှင့် ဗီယက်နမ်၊ မြန်မာနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယူ-၁၅ ပြိုင်ပွဲ အုပ်စုပွဲများအဖြစ် မေ ၁၉ ရက်တွင် ဟောင်ကောင်နှင့် မြန်မာ၊ စင်ကာပူနှင့် မလေးရှား၊ မေ ၂၀ ရက်တွင် မြန်မာနှင့် မလေးရှား၊ ဟောင်ကောင်နှင့် စင်ကာပူ၊ မေ ၂၂ ရက်တွင် မြန်မာနှင့် စင်ကာပူ၊ ဟောင်ကောင်နှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းများသည် အိမ်ရှင်ဟောင်ကောင်အသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းကမှ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး အာရှထိပ်သီး တရုတ် ယူ-၁၉ အသင်း၊ အာဆီယံထိပ်သီး ထိုင်း၊ ဗီယက်နမ် ယူ-၁၉ အသင်းများနှင့်

*စာမျက်နှာ ၂၁ ကော်လံ ၅* ◆


မြန်မာ ယူ-၁၅ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## နေ့အပူချိန်ကြောင့် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး လေပြင်းတိုက်၊ မိုးကြိုးပစ်၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁**

"မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မေလအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး၊ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မေလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**




# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ မေ ၂၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## လုပ်ငန်းတွေကိုဝန်ကြီးဌာနက မဆောင်ရွက်တော့ဘဲ ထိန်းသိမ်းကွပ်ကဲတဲ့အဖွဲ့ ဖွဲ့စည်းပြီး နည်းပညာပိုင်းနဲ့ အရည်အသွေးပိုင်းတွေမှန်ကန်ပြည့်မီဖို့ ကြပ်မတ်ဆောင်ရွက်ဖို့စီစဉ်လျက်ရှိပြီး အဂတိကင်းရှင်းစွာနဲ့ လုပ်ငန်းတွေကိုဆောင်ရွက်သွားမှာဖြစ်ပါတယ်

**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်**







တွေ့ဆုံမေးမြန်း - ဟန်နီဝင်း၊ နိုင်လင်းကြည်

တစ်နိုင်ငံလုံး အတိုင်းအတာအရ လမ်း၊ တံတားနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်း၊ တံတား၊ မြို့ပြ ဆိုင်ရာ ရည်မှန်းချက်နှင့် တာဝန်ဝတ္တရားများမှာ ၂၀၃၀ ပြည့်နှစ် တွင် ကီလိုမီတာ ၄၂၀၀၀ ကျော်ရှိလမ်းများကို ASEAN Class III ၁၈ ပေအကျယ် ကတ္တရာလမ်း/ကွန်ကရစ်လမ်းအဆင့် အနည်းဆုံးရောက်ရှိရန်၊ တံတားအားလုံး ၂၄ ပေ အကျယ် နှစ်လမ်းသွား RC သံကူကွန်ကရစ် တံတား/ PC ကြိုတင် အားဖြည့် ကွန်ကရစ်တံတား/သံပေါင် တံတားအဆင့် အနည်း ဆုံး ရောက်ရှိရန်၊ မြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၃၀ ကျော်ကို စနစ်ကျသည့် မြို့ပြ Urban Planning အဖြစ် အကွက်ချ တည်ဆောက်ပြီးစီးသည့် မြို့များ ဖြစ်စေရန်ဖြစ်ကြောင်း သိရသည်။

တတိယ (၁)နှစ်တာကာလအတွင်း ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ လုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဒုတိယဝန်ကြီး ဦးကျော်လင်းတို့အား တွေ့ဆုံမေးမြန်းထားပါသည် -

**ဦးဟန်ဇော်**

**ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မေး ။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့လုပ်ငန်းဆောင်ရွက်ရာမှာ ချမှတ်ထားတဲ့ မူဝါဒ၊ ရည်မှန်းချက်နဲ့ တာဝန်ဝတ္တရားတွေ၊ မဟာဗျူဟာ၊ နည်းဗျူဟာတွေကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

**ဖြေ ။** ။ မူဝါဒတွေက လမ်းတွေ၊ တံတားတွေ၊ လူနေထိုင်ဖို့ အဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ တိုင်းဒေသကြီး/ပြည်နယ်တွေအလိုက် လမ်း၊ တံတားနဲ့ မြို့ပြ ဒေသတွေ အချိုးညီ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ သယ်ယူပို့ဆောင်ရေးစရိတ်ကို လျှော့ချနိုင်ဖို့၊ သွားလာမယ့်အချိန်ကိုအတိုဆုံး ဆောင်ရွက်နိုင်ဖို့အတွက် လမ်း၊ တံတားတွေ ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံသားတွေအားလုံး လူနေမှုဘဝ မြှင့်တင်စေမယ့် သင့်လျော်ကောင်းမွန်တဲ့ အိမ်ရာတွေမှာ နေထိုင်နိုင်ဖို့၊ ကျေးလက်လမ်း၊ တံတားတွေ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးပြီး ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ ဖြစ်ပါတယ်။

ဌာနရဲ့ရည်မှန်းချက်နဲ့ တာဝန်ဝတ္တရားတွေက ၂၀၃၀ ခုနှစ် မှာ ကီလိုမီတာ ၄၂၀၀၀ ကျော်ရှိတဲ့လမ်းတွေကို ASEAN Class III ၁၈ ပေအကျယ် ကတ္တရာလမ်း/ကွန်ကရစ်လမ်းအဆင့် အနည်းဆုံးရောက်ရှိဖို့၊ တံတားတွေအားလုံး ၂၄ ပေ အကျယ် နှစ်လမ်းသွား RC သံကူကွန်ကရစ် တံတား/ PC ကြိုတင်အားဖြည့်ကွန်ကရစ်တံတား/သံပေါင် တံတား အဆင့် အနည်းဆုံးရောက်ရှိဖို့ ဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၃၀ ခုနှစ်မှာ မြန်မာနိုင်ငံက

**အချပ်ပို (ခ) သို့**



ရေဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံတံတား (မကျီးချောင်း) ကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

*အချပ်ပို(က)မှ*

မြို့ပေါင်း ၃၃၀ ကျော်ကို စနစ်ကျတဲ့ မြို့ပြ Urban Planning အဖြစ် အကွက်ချ တည်ဆောက်ပြီးဖြစ်တဲ့ မြို့တွေဖြစ်စေဖို့ ဖြစ်ပါတယ်။ နောက်ပြီး ကျေးရွာတွေအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းနဲ့ နိုင်ငံတွင်း ကျေးလက်လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေးသွားလာနိုင်တဲ့ ကျေးလက်လမ်းတွေအဖြစ် အသုံးပြုနိုင်ဖို့အတွက် နှစ်စဉ်အဆင့် မြှင့်တင်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**မေး ။ ။ ကျေးလက်လမ်းတွေ အဆင့်မြှင့်တင်ဖို့နဲ့ ပတ်သက်ပြီး အသေးစိတ်လေး ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

**ဖြေ** ။ ။ ၂၀၃၀ပြည့်နှစ်မှာ မြန်မာနိုင်ငံအတွင်းက ကျေးလက်လမ်း စုစုပေါင်းမိုင် ၅၅၅၀၀ ကျော်အနက် Class A အဆင့်ရှိ လမ်းမိုင် ၂၅၆၀၀ ကျော်ကို ၁၂ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ဆောင်ရွက်သွားပါမယ်။ Class B အဆင့်ရှိ လမ်းမိုင် ၁၇၃၀၀ ကျော်ကို ၁၂ ပေ အကျယ် ကတ္တရာလမ်း/ကွန်ကရစ်လမ်း၊ ကျောက်လမ်းတွေအဖြစ် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ အလားတူပဲ Class C အဆင့်ရှိ လမ်းမိုင် ၁၂၅၀၀ ကျော်ကို ၁၂ ပေအကျယ် ကျောက်လမ်း သို့မဟုတ် အမာခံလမ်းအဖြစ် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

မဟာဗျူဟာ/နည်းဗျူဟာအနေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းတွေက နိုင်ငံတော်ရဲ့ဘတ်ဂျက်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်တာ၊ လုပ်ငန်းတွေအနက်က ဖြစ်နိုင်ခြေရှိတဲ့ လုပ်ငန်းအချို့ကို Public Private Partnership (PPP) Program စနစ်နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်တာ၊ နိုင်ငံတကာအကူအညီ Development Partner တွေဖြစ်တဲ့ JICA, ADB, WB, KOICA နဲ့ TICA စတဲ့ အဖွဲ့အစည်းတွေနဲ့ အလှူရှင်တွေရဲ့ ကူညီထောက်ပံ့ငွေ (Grant)/ ချေးငွေ(Loan)တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်တာတို့ ဖြစ်ပါတယ်။

ဥပဒေစည်းမျဉ်းတွေ ရေးဆွဲဆောင်ရွက်လျက်ရှိတဲ့ အခြေအနေတွေကိုလည်း ဖြည့်စွက်ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ ၂၀၁၆ (Myanmar National Building Code – 2016) ကို ဆောက်လုပ်ရေးဝန်ကြီးက ဦးဆောင်ပြီး UN-Habitat နဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပြီးတော့ အင်္ဂလိပ်ဘာသာနဲ့ (Myanmar National Building Code – 2016 - English Version) ကိုလည်း ပြုစုခဲ့ပါတယ်။

ဒီစည်းမျဉ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ အတည်ပြုထုတ်ဝေနိုင်ဖို့အတွက် မြန်မာဘာသာပြန်ဆိုဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးက အကြောင်းကြားလာတဲ့အတွက် မြန်မာဘာသာပြန်ဆိုခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း) နဲ့ ပတ်သက်ပြီးလည်း သိချင်ပါတယ်ခင်ဗျာ။**

**ဖြေ** ။ ။ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း)ကိုလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ပေးပို့ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်မှာ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေနဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှာ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေတွေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ထပ်မံပြင်ဆင်တဲ့ နည်းဥပဒေတွေကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

**မေး ။ ။ အခြားရေးဆွဲနေတဲ့ ဥပဒေမူကြမ်းတွေ ရှိရင်လည်း သိချင်ပါတယ်။**

**ဖြေ** ။ ။ မြေအောက်ရေ ကြီးကြပ်ထိန်းသိမ်းရေးဥပဒေ (မူကြမ်း)၊ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ (မူကြမ်း)နဲ့ အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း)တွေကို အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

အဓိက စီမံကိန်းကြီး(၄)ခုဖြစ်တဲ့ New Mandalay Resort City ကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ Eco Green City စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ Smart District အနေနဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်နဲ့ Korea - Myanmar Industrial Complex (KMIC) စီမံကိန်းကို လှည်းကူးမြို့နယ်တို့မှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေကို ရှင်းပြပေးပါဦး။**

**ဖြေ** ။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းတွေကို ဝန်ကြီးဌာနက မဆောင်ရွက်တော့ဘဲ(Regulatory Body) ထိန်းသိမ်းကွပ်ကဲတဲ့အဖွဲ့ ဖွဲ့စည်းပြီး လိုအပ်တဲ့ စည်းမျဉ်း/စည်းကမ်းတွေနဲ့အညီ နည်းပညာပိုင်းနဲ့ အရည်အသွေးပိုင်းတွေ မှန်ကန်ပြည့်မီဖို့၊ ကြပ်မတ်ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပြီး အဂတိကင်းရှင်းစွာနဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးကျော်လင်း**

**ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မေး ။ ။ ဝန်ကြီးဌာနရဲ့တတိယ (၁)နှစ်တာကာလအတွင်းမှာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး သိချင်ပါတယ် ခင်ဗျာ။**

**ဖြေ** ။ ။ ဝန်ကြီးဌာနအောက်မှာ ဦးစီးဌာန ငါးခုရှိပြီး အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ဖြစ်ပါတယ်။

အဆောက်အဦဦးစီးဌာနက ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)ရဲ့တာဝန်တွေကို တာဝန်ယူ ဆောင်ရွက်ရပါတယ်။ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီရဲ့ ဆောင်ရွက်မှုအနေနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေနဲ့ ပြည်ထောင်စုဝန်ကြီးဌာန ၂၅ ခုရဲ့ တည်ဆောက်ရေးလုပ်ငန်း ၂၉၉၁ ခုကို စိစစ်အတည်ပြုပေးခဲ့ပါတယ်။

ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (Construction Industry Development Board Law) (မူကြမ်း)ကို ရေးဆွဲလျက်ရှိပါတယ်။ ရေးဆွဲတဲ့ရည်ရွယ်ချက်က နိုင်ငံတော်ရဲ့ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားတဲ့ မူဝါဒတွေ၊ စံချိန်စံညွှန်းတွေကို တစ်ပြေးညီ ကျင့်သုံးအကောင်အထည်ဖော်နိုင်ဖို့ ဖြစ်ပါတယ်။

အဆောက်အဦဦးစီးဌာနအနေနဲ့ ရခိုင်ပြည်နယ်မှာ ပြန်လည်ဝင်ရောက်လာသူတွေအတွက် Assemble Board အလုံး ၉၀ ကို တည်ဆောက်ပြီးစီးခဲ့ပါတယ်။ Assemble Board House ၄၃ လုံးကို ကျေးရွာလေးရွာမှာ တည်ဆောက်လျက်ရှိပါတယ်။

**မေး ။ ။ ဟုတ်ကဲ့။ ဆက်ပြီး ပြောပြပေးပါခင်ဗျာ။**

**ဖြေ** ။ ။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေ၊ ပြည်ထောင်စုဝန်ကြီးဌာနတွေက အပ်နှံတဲ့ တရားလွှတ်တော်တွေ၊ ဆေးရုံကြီးတွေ၊ တက္ကသိုလ်ကောလိပ်တွေ ၃၈၄ ခု တည်ဆောက်ခဲ့ပြီး ၁၁၉ ခုကို တည်ဆောက်လျက်ရှိပါတယ်။ အရည်အသွေးထိန်းသိမ်းစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်မှုအနေနဲ့ အဆောက်အဦသုတေသန ဓာတ်ခွဲခန်းများရုံးကို အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည်ဆိုပြီး နှစ်ခုရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ခြောက်လတာကာလအတွင်းမှာ အဆောက်အဦ ဦးစီးဌာနက တာဝန်ယူဦးစီးဆောက်လုပ်တဲ့ တည်ဆောက်ရေးလုပ်ငန်း ၆၁ ခုအပြင် ကျန်တဲ့လုပ်ငန်း ၃၃ ခုတို့ရဲ့အရည်အသွေးထိန်းသိမ်းခြင်းလုပ်ငန်းတွေကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အဆောက်အဦ သုတေသနဓာတ်ခွဲခန်းများရုံး (အောက်မြန်မာပြည်)ကို ISO/IEC 17025 အသိအမှတ်ပြု လက်မှတ်ရရှိရေးအတွက် ဆောင်ရွက်နေပါတယ်။ အဆောက်အဦဦးစီးဌာနအနေနဲ့ Field Engineer's Manual နဲ့ Third Party Inspector's Manual တို့ကို ရေးဆွဲထုတ်ဝေခဲ့ပြီးဖြစ်သလို Myanmar Standards For Materials ကို ကိုရီးယားနိုင်ငံ KCL နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနရဲ့ဆောင်ရွက်မှုလည်း ဆက်ပြောပြပေးစေလိုပါတယ်။**

**ဖြေ** ။ ။ လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနအနေနဲ့ ကချင်ပြည်နယ်မှာ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းပိုင်း ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်းနဲ့ လိုအပ်တဲ့နေရာတွေမှာ ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းတွေ၊ တစ်လမ်းလုံး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းပေါ်ရှိ တီယာန်ဇွပ် တံတားနဲ့ ဒရုခတံတားတို့ကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

**မေး ။ ။ ပြည်နယ်အလိုက် လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနတွေက ဆောင်ရွက်ခဲ့မှုတွေကို ပြောပြပေးပါ ခင်ဗျာ။**



ဒုတိယဝန်ကြီး ဦးကျော်လင်း

**ဖြေ** ။ ။ ကယားပြည်နယ်မှာ တောင်ငူ - လိပ်သို -ယာဒို- လွိုင်ကော်-ဟိုပုံးလမ်း၊ တောင်ငူ-မော်ချီး- လွိုင်ကော်လမ်း၊ ဖားဆောင်း - မယ်ဆည်နန် - မယ်စဲ့ - နန်းမန်းလမ်းတွေကို အပိုင်းလိုက် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တချို့အပိုင်းတွေကို JICA ချေးငွေနဲ့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သလို လွိုင်ကော်မြို့ပေါ်က ဒေါ်နီးကူးတံတား ပေ ၂၀၀ ကိုလည်း တည်ဆောက်ပြီးစီးခဲ့ပါတယ်။

ကရင်ပြည်နယ်မှာ သထုံ - ဘားအံ - ကော့ကရိတ် - မြဝတီလမ်းကို လေးလမ်းသွား ကတ္တရာလမ်းတိုးချဲ့ခြင်းနဲ့ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းတွင် RC တံတားခုနစ်စင်း တည်ဆောက်ခြင်း၊ တောင်ငူ - လိပ်သို - ယာဒို - လွိုင်ကော် - ဟိုပုံးလမ်းနဲ့ အိန္ဒူ - ကော့ကရိတ်လမ်း လမ်းအဆင့်မြှင့်တင်ခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

သထုံ - ဘားအံ - ကော့ကရိတ် - မြဝတီ လမ်းပိုင်းမှာ BOT ကုမ္ပဏီနဲ့ ဆောင်ရွက်တဲ့ လမ်းပိုင်းတွေကို ပဲခူးတိုင်းဒေသကြီးအပိုင်းနဲ့ မွန်ပြည်နယ်အပိုင်း ဘားအံအထိ လေးလမ်းသွား တိုးချဲ့ပြီးသလို ကျန်အပိုင်းတွေမှာ ADB ချေးငွေနဲ့ အဆင့်မြှင့်တင်ဖို့ ဆက်လက်ဆောင်ရွက်ပေးနေပါတယ်။

*အချပ်ပို(ဂ)သို့*



မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ ကရုပွိ-အံခဲ-ကော့လေး-ထင်းရှူး-ကျောင်းရွာ ကျေးရွာချင်းဆက်လမ်းကို တွေ့ရစဉ်။

*အချပ်ပို(ခ)မှ*

ချင်းပြည်နယ်မှာ မုံရွာ - ပုလဲ - ဂန့်ဂေါ - ဟားခါးလမ်း၊ သိုင်းငင်း - တီးတိန်လမ်း၊ ဟားခါး - မတူပီလမ်းပိုင်းတွေကို အပိုင်းလိုက် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မတူပီ - ပလက်ဝလမ်း၊ တီးတိန် - တွန်းဇံ - ကျီခါး လမ်းပိုင်းတွေကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ ကုလားတန်တံတား(ပလက်ဝ)ကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာ ပြီးစီးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ကျန်တဲ့ပြည်နယ်တွေလည်း ဆက်ပြောပေးပါခင်ဗျာ။**

**ဖြေ** ။ ။ မွန်ပြည်နယ်မှာ သံဖြူဇရပ် - ဘုရားသုံးဆူလမ်း၊ မုဒုံ- ချောင်းနှစ်ခွ -မဲသရော - လှိုင်ကွယ်လမ်း၊ လေးကေ- ကတိုင်တိလမ်း၊ တရနာ - ဘုရားကုန်းလမ်းပိုင်းတွေကို ပြည်ထောင်စုဘတ်ဂျက်၊ JICA ချေးငွေနဲ့ပါ လမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ခဲ့သလို မွန်ပြည်နယ်အတွင်းရှိ ကျိုက်မရော- စံပယ်ဂူ- ကော့ပနော့လမ်းပေါ်ရှိ အတ္တရံမြစ်ကူး (စံပယ်ဂူ) တံတားကိုလည်း စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ ငါးသိုင်းချောင်း -ဂွ-သံတွဲလမ်းကို World Bank ချေးငွေနဲ့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ မောင်တော - ကျီးကန်းပြင် - ကြိမ်ချောင်း - အောင်သပြေ - ဗန္ဓုလလမ်း၊ မောင်တော(ကြိမ်ချောင်း) - တောင်ပြို- နယ်စပ်ခြံစည်းရိုး ချဉ်းကပ်လမ်း၊ ကျောက်ပန်းတောင်... ကျောက်ပန္ဒူ - အင်းဒင် - စေတီပြင် မေယုတောင်ကျော်လမ်း၊ ကြိမ်ချောင်း -ဂုပ္ပိ မေယုတောင်ကျော်လမ်း၊ ဥဒေါင်း - ညောင်ချောင်း မေယုတောင်ကျော်လမ်း၊ သက်ကိုင်ညာ - ပဒဂါး မေယုတောင်ကျော်လမ်း စတဲ့လေးလမ်းကို အဆင့်မြှင့်တင်ပြီး လမ်းပေါက်သွားအောင် ဆောင်ရွက်လျက်ရှိပါတယ်။

တချို့အပိုင်းတွေမှာ ကွန်ကရစ်လမ်းခင်းတာတွေ၊ တံတားတည်ဆောက်တာတွေကို လက်ရှိဆောင်ရွက်လျက်ရှိပါတယ်။ ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင်လမ်းမှာ ကွန်ကရစ်လမ်း (၈)မိုင်ခင်းခြင်း၊ ငါးသိုင်းချောင်း - ဂွ - သံတွဲလမ်းမှာ World Bank ချေးငွေနဲ့ လမ်းအဆင့်မြှင့်တင်ခြင်းတွေ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန် - စစ်တွေ လမ်းပေါ်ရှိ ဒါးလက်ချောင်းတံတား၊ တိမ်ညိုတံတား၊ မြေပုံ - မင်းပြားလမ်းပေါ်ရှိ ကြပ်စင်တံတားနဲ့ စစ်တွေမြို့ပေါ်ရှိ ဆတ်ရိုးကျတံတားတို့ကို တည်ဆောက်ပြီးစီးခဲ့ပါပြီ။ ကင်းချောင်းတံတားနဲ့ ရာမောင်တံတားတွေကို တည်ဆောက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်မှာ တောင်ငူ - လိပ်သို - ယာဒို - လွိုင်ကော်- ဟိုပုံးလမ်း၊ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းတွေကို အပိုင်းလိုက် အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ဟန်မြင့်မိုရ် - မြို့ကြီး- အောင်ပန်းလမ်း၊ တောင်ငူ - လိပ်သို - ယာဒို - ဟိုပုံးလမ်းတွေကို JICA ချေးငွေနဲ့ လမ်းအဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။

အောင်ပန်း - ပင်လောင်း - မိုးဗြဲ - လွိုင်ကော်လမ်း၊ မိုင်းပန်- မုံးထ - မုံးထော်လမ်း၊ တွင်းငယ်- မိုးမိတ်လမ်း၊ လားရှိုး - မန်စံလမ်း၊ သီပေါ - ပန်လုံ - နမ္မတူလမ်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှာ သီပေါ -ပန်လုံ - နမ့်ဆန် လမ်းပိုင်းတွေကို အပိုင်းလိုက် အဆင့်မြှင့်တင်နေသလို နမ့်ဆန်လမ်းပေါ်မှာရှိတဲ့ လေလုတံတားကို တည်ဆောက်နိုင်ခဲ့ပါတယ်။

သံလွင်မြစ်ကူးတံတားတွေဖြစ်တဲ့ မိတ္ထီလာ - တောင်ကြီး- ကျိုင်းတုံ - တာချီလိတ်လမ်းပေါ်က တာကော်တံတားနဲ့ မိုင်းတုံ- မိုင်းဆတ်လမ်းပေါ်က သံလွင်မြစ်ကူးတံတား (တာဆန်း)ကို စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။

**မေး ။ ။ တိုင်းဒေသကြီးအလိုက်လည်း သိချင်ပါတယ်။**

**ဖြေ** ။ ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ မုံရွာ - ပုလဲ - ဂန့်ဂေါလမ်း၊ ရွှေဘို - မြစ်ကြီးနားလမ်း၊ ရောင်ဟီး - ပင်လည်ဘူးလမ်း၊ သက္ကယ်ကျင်း - ဖောင်းပြင် - ဟုမ္မလင်း - ခန္တီးလမ်း၊ မုံရွာ - ပုလဲ- ဂန့်ဂေါလမ်းအစရှိတဲ့ လမ်းပိုင်းတွေကို အပိုင်းလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သလို မန္တလေး - တကောင်း - ဗန်းမော် - မြစ်ကြီးနားလမ်းကို JICA ချေးငွေနဲ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ချင်းတွင်းမြစ်ကူး တံတားကြီးတွေဖြစ်တဲ့ ချင်းတွင်းတံတား (ခန္တီး)နဲ့ ချင်းတွင်းတံတား (ဟုမ္မလင်း)တို့ကို ပြီးခဲ့တဲ့နှစ်အတွင်းမှာ အပြီးတည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီတံတားကြီးတွေ တည်ဆောက် ဖွင့်လှစ်နိုင်တဲ့အတွက် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုတဲ့ တံတားကြီးတွေ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးမှာ လေညာ - ရတနာပုံလမ်း၊ ထားဝယ် - ထီးခီးလမ်းမှာ NEDA ချေးငွေနဲ့ အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ သမုတ်လွတ်လွတ်တံတား၊ ပုလုံးတုံးတုံး တံတားနဲ့ တနင်္သာရီတံတားတို့ကို တည်ဆောက်လျက်ရှိပါတယ်။ ဒီတံတားကြီးတွေ ပြီးစီးသွားရင် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအပြင် ထိုင်းနိုင်ငံနဲ့ ကုန်သွယ်ရေးမှာပါ များစွာအထောက်အကူပြုမယ့် တံတားကြီးတွေ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးမှာ တောင်ငူ - မော်ချီး - ဒီမော့ဆိုလမ်း အဆင့်မြှင့်တင်နိုင်သလို ဒိုက်ဦး - စစ်တောင်းလမ်းမှာ JICA ချေးငွေနဲ့ အပိုင်းလိုက် အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ တောင်ငူ- လိပ်သို - ယာဒို - လွိုင်ကော် - ဟိုပုံးလမ်း၊ ပုသိမ် - မုံရွာလမ်း၊ ပဲခူး - သနပ်ပင် - ခရမ်း - သုံးခွ - သန်လျင်လမ်းတွေကို အပိုင်းလိုက် အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ စစ်တောင်းမြစ်ကူးတံတားကြီးတွေဖြစ်တဲ့ စစ်တောင်းမြစ်ကူးတံတား(ရေတာရှည်)၊ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)၊ စစ်တောင်းမြစ်ကူးတံတား (မြို့စိုး)နဲ့ တောင်ငူ - ကျောက်ကြီး - ရွှေကျင် - ဝင်းကံလမ်းပေါ်ရှိ ရွှေကျင်တံတားကြီးတွေကိုလည်း တည်ဆောက်လျက်ရှိပါတယ်။

**မေး ။ ။ မကွေး၊ မန္တလေးနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေနဲ့ ပတ်သက်ပြီး ဆက်ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ ။ မကွေးတိုင်းဒေသကြီးမှာ မုံရွာ-ပုလဲ-ဂန့်ဂေါ - ဟားခါးလမ်း၊ ဂန့်ဂေါ - ကလေးလမ်း၊ မင်းဘူး - အမ်းအပိုင်း၊ ဂန့်ဂေါ - အိုက္ကားလမ်း၊ နေပြည်တော် - တောင်ညို - မြို့သစ် - ကံပြား(မကွေး)လမ်း၊ နေပြည်တော် - တောင်ညို - ချောင်းနက်- တောင်တွင်းကြီးလမ်း၊ ပခုက္ကူ - ဆိပ်ဖြူလမ်း၊ မင်းဘူး - စလင်း- တညောင် - ဆိပ်ဖြူလမ်းအပိုင်းတွေကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သလို မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူ - ပေါက်- ထီးလင်း - ဂန့်ဂေါလမ်းပေါ်ရှိ မြစ်သာမြစ်ကူးတံတား (ဂန့်ဂေါ)ကို တည်ဆောက်ပြီးစီးခဲ့ပါပြီ။ မုန်းချောင်းတံတား (ပွင့်ဖြူ)နဲ့ ယော(ကံတွင်း)တံတား နှစ်စင်းတို့ကို တည်ဆောက်လျက်ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီးမှာ မန္တလေး-မိုးကုတ်လမ်းကို JICA ချေးငွေနဲ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး မန္တလေး - တကောင်း - ဗန်းမော်- မြစ်ကြီးနားလမ်း၊ ရန်ကုန်- ပြည် - မန္တလေးလမ်း၊ တွင်းငယ် - မိုးမိတ်လမ်းပိုင်းတွေကို အပိုင်းလိုက် အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ ညောင်ဦး - မြင်းခြံလမ်းပေါ်ရှိ ဆင်တဲဝတံတားကို တည်ဆောက်လျက်ရှိပြီး မကြာမီပြီးစီးမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ပဲခူး - သနပ်ပင် - ခရမ်း - သုံးခွ- သန်လျင်လမ်း၊ မအူပင် - တွံတေးလမ်း၊ တိုက်ကြီး - ဖောင်ကြီး- ပဲခူးလမ်း၊ အမှတ်(၇)လမ်းမကြီး(မြို့ပတ်လမ်း) တွေကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် သန်လျင်ကနေ သီလဝါကိုသွားတဲ့ သန်လျင် - သီလဝါလမ်းမကြီးကို JICA ချေးငွေနဲ့ လက်ရှိလမ်းကို အဆင့်မြှင့်တင်ခဲ့ပါတယ်။

ကော့မှူး - ဝါးဘလောက်သောက် - သရက်တော လမ်းပိုင်းတွေကို ဆောင်ရွက်နိုင်သလို ဒေါပုံကနေ ပုဇွန်တောင်သွားတဲ့ ဒေါပုံ(သာကေတ)တံတားကိုလည်း တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

**မေး ။ ။ မြန်မာ - ကိုရီးယား (ဒလ) ချစ်ကြည်ရေးတံတား၊ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) နဲ့ ကျန်တဲ့တံတားတွေနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးပါ ခင်ဗျာ။**

ဖြေ ။ ။ ကိုရီးယားနိုင်ငံ ချေးငွေနဲ့ မြန်မာ - ကိုရီးယား(ဒလ) ချစ်ကြည်ရေးတံတားကို စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။ ဂျပန်နိုင်ငံချေးငွေနဲ့ တည်ဆောက်မယ့် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃)ကိုလည်း စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။

**မေး ။ ။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပတ်သက်လို့ ဆောင်ရွက်ပေးနိုင်ခဲ့တာ၊ ဆက်လက်ဆောင်ရွက်မှာတွေကိုလည်း သိချင်ပါတယ်။**

*အချပ်ပို(ဃ)သို့*



**စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ ပြည်သာယာကြီးတံတားကို တွေ့ရစဉ်။**



**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပြည်တော်သာအိမ်ရာကို တွေ့ရစဉ်။**



ဧပြီ ၁ ရက်က ဖွင့်လှစ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော် ကားလမ်းပိုင်းရှိ ရွှေမြစ်ပေါ်၌ တည်ဆောက်ထားသော မြောင်းမြတံတားသစ်ကြီးကို တွေ့ရစဉ်။

*အချပ်ပို(ဂ)မှ*

ဖြေ ။ ။ ဧရာဝတီတိုင်းဒေသကြီးမှာ ဖျာပုံ - ကျုံကဒွန်း- ဒေါ်ငြိမ်း - အမာလမ်း၊ ဘိုကလေး - မော်လမြိုင်ကျွန်း- ကျုံမငေး - ဝါးခယ်မ - မြောင်းမြလမ်း၊ ကြိမ်ပင်ဆည် - စကြော- ခနုဖြူ - ဇလွန်လမ်း၊ ငါးသိုင်းချောင်း - ဂွ - သံတွဲလမ်း၊ ဘိုကလေး- စက်ဆန်း - ထော်ပိုင် - အမာလမ်း၊ မအူပင် - ကျိုက်လတ် - ဖျာပုံ လမ်းနဲ့ ဖို့ကုန် - ပုသိမ်လမ်းအပိုင်းတွေကို နိုင်ငံတော်ရဲ့ဘတ်ဂျက် သာမက ADB အကူအညီနဲ့ JICA ချေးငွေတို့နဲ့ပါ ဆောင်ရွက် ပြီးစီးတဲ့ အပိုင်းတွေရှိသလို ဆက်လက်ဆောင်ရွက်မယ့်အပိုင်း တွေ ရှိပါတယ်။

အလားတူပဲ ရွှေသောင်ယံတံတား (မကျီးချောင်း)ကို တည်ဆောက်ပြီးစီးခဲ့ပြီး မြောင်းမြတံတားအသစ်လည်း မကြာမီ ပြီးစီးတော့မှာ ဖြစ်ပါတယ်။ စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတား၊ ကျွန်းကုန်းတံတားနဲ့ ပုသိမ်တံတားအမှတ်(၂)တို့ကို တည်ဆောက်လျက်ရှိပြီး ရွှေလောင်းတံတား၊ ဝါးခယ်မတံတားနဲ့ လပွတ္တာ(ပင်လယ်လေး)တံတားတွေကို ကြိုးတံတားကနေ RC တံတားအဖြစ် လက်ရှိအဆင့်မြှင့်တင် တည်ဆောက်လျက် ရှိပါတယ်။

**မေး ။ ။ နေပြည်တော်ကောင်စီနယ်မြေအပိုင်းကိုလည်း ပြောပြ ပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ နေပြည်တော်ကောင်စီနယ်မြေမှာ နေပြည်တော် - တောင်ညို- မြို့သစ် - ကံပြား (မကွေး)လမ်း၊ နေပြည် တော် - တောင်ညို - ချောင်းနက် - တောင်တွင်းကြီးလမ်း၊ တပ်ကုန်းကနေ ရန်ကုန် - မန္တလေးအမြန်လမ်းကို ဆက်သွယ်တဲ့ လမ်း၊ ဘီလပ်မြေစက်ရုံ (တောင်စဉ်အေး)- နန့်လွင်စန်း - ပြဒါး ချောင်း အထက်ပေါင်းလောင်းလမ်း၊ မွန်းတည့်ခွင် -ကျည်တောင်- ခေါမ - ညောင်ပင်သာလမ်းစတဲ့ လမ်းပိုင်းတွေကို အဆင့်မြှင့်တင် ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး အဆင့်မြှင့်တင် ပေးနိုင်ခဲ့တာတွေနဲ့ ပတ်သက်ပြီးလည်း သိချင်ပါတယ်။**

**ဖြေ** ။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို အဆင့်မြှင့်တင် ပေးနိုင်ဖို့ ပြီးခဲ့တဲ့ နှစ်အတွင်းမှာ AC ခင်းခြင်းနဲ့ Chain Link တပ်ဆင်ခြင်းတွေ ဆောင်ရွက်ခဲ့တယ်။ Raised Median ကနေ Depressed Median ပြောင်းခြင်းနဲ့ Guard Rail တပ်ဆင်ခြင်းကို လုပ်ပေးနိုင်ခဲ့ပါတယ်။ ကုန်ထုတ်လမ်း တွေမှာ အမာခံလမ်းခင်းခြင်းနဲ့ Box Culvert တည်ဆောက် ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ တစ်နိုင်ငံလုံး ဆောင်ရွက်ပေးနိုင်ခဲ့တာ အရေအတွက် ရော သိရမလားခင်ဗျာ။**

**ဖြေ** ။ ။ ခြုံပြီးပြောရရင် တစ်နိုင်ငံလုံးမှာ လမ်းမိုင်အရှည် ၂၆၃၁၃ မိုင် ၄ ဖာလုံ ရှိတဲ့အနက် ကွန်ကရစ်လမ်း ၁၂၁၃ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်းအဆင့် ၁၅၈၀၆ မိုင် ၃ ဖာလုံ၊ ကတ္တရာကွန်ကရစ်လမ်းအဆင့် ၁၅၃၆ မိုင် ၂ ဖာလုံအထိ ရောက် အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ Plan ဆွဲထားတာက တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကွန်ကရစ်လမ်း ၃၉ မိုင် အဆင့်မြှင့်တင်သွားပြီး AC ကတ္တရာလမ်း ၁၃၇ မိုင် အဆင့် မြှင့်တင်သွားဖို့ရှိပါတယ်။

**မေး ။ ။ ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ဆောင် ရွက်မှုတွေလည်း ဆက်ပြောပြပေးပါဦး ။**

**ဖြေ** ။ ။ ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေ နဲ့ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက် မှာ ကွန်ကရစ်လမ်း ၁၇၅ မိုင်၊ ကတ္တရာလမ်း ၃၅ မိုင်၊ ကတ္တရာထပ် ပိုးလွှာ ၇ ဖာလုံ၊ ကျောက်ချောလမ်း ၂၀၁ မိုင်၊ ဂဝံလမ်း ၄၀၈ မိုင်၊ ကွန်ကရစ်တံတား ၁၀၆ စင်း၊ သစ်သားတံတား ၁၁ စင်း၊ ဘေလီတံတား ၄ စင်း၊ ရေကျော် ၂၂ စင်း၊ Box Culvert ပေါင်း ၄၅၉ စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ကွန်ကရစ်လမ်း ၃၁၇ မိုင်၊ ကတ္တရာလမ်း ၃၀၉ မိုင်၊ ကတ္တရာထပ်ပိုးလွှာ ၁၆ မိုင်၊ ကျောက်ချောလမ်း ၄၅၆ မိုင်၊ ဂဝံလမ်း ၈၈၄ မိုင် ဒါတွေကို တည်ဆောက်လျက်ရှိပါတယ်။ ကွန်ကရစ်တံတား ၄၅၇ စင်း၊ သစ်သားတံတား ၁၇ စင်း၊ ကြိုးတံတား ၃၇ စင်း၊ ရေကျော် ၇၃ စင်း၊ Box Culvert ၁၀၀၄ စင်းကို တည်ဆောက်ပေးလျက် ရှိပါတယ်။

**မေး ။ ။ အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ လုပ်ဆောင် နေတာတွေကိုလည်း သိပါရစေ။**

ဖြေ ။ ။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ မြို့ပြ ကဏ္ဍမှာ မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေ ရေးဆွဲ ခြင်းကို ၂၀၁၈ ခုနှစ် ဧပြီလကနေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ အထိ တစ်နှစ်တာအတွင်း နှစ်စဉ်လျာထား မြို့ပေါင်း ၆ မြို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါ တယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ Asia Development Bank(ADB), Neighboring Countries Economic Development Cooperation Agency (NEDA)၊ ကိုရီးယားနိုင်ငံ KOICA , LH ၊ ဂျပန်နိုင်ငံ MLIT, JICA စတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး မြို့ပြနဲ့ ဒေသဖွံ့ဖြိုးရေးကိစ္စ တွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အိမ်ရာကဏ္ဍအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဖိုး နည်း / တန်ဖိုးသင့် အိမ်ရာစီမံကိန်းတွေမှ အိမ်ခန်းပေါင်း ၃၃၂၂ ခန်းကို ပြည်သူတွေ နေထိုင်နိုင်ဖို့ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှာ အိမ်ခန်းပေါင်း ၆၇၆ ခန်းပါဝင်တဲ့ ဥမ္မာဒန္တီအိမ်ရာစီမံကိန်းနဲ့ အိမ်ခန်းပေါင်း ၉၆ ခန်း ပါဝင်တဲ့ ပြည်တော်သာအိမ်ရာ၊ ကရင်ပြည်နယ် ဘားအံမြို့မှာ အိမ်ခန်းပေါင်း ၄၈ ခန်းပါဝင်တဲ့ ကြာအင်းတောင်အိမ်ရာတွေကို တည်ဆောက်ရောင်းချပေးလျက်ရှိပါတယ်။

ဝန်ထမ်းတွေ နေထိုင်မှုအဆင်ပြေစေဖို့အတွက် တိုင်းဒေသ ကြီး / ပြည်နယ်တွေမှာ တိုင်းဒေသကြီး / ပြည်နယ် ဘတ်ဂျက်နဲ့ ဝန်ထမ်းအိမ်ရာ ၁၅၇ လုံး၊ အခန်းပေါင်း ၂၄၈၄ ခန်း တည်ဆောက် ပေးနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုရန်ပုံငွေနဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့မှာ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ ၂၅ လုံး အခန်း ပေါင်း ၈၆၀ ခန်းကို လက်ရှိတည်ဆောက်လျက်ရှိပါတယ်။

မြို့ပြအိမ်ရာက ရေးဆွဲထားတဲ့ လက်ရှိဆောင်ရွက်နေတဲ့ Mega Project ကြီး လေးခုရှိပါတယ်။ New Mandalay Resort City ကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှာ ဧရိယာဧက ၇၀၀၀ ခန့်မှာ Clean, Green & Smart မြို့သစ် စီမံကိန်း PPP Program အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှာ Eco Green City စီမံကိန်းကို Alliance Star Group of Companies နဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသလို Smart District အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်မှာ ဆောင် ရွက်လျက်ရှိပါတယ်။

Korea - Myanmar Industrial Complex(KMIC) စီမံကိန်းကို လှည်းကူးမြို့နယ် ညောင်နှစ်ပင်သင်တန်းကျောင်း မြေဧရိယာ ၅၅၈ ဧကပေါ်မှာ တည်ဆောက်လျက်ရှိပါတယ်။

JICA ရဲ့ ODA Two - Step Loan အိမ်ရာချေးငွေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း "Housing Finance Development Project,MY24" ရဲ့ ရည်ရွယ်ချက်က ဝင်ငွေနည်း ပြည်သူတွေ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာတွေကို သက်သာ သော အတိုးနှုန်းထားနဲ့ နှစ်ရှည်ပေးချေတဲ့စနစ်နဲ့ ဝယ်ယူနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ တန်ဖိုးသင့်၊ တန်ဖိုးနည်း အိမ်ရာဆောက်လုပ်ရောင်းချ ဖို့နဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ် ခင်ဗျာ။**

**ဖြေ** ။ ။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်းမှာ ဆောက်လုပ်ရေး ဝန်ကြီးဌာနကနေ အကောင်အထည်ဖော်ပြီးစီးခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ တန်ဖိုးနည်း၊ တန်ဖိုးသင့် အခန်းပေါင်း ၄၄၅၂ ခန်းကို ရောင်းချဖို့လျာထားပါတယ်။ ပြည်သူတွေ အိမ်ရာ ပိုင်ဆိုင်နိုင်ရေးအတွက် လိုအပ်ချက်ဖြစ်တဲ့ အိမ်ရာစုဆောင်းငွေ စနစ်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁ ရက်ကစပြီး စတင်အကောင် အထည်ဖော်ခဲ့ပါတယ်။

Housing Mortgage Loan နဲ့ ပြည်သူတွေ အိမ်ရာ ပိုင်ဆိုင်နိုင်ဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်

**အလားတူပဲ ရွှေသောင်ယံတံတား (မကျီးချောင်း)ကို တည်ဆောက် ပြီးစီးခဲ့ပြီး မြောင်းမြတံတား အသစ်လည်း မကြာမီပြီးစီးတော့မှာ ဖြစ်ပါတယ်။ စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတား၊ ကျွန်းကုန်း တံတားနဲ့ ပုသိမ်တံတားအမှတ်(၂) တို့ကို တည်ဆောက်လျက်ရှိပြီး ရွှေလောင်းတံတား၊ ဝါးခယ်မ တံတားနဲ့ လပွတ္တာ(ပင်လယ်လေး) တံတားတွေကို ကြိုးတံတားကနေ RC တံတားအဖြစ် လက်ရှိ အဆင့်မြှင့်တင် တည်ဆောက်လျက် ရှိပါတယ်။**

ဇန်နဝါရီလ ၃၁ ရက်အထိ အိမ်ရာစုဆောင်းငွေထားရှိသူ ၂၅၀၀၀ ကျော်နဲ့ ငွေ ၂၃ ဘီလီယံကျော်ကို စုဆောင်းနိုင်ခဲ့ပါတယ်။

အိမ်ရာဝယ်ယူသူ ၂၇၂၀ ကို ငွေ ၃၅ ဒသမ ၁၇ ဘီလီယံ ထုတ်ချေးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆောက်လုပ်ရေး၊ အိမ်ရာ နှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (CHID Bank) က အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို CHID Bank (Construction, Housing and Infrastructure Development Bank)အဖြစ် ရည်မှန်းချက်၊ မျှော်မှန်းချက် တွေကို တိုးမြှင့်ပြီးဆောင်ရွက်လျက်ရှိပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။